


ယိုရှိမိုတို ဘနားနား

# မီးဖိုချောင်ကလေး

ရဲမြလွင်

(ဂျပန်ဘာသာမှတိုက်ရိုက်ပြန်ဆိုသည်)



စာမူခွင့်ပြုချက် - ၆၂၆/ ၂၀၀၁(၇)
အဖုံးခွင့်ပြုချက် - ၅၄၂/ ၂၀၀၁(၇)
အတွင်းပုံနှိပ်သူ - ဦးရှိန်ဘီး၊ (၀၅၄၄၉)၊ ဝင်းလိုက်မိတ် ပုံနှိပ်တိုက်
အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် - ဦးတိုးဝင်း
နေလရောင်အော့ဖ်ဆက်
(၉၆/ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။
အတွင်းဖလင် - ငြိမ်းအေး
ထုတ်ဝေသူ - ဦးသန်းမြင့်၊ လင်းလင်းစာပေ
အမှတ် - ၄/ ၂၉၊ မြဝတီမင်းကြီးလမ်း၊
၁၀ မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အဖုံးပန်းချီ - သန်းမြင့်အောင်
အကြိမ် - ပထမအကြိမ်၊
ထုတ်ဝေသည့်လ - ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ
စာအုပ်ချုပ် - ပပစိုးနှင့်အဖွဲ့
တန်ဖိုး - ၅၀၀ ပ်
အုပ်ရေ - ၁၀၀၀

# မီးပိုချောင်ကလေး

ရဲမြလွင်

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး၊ |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး၊ |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး၊ |

**နိုင်ငံတော်ပျို့ ညီးပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်**
**ပြည်ထောင်စု သားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး။
တိကျမှန်ကန် စိတ်အားသန်
မြန်ဆန်ဆောင်ရွက် ပြည်သူ့တွက်။
သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။

**ပြည်သူ့သဘောထား**

**ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။**
**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။**
**နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။**
**ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။**

# မီးဖိုချောင်ကလေး

ဟောဒီလောကမှာ ကျွန်မ အနှစ်သက်ဆုံးနေရာကို ပြောပါဆိုရင် 'မီးဖိုချောင်' လို့ ထင်တာပါပဲရှင်။

မီးဖိုချောင်ဆိုလို့ ပြောရဦးမယ်။ ဘယ်နေရာပဲ ဖြစ်ပါစေ။ ဘယ်လိုအမျိုးအစားပဲဖြစ်ပါစေ ထမင်းတွေဟင်းတွေ ချက်တဲ့ နေရာဆိုရင် ပြီးတာပါပဲ။ တတ်နိုင်လို့ရှိရင် အသုံးများတဲ့ မီးဖိုချောင်ဆိုရင် ပိုကြိုက်ပါတယ်။ ခြောက်သွေ့သန့်ရှင်းပြီး ဖြူဖွေးတောက်ပတဲ့ ကျောက်ပြားကလေးတွေ ခင်းထားမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။

ပြောမယ်သာပြောရတယ်။ ကျွန်မကတော့ ညစ်ပေနေတဲ့ မီးဖိုချောင်ဆိုရင်လည်း သဘောကျတာပါပဲရှင်။ ကြမ်းပြင်ပေါ်မှာ ကြက်သွန်ခွံတွေ၊ ဟင်းရွက်ဖတ်တွေ ဖွာဆန်ကျဲနေပြီး၊ ဖိနပ်နောက်မြီးမှာ ချေးအထပ်ထပ်မည်းနေအောင် ကပ်နေတဲ့ မီးဖိုချောင်မျိုးဆိုရင်တောင် အခန်းက ကျယ်ကျယ်ဝန်းဝန်းရှိမယ်ဆိုရင် သဘောကျတာပါပဲ။ ကျွန်မတို့အိမ်က မီးဖိုချောင်ကတော့ အဲဒီအတိုင်းပါပဲ။ မီးဖိုချောင်ထဲမှာ ဟင်းသီးဟင်းရွက်တွေ အသားငါးနဲ့ သစ်သီးတွေ

အပြည့်ထည့်ထားတဲ့ ရေခဲသေတ္တာအိုကြီးတစ်ခု ရှိတယ်။ ပြီးတော့ ဆီချေးတွေ ပေကျံနေတဲ့ ဂက်စ်မီးဖိုကြီးတစ်လုံးရယ်၊ သံချေးတွေ တက်နေတဲ့ဓားတွေရယ် ရှိတယ်။ မီးဖိုချောင်ရဲ့ပြူတင်းကနေ အပြင်ဘက်ကို မျှော်ကြည့်လိုက်ရင်တော့ မည်းနက်နေတဲ့ ကောင်းကင်ကြီးမှာ ကြယ်ကလေးတွေဟာ တဖျတ်ဖျတ်တောက်ပနေကြတယ်။

အခုတော့ ကျွန်မအိမ်မှာ ကျွန်မရယ် မီးဖိုချောင်ရယ်ပဲ ကျန်တော့တယ်လေ။ အဲ တစ်ယောက်တည်း အထီးကျန်ဖြစ်ပြီး ကျန်ရစ်တာနဲ့ စာရင်တော့ ပိုကောင်းတယ်လို့ ထင်တာပါပဲ။

တကယ့်ကို စိတ်ရောကိုယ်ပါ မောပန်းနွမ်းဟိုက်နေတဲ့ အချိန်မျိုးမှာ မီးဖိုချောင်ဟာ ကျွန်မရဲ့အားဆေးပါပဲရှင်။ ကျွန်မလေ သေသွားရင်တောင်မှ မီးဖိုချောင်ထဲမှာပဲ သေချင်တယ်။ မီးဖိုချောင်ထဲမှာသာ သေရမယ်ဆိုရင် ကျွန်မတစ်ယောက်တည်း ချမ်းချမ်းစီးစီး သေချင်သေပါစေ။ ကျွန်မရဲ့ဘေးမှာ လူတွေက ဝိုင်းအုံ ဂရုစိုက်ပြီး နွေးနွေးထွေးထွေးသေပါစေ၊ ဘယ်လိုသေတာမျိုးဖြစ်ဖြစ် ကြိုက်တယ်။

ထာနာဘဲခွန်တို့ရဲ့အိမ်ကို မရောက်ခင်တုန်းကဆိုရင် ကျွန်မလေ နေ့တိုင်းဆိုသလို မီးဖိုချောင်ထဲမှာပဲ အိပ်နေခဲ့ရတယ်။

အိမ်ထဲက ဘယ်လိုနေရာမျိုးမှာမှ ဖြောင့်ဖြောင့်တန်းတန်း အိပ်လို့ မရဘူး။ ဒါနဲ့ ဟိုနေရာရွှေ့ဒီနေရာရွှေ့နဲ့ နောက်ဆုံးမှာတော့ မီးဖိုချောင်ထဲက ရေခဲသေတ္တာဘေးမှာပဲ မိုးလင်းခဲ့ရတာပါပဲ။ ကျွန်မ နာမည်အပြည့်အစုံက ဆာကူရအီမိခယေ်ပါ။ ကျွန်မ မိဘနှစ်ပါးစလုံး



ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ဆုံးသွားခဲ့ကြတယ်။ ဒါကြောင့်မို့ အဘိုးအဘွားတွေရဲ့လက်ထဲမှာပဲ ကြီးပြင်းလာခဲ့ရတာပေါ့။ ကျွန်မ အလယ်တန်းကျောင်းကိုရောက်တော့ အဘိုးက ဆုံးသွားပြန်တယ်။ ဒီလိုနဲ့ပဲ ကျွန်မနဲ့ အဘွားနှစ်ယောက်တည်း ကျန်ခဲ့ရတာပေါ့လေ။

မနေ့ကတစ်ခါ အဘွားပါ ထပ်ဆုံးသွားပြန်တယ်။ ဘဝဆိုတာ အတော့်ကို အံ့သြဖို့ကောင်းတာပါပဲရှင်။

ကျွန်မတို့မိသားစုဆိုတာကလည်း ဘာမဟုတ်တဲ့ အချိန်အတောအတွင်းမှာ တစ်ယောက်ပြီးတစ်ယောက် ပြုတ်ပြုတ်ပြုန်းသွားကြပြီ။ ကျွန်မတစ်ယောက်တည်းကျန်တော့ပါလားလို့ တွေးမိတဲ့အခါ လောကကြီးတစ်ခုလုံးဟာ မျက်လှည့်ပြနေသလားလို့တောင် ထင်လာမိတော့တယ်။

ကိုယ်မွေးဖွားရာအခန်းကလေးထဲမှာ အချိန်တွေဟာ တဖြုတ်ဖြုတ်နဲ့ ကုန်ဆုံးသွားကြပြီး ကျွန်မတစ်ယောက်တည်း ကျန်တော့ပါလားလို့ တွေးမိတဲ့အခါ ရင်ထဲမှာ ထိတ်ခနဲ ခံစားလိုက်မိတယ်။

တကယ့်ကို စိတ်ကူးယဉ်အိပ်မက်ဆန်လွန်းလှပါတယ်ရှင်။

အဘွားအသုဘချပြီး ၃–ရက်မြောက်နေ့မှာတော့ ကျွန်မရင်ထဲမှာ ဟာပြီး ကျန်ရစ်ခဲ့တယ်။

ရင်ထဲမှာသာ ဟာပြီး ကျန်ရစ်ခဲ့တယ်၊ မျက်ရည်တွေက ခန်းကုန်လို့ တစ်စက်မှ ဆက်မထွက်တော့ဘူး။ ဝမ်းနည်းပူဆွေးမှုနဲ့ အတူ မျက်လုံးတွေကလည်း ငိုက်မြည်းလာကြတယ်။ ဒါနဲ့ အလင်း

ရောင်ရတဲ့ မီးဖိုချောင်ထဲမှာပဲ မွေ့ယာကို ခင်းပြီး အိပ်လိုက်ရတယ်။ ကြွက်ကြွက်နဲ့ အော်မြည်နေတဲ့ ရေခဲသေတ္တာရဲ့အသံကလေးကသာ ကျွန်မရဲ့ အထီးကျန်စိတ်ကို နှစ်သိမ့်အားပေးနေခဲ့တယ်။ ဒီလိုနဲ့ပဲ ရှည်လျားလှတဲ့ ညကာလတွေ ကုန်ဆုံးသွားပြီး အရုဏ်ကျင်းလို့ လင်းလာခဲ့တော့တယ်။

ကျွန်မရဲ့ခေါင်းထဲမှာက ကြယ်တွေအောက်မှာအိပ်ပြီး နံနက်ခင်း နေရောင်ခြည်နွေးနွေးနဲ့အတူ နိုးထလာချင်တာလောက်ပဲ သိတော့တယ်။ အဲဒီအသိကလွဲလို့ တခြားဘာဆိုဘာမှ သတိမရတော့ဘူး။

ဒါပေမဲ့ ဒီအတိုင်းဆက်နေလို့က မဖြစ်တော့ဘူးလေ။ ဆိုးဝါးပြင်းထန်လှတဲ့ လူ့ဘဝကို ကျွန်မ ဆက်ပြီး ရင်ဆိုင်ရဦးမယ်။

အဘွားက ကျွန်မအတွက် ငွေကြေးအနည်းအကျဉ်း ချန်ရစ်ခဲ့တာကတော့ မှန်ပါတယ်။ ဒါပေမဲ့ ဒီအခန်းမှာ တစ်ယောက်တည်း ဆက်နေဖို့ဆိုတာက ကျယ်လွန်းတယ်။ ပြီးတော့ အခန်းငှားခကလည်း များလွန်းတယ်။ ဒါကြောင့်မို့ အခြားအခန်းတစ်ခန်းကို ဆက်ရှာရဦးမယ်။

မတတ်သာတဲ့အဆုံး ပွဲစားရှာပြီး၊ အခန်းတွေကို စုံစမ်းကြည့်လိုက်တော့ ကျွန်မနဲ့သင့်တော်လိုက်ဖက်မဲ့အခန်းကို တော်တော်နဲ့ ရှာမရဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရရာအခန်းကိုရွှေ့ဖို့ စဉ်းစားလိုက်ပြန်တော့ ခေါင်းထဲမှာ မူးဝေ နောက်ကျိလာပြန်တယ်။ အိမ်ပြောင်းဖို့ ရွှေ့ဖို့ ဆိုတာကတော့ ကျန်းမာမှ အားရှိမှ ဖြစ်တာမဟုတ်လား။



ကျွန်မက ကောင်းကောင်းလည်း နေမကောင်းချင်ဘူး။ နေ့ရော ညပါ မီးဖိုချောင်ထဲမှာပဲ အိပ်နေခဲ့လို့လား မပြောတတ်ဘူး။ အရိုးအဆစ်တွေကလည်း ကိုက်ခဲနေတယ်။ ဒီလိုအခြေအနေမျိုးနဲ့ ဘယ်လိုလုပ်ပြီး အခန်းသစ်ကို သွားရှင်းရမှာလဲ။ အိမ်ထောင်ပရိဘောဂပစ္စည်းတွေကို ဘယ်လိုသယ်လို့ တယ်လီဖုန်းလိုင်းအသစ်ကို ဘယ်လိုဆင်ရမှာလဲ။

အဲဒီလို တစ်ယောက်တည်း အားငယ်ပြီး လဲနေတဲ့အချိန်မှာ ပင်လယ်ထဲမှာ ရေနစ်နေတုန်း မေခလာနတ်သမီးကို ကူညီမဲ့သူတစ်ယောက် ဘွားခနဲ ပေါက်လာတဲ့ အဲဒီညနေခင်းကိုတော့ ကျွန်မ ဘယ်တော့မှ မေ့လို့ရနိုင်တော့မှာ မဟုတ်ပါဘူးရှင်။

"ကလင်– ကလင်– ကလင်"

တံခါးဝမှာ တပ်ဆင်ထားတဲ့ လူခေါ်ခေါင်းလောင်းက ရုတ်တရက် ထပြီး မြည်လာတယ်။

မှိုင်းမှုန်ဖြာဝေနေတဲ့ နွေဦးရဲ့ဆည်းဆာညနေခင်းအချိန်မှာပေါ့။ ကျွန်မ အိမ်ခန်းရှာပေးတဲ့ပွဲစားမကြီး ရောက်လာတာပဲ အထင်နဲ့ အိပ်ရာထက်က အပြေးကလေးထပြီး တံခါးကို သွားဖွင့်ပေးလိုက်တယ်။ တံခါးဝမှာ ထနာဘဲယူးအီကျိုက မားမားကြီးရပ်နေတာကို တွေ့လိုက်ရတယ်လေ။ ဒါနဲ့ ကျွန်မက–

"အသုဘနေ့က အစစအရာရာ ကူညီခဲ့တာ ကျေးဇူးပါပဲရှင်" လို့ ပြောလိုက်တယ်။

ယူးအိကိုဆိုတာက အဘွားအသုဘနေ့တုန်းက အစစအရာရာ လိုက်ပြီး ကူညီလုပ်ကိုင်ပေးရှာတဲ့ လူငယ်ကလေးတစ်ယောက်လေ။ သေသေချာချာ မေးကြည့်လိုက်တော့ သူလည်း ကျွန်မတက်နေတဲ့ တက္ကသိုလ်မှာ အတူတူတက်နေတာပဲဆိုတာ သိလိုက်ရတယ်။

"မဟုတ်တာဗျာ။ ကျေးဇူးတင်ဖို့ မလိုပါဘူး" သူက အဲဒီလို ပြန်ပြောတယ်။

"ရှေ့ဆက်ပြီး နေရမယ့်နေရာကို ရှာတွေ့ပြီလား"

"ဟင့်အင်း။ လုံးဝရှာလို့မရသေးဘူး"

ကျွန်မက ပြုံးရယ်ရင်း ပြောပြလိုက်တယ်။

"ထင်တော့ ထင်သား"

"အိမ်ပေါ်တက်ပြီး လက်ဖက်ရည်သောက်ပါဦးလား"

"နေပါစေတော့ဗျာ။ တခြားသွားစရာရှိသေးတယ်။ လမ်းကြုံလို့ ဝင်လာမေးတာ"

သူကပါ ပြန်ပြုံးပြတယ်။

"နောက်ပြီးတော့ ပြောစရာလေးလည်း ရှိတာနဲ့၊ ကျွန်တော့် အမေနဲ့ တိုင်ပင်ထားတာ တစ်ခုရှိတယ်။ အချိန်ရရင် ကျွန်တော်တို့အိမ် ကို ခဏလောက် လာခဲ့ပါလား"

"အယ်"

ကျွန်မက တအံ့တသြယောင်ရမ်း၍ ပြန်ပြောလိုက်မိတယ်။



"ဘယ်လိုဖြစ်ဖြစ် ဒီနေ့ည ၇–နာရီ၊ ကျွန်တော်တို့အိမ်ကို ခဏလာခဲ့ပါလား။ ဒီမှာ မြေပုံ"

"ဟုတ်–ဟုတ်ကဲ့"

ကျွန်မက ယောင်အမ်းအမ်းနဲ့သူပေးတဲ့မြေပုံကို လှမ်းယူလိုက်မိ တယ်။

"ဆက်ဆက်လာဖြစ်အောင်လာနော်။ ကျွန်တော်နဲ့အမေက မိခင်ယ်အလာကို ကြိုပြီး ခပျော်နေကြတာ"

သူက အဲဒီလို ပြောပြီး ရယ်လိုက်ပြန်တယ်။ သူ့ရဲ့ပြုံးရယ်မှုက ကြည်လင်လတ်ဆတ်လွန်းနေလေတော့ ကျွန်မရဲ့မျက်လုံးတွေက တံခါးဝမှာ ရပ်နေတဲ့ သူရဲ့မျက်ဝန်းကြီးတွေဆီကနေ တော်တော်နဲ့ခွာလို့ မရဘူး။ ရုတ်တရက် အညှို့ခံထားလိုက်ရသလိုပါပဲ။

"ဟုတ်ကဲ့၊ ဒါဆို ကျွန်မ လာခဲ့ပါ့မယ်"

ကျွန်မဖြင့် သရဲတစ္ဆေက လူပြုံစားနေသလား အောက်မေ့လိုက်မိ တယ်။ ဒါပေမဲ့ သူ့ရဲ့ပုံစံကို ကြည့်ရတာ အေးဆေးတည်ငြိမ်နေတာမို့ သူ့ကို ယုံချင်သလိုလို ဖြစ်လာမိတယ်။ ရေနစ်သူအဖို့ အားကိုးစရာ ကောက်ရိုးတစ်မျှင်ကို တွေ့လိုက်ရသလိုလည်း ခံစားမိလိုက်တယ်။

" ကဲ ဒါဆို သွားလိုက်ဦးမယ်နော်"

သူက ပြုံးပြုံးကြီး လုပ်ပြီး နှုတ်ဆက်ကာ ထွက်သွားပေါ့တယ်။

တကယ်တော့ အဘွား အသုဘအခမ်းအနားမတိုင်မီအထိ သူ့ကို ကျွန်မ လုံးလုံး မသိခဲ့ဘူး။ အသုဘနေ့က ရုတ်တရက်အိမ်ကို သူပေါက်ချလာတော့ အဘွားရဲ့ ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်မှာပဲလေလို့ အောက်မေ့လိုက်မိတယ်။ အဘွားရဲ့ဓာတ်ပုံနဲ့ အရိုးပြာအိုးရှေ့မှာ ထိုင်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်တွေကို ထွန်းညှိရင်း သူ ရှိုက်ကြီးတငင် ငိုနေခဲ့တယ်။ သူ့လက်တွေကလည်း တဆတ်ဆတ်တုန်နေတဲ့အပြင် အဘွားရဲ့ဓာတ်ပုံကို တွေတွေကြီး ကြည့်ပြီး မျက်ရည်တွေ တတွေတွေ စီးကျနေရှာတယ်။

ကျွန်မက သူ့အဖြစ်ကို ကြည့်ပြီး မြေးအရင်းဖြစ်တဲ့ငါဟာ သူ့လောက်မှ အဘွားကို ချစ်မှချစ်ရဲ့လား မသိဘူးလို့တောင် ကိုယ့်ကိုယ်ကို သံသယဝင်ခဲ့မိတယ်။ သူ့ကို ကြည့်ရတာ အဲဒီလို တွေးရမလောက် ဆွေးနေခဲ့တယ်လေ။

အဲဒီနောက် လက်ကိုင်ပဝါနဲ့ သူ့မျက်နှာကို အုပ်ပြီး "လိုတာရှိရင် ခိုင်းပါဗျာ"လို့ ငိုရှိုက်ရင်း ပြောလာတယ်။ သူဟာ ပြောတဲ့အတိုင်းပဲ အသုဘအခမ်းအနားမှာ အစစအရာရာ လိုလေသေးမရှိအောင် ကူညီပေးခဲ့ရှာတယ်။

"ထာနာဘဲ-ယူးအိကျိ"

အဲဒီနာမည်ကို အဘွား ဘယ်တုံးက ပြောခဲ့တာပါလိမ့်လို့ ပြန်တွေးကြည့်ပေမဲ့ တော်တော်နဲ့စဉ်းစားလို့ မရခဲ့ဘူး။ နောက်မှ သတိရလာတယ်။



သူက အဘွား အမြဲတမ်း သွားသွားဝယ်နေတဲ့ ပန်းဆိုင်မှာ အချိန်ပိုင်းအလုပ်လုပ်နေခဲ့တာပဲ။ "ပန်းဆိုင်ကကောင်လေးက သိပ်ခင်ဖို့ကောင်းတာပဲ။ သူ့နာမည်က ထာနာဘဲခွန်တဲ့...။ ဒီနေ့လည်း ထာနာဘဲခွန်က ပန်းပွင့်တစ်ပွင့် အဆစ်ပေးလိုက်သေးတယ်။" ခုလို အဘွားနှုတ်ဖျားက တဖွဖွပြောနေခဲ့တာကို ရုတ်တရက် ပြန်ပြီး အမှတ်ရလာမိတယ်။ အဘွားက ပန်းဆိုရင် သိပ်ကြိုက်တယ်။ ညှိခန်းမှာသာမကဘဲ မီးဖိုချောင်ထဲမှာပါ ပန်းအိုးတွေ ထိုးတတ်တာမို့ တစ်ပတ်မှာ အနည်းဆုံး နှစ်ကြိမ်လောက်တော့ ပန်းဆိုင်ကို ရောက်ဖြစ်တယ်။ အဲဒီလို ဆက်တွေးမိတဲ့အခါ တစ်ခါတုံးက အဘွားနောက်ကနေ သူ မြေစိုက်ပန်းအိုးကြီးတစ်အိုးပိုက်ပြီး အိမ်ကို လိုက်လာတာကို ပြန်ပြီး အမှတ်ရလာတယ်။

သူက ခြေတံလက်တံရှည်ရှည် အရပ်မြင့်မြင့်၊ မျက်နှာက မိန်းမချောချောတဲ့ လူငယ်တစ်ယောက်ပဲ။ အတွင်းစိတ်က ဘယ်လိုနေမှန်း မသိရပေမဲ့ လူပုံကို အကဲခတ်ကြည့်ရတာကတော့ ပန်းဆိုင်မှာ ကြိုးကြိုးစားစား လုပ်မဲ့ပုံပါပဲ။ သူ့ကို သိကျွမ်းရတာ မကြာသေးပေမဲ့ သူ့ပုံစံက အေးအေးဆေးဆေးနဲ့ ဘာမှ မပြောင်းလဲဘူး။ လူပုံ အေးသလောက် စကားပြောကလည်း ချိုသာတယ်။ သူ့ကို ကြည့်ရတာ လောကထဲမှာ တစ်ယောက်တည်းရှင်သန်နေရတဲ့ ပုံစံမျိုး ပေါက်နေတယ်။

တစ်နည်း ပြောရရင်တော့ သူ့အကြောင်းကို ကျွန်မ ဒီလောက်ပဲ သိတယ်။ လက်ရှိအခြေအနေအရ သူနဲ့ကျွန်မက တစိမ်းသာသာပဲ ရှိသေးတယ်လေ။

ညပိုင်းရောက်တော့ မိုးတွေ ရွာချလာတယ်။ တဖွဲဖွဲရွာချနေတဲ့ နွေးထွေးတဲ့ မိုးရေစက်တွေနဲ့အတူ မှိုင်းပြာရီဝေနေတဲ့ မြို့လမ်းမကြီးရဲ့အလယ်မှာ ကျွန်မဟာ သူပေးသွားတဲ့မြေပုံကိုကိုင်ပြီး တစ်ယောက်တည်း လျှောက်လှမ်းနေမိခဲ့တယ်။ ထာနာဘဲရဲ့အိမ်က ကျွန်မတို့အိမ်ဘေးက ဇဟိုရ်ပန်းခြံကြီးရဲ့ တစ်ဖက်စွန်းမှာ ရှိနေတယ်။ ညရဲ့စိမ်းရွှေရွှေ အနံ့တွေကလည်း နှာခေါင်းထဲကို ထောင်းခနဲ တိုးဝင်လာကြတယ်။ စိုစွတ်ပြီး မီးရောင်ကြောင့် လိမ္မော်ရောင်တောက်နေတဲ့ ကတ္တရာလမ်းအတိုင်း ကျွန်မဟာ စမ်းတဝါးဝါး လျှောက်လာခဲ့မိတယ်။

အမှန်အတိုင်း ပြောရရင် ထာနာဘဲစံက တကူးတက လာခေါ်လို့သာ လိုက်လာခဲ့ရတာ ဖြစ်ပေမဲ့ စိတ်ထဲမှာတော့ ဘယ်လိုမှ ကြိုပြီး စဉ်းစားထားတာ မဟုတ်ဘူးလေ။ သူတို့နေတဲ့ ကွန်ဒိုမီနီယံ အဆောက်အအုံကြီးကလည်း အတော့်ကို မြင့်တယ်။ ထာနာဘဲတို့ အခန်းရှိတဲ့ ၁၀–ထပ်ကနေ ကြည့်လိုက်ရင် ညရှုခင်းဟာ အတော့်ကို ကြည့်လို့ကောင်းမှာပဲလို့ တွေးလိုက်မိတယ်။

ဓာတ်လှေကားက ထွက်ပြီး ဝရန်တာတစ်လျှောက် ခြေကို ဖွဖွ' လျှောက်လာရင်း သူတို့အခန်းရှေ့က လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်တယ်ဆိုရင်ပဲ တံခါးက ချက်ချင်းပွင့်လာပြီး ယူးအိကို ထွက်လာတယ်။

ပြီးတော့“ကြွပါခင်ဗျာ”လို့ ခရီးဦးကြိုပြုတယ်။ ကျွန်မလည်း မဝံ့မရဲနဲ့ သူ့နောက်က လိုက်ပြီး ဝင်လာမိတယ်။ သူတို့အခန်းက



သိပ်ခမ်းနားတာပဲ။ ကျွန်မအဖို့ အခန်းထဲ ဝင်ဝင်ချင်း မီးဖိုခန်းနဲ့ ဆက်နေတဲ့ ဧည့်ခန်းနံရံနားမှာ ခင်းထားတဲ့ဆိုဖာကြီးကို မျက်စိကျမိတယ်။ အမှန်တော့ အဲဒီဆိုဖာကြီးရှိတဲ့နေရာမှာ အိုးခွက် ပန်းကန်တွေ ထည့်ထားတဲ့မှန်ဗီရို၊ ဒါမှမဟုတ် စားပွဲကြီးကြီးတစ်ခု ခင်းထားသင့်တာပေါ့။ ကော်ဇောကြီးဖြစ်ဖြစ် ခင်းထားသင့်တာပေါ့။ ဒါပေမဲ့ ဆိုဖာကြီးက အခန့်သားနေရာယူနေတယ်လေ။ တောက်ပတဲ့ အညိုရောင်ကတ္တီပါစနဲ့ ချုပ်ထားပြီး မိသားစုတစ်ခုလုံး တီဗွီထိုင်ကြည့်နိုင်လောက်တဲ့ဆိုဖာကြီးပါပဲရှင်။ အခန်းပြူတင်းပေါက်ကနေ ဝရန်တာဘက်ကို ကြည့်လိုက်တော့ ပန်းအိုးတွေကို တန်းစီ စိုက်ထားလိုက်တာ တောအုပ်ကလေး ကျနေတာပဲ။ ရနိုင်သမျှ နေရာအနှံ့မှာ ချစိုက်ထားတဲ့ ပန်းအိုးတွေမှာတော့ အရောင်အသွေး အမျိုးမျိုးရှိတဲ့ ရာသီပန်းတွေက အစီအရီ ပွင့်နေကြတယ်။

“မကြာခင် မာမီဆိုင်က ခဏထွက်လာပါလိမ့်မယ်။ မာမီ မလာခင် အခန်းထဲမှာ လျှောက်ကြည့်ကြတာပေါ့။ ပစ္စည်းတွေထားတာ အဆင်မပြေရင်လည်း အကြံပေးလို့ ရတာပေါ့”

လက်ဖက်ရည်ငှဲ့ရင်း ယူးအိကိုက ပြောလာတယ်။

“ကျွန်မက ဘာကို အကြံပေးရမှာလဲ”

နူးညံ့ပျော့ပျောင်းလှတဲ့ဆိုဖာကြီးပေါ်မှာ ထိုင်ချလိုက်ရင်း ကျွန်မက မေးလိုက်တယ်။

"ဪ–အိမ်တစ်အိမ်ရဲ့ အိမ်သာကို ဝင်ကြည့်ရင် အဲဒီအိမ်ရှင်ဟာ ဘာကို နှစ်သက်တယ်။ ဘာကို ဝါသနာပါတယ် ဆိုတာကို သိနိုင်တယ်ဆိုတဲ့ အဆိုကလည်း ရှိတယ်မဟုတ်လား"

သူကတော့ စံပါပဲရှင်။ ပြောစရာရှိတာကို ဟောဟောဒိုင်းဒိုင်း ရယ်ရယ်မောမော အတော်ပြောတတ်တယ်။

"ဒါဆို မီးဖိုချောင်ကို ကြည့်ချင်ပါတယ်"လို့ ကျွန်မက ပြောလိုက်တယ်။ သူက "ကြည့်ပါဗျာ...မီးဖိုချောင်က ဒီနေရာမှာပါ။ လွတ်လွတ်လပ်လပ် ကြည့်နိုင်ပါတယ်"လို့ပြန်ပြောတယ်။

ကျွန်မလည်း လက်ဖက်ရည်ငုံ့နေတဲ့ သူ့ရဲ့ကျောဘက်ကို ကျော်ပြီး မီးဖိုချောင်ထဲကို ဝင်ကြည့်လိုက်မိတယ်။ အကောင်းစား ကျွန်းပါကေးပြားတွေနဲ့ ခင်းထားတဲ့ ပြောင်ချောနေတဲ့ကြမ်းပြင်၊ အကောင်းစားခြေသုပ်ဖိနပ်၊ မီးဖိုချောင်သုံးပစ္စည်းများကို လိုလေသေး မရှိအောင် သပ်သပ်ရပ်ရပ်စီပြီး ထည့်ထားတဲ့ ဗီရို။ စုံလို့ပါပဲရှင်။ ပြီးတော့ ငွေရောင်တဖိတ်ဖိတ်တောက်နေတဲ့ ဒယ်အိုးကြီးနဲ့ ဂျာမဏီလုပ် သဘော်ခြစ်နဲ့ အခွဲခွာစားတွေကိုလည်း တွေ့ရတယ်။ ကျွန်မအဘွား ဆိုရင် အဲဒီလိုစားမျိုးနဲ့ အာလူးအခွံခွာရတာကို သိပ်သဘောကျတာ။ ပန်းကန်တွေဆိုရင်လည်း စုံနေတာပဲ။ ထမင်းပေါင်းထည့်စားတဲ့ ပန်းကန်၊ အကြော်ထည့်တဲ့ပန်းကန်၊ ဟင်းရွက်သုပ်ပန်းကန်၊ ပန်းကန်ကြီး၊ ပန်းကန်ငယ်၊ ပုံစံအမျိုးမျိုးပဲ။ ယူးအိကျိရဲ့ ခွင့်ပြုချက်အရ ရေခဲသေတ္တာကိုဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ စားစရာတွေမှ ပြည့်လျှံနေတာကို တွေ့လိုက်ရတယ်။



ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျွန်မလည်း တစ်ခုပြီးတစ်ခု လိုက်ကြည့်နေမိတယ်။ မီးဖိုချောင်ကလေးက အတော်ကို ကောင်းတယ်။ ကျွန်မတော့ ဒီမီးဖိုချောင်ကလေးကို မြင်မြင်ချင်း ကြိုက်သွားပြီး ဆိုဖာဆီ ပြန်လှည့်လာပြီး ထိုင်လိုက်တော့ ယူးအိကျိက လက်ဖက်ရည် ကြမ်းပူပူတစ်ခွက် လာချပြီး ဧည့်ခံတယ်။

တစ်ခါမှ မရောက်ဖူးသေးတဲ့အိမ်မှာ အခုလို သူစိမ်းသာသာ လူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်နေရတာ သိပ်ပြီး အနေရကျပ်တာပဲ။ အားငယ်သလိုလိုလည်း ခံစားလာရတယ်။

မိုးတိမ်မိုးသားတို့ကြောင့် အမှောင်ရိပ်တွေ လွှမ်းနေတဲ့ ပြူတင်းပေါက်မှန်ချပ်ထဲက ကိုယ့်အရိပ်ကိုပဲ ပြန်ပြီးငေးကြည့်နေမိတယ်။

လောကအလယ်မှာ ဆွေနီးမျိုးစပ်ဆိုလို့ တစ်ယောက်မှ မကျန်ရစ်ဘဲ လူလွတ်စိတ်လွတ် သွားချင်ရာသွားနိုင်တဲ့ ကိုယ့်ဘဝကိုတော့ ကျေနပ်သလိုလို ဖြစ်မိပါရဲ့။

ဒီလောက်ကျယ်ပြောလှတဲ့ကမ္ဘာကြီးရယ်၊ ဒီလောက် နက်ရှိုင်းလှတဲ့အမှောင်ထုရယ်ကို ကျွန်မအဖို့ အခုမှပဲ ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားရတော့တယ်။ အရင်တုံးကဆိုရင် ဒီကမ္ဘာလောကကြီးကို မျက်လုံးတစ်ဖက်တည်းဖွင့်ပြီး ကြည့်နေခဲ့ရသလိုပဲ ခံစားခဲ့ရတယ်။

"ဘာကိစ္စရှိလို့ ကျွန်မကို ခေါ်ရတာပါလဲရှင်"

ကျွန်မက မေးလိုက်တယ်။

"အခက်အခဲတွေ့နေမယ် ထင်လို့ပါ"

သူက မျက်လုံးကလေးကိုမှေးပြီး ကြင်ကြင်နာနာ ပြောလာတယ်။

"ခင်ဗျားရဲ့အဘွားနဲ့ကလည်း သိပ်ပြီး ခင်ခဲ့ကြတာလေ။ ပြီးတော့ ကျွန်တော့်အိမ်မှာက နေရာလွတ်တွေ အများကြီး ရှိနေတယ်။ ဟိုအိမ်က ဖယ်ပေးရတော့မယ် မဟုတ်လား"

"ဒါကြောင့် ကျွန်မကို ဒီကိုလာနေဖို့ ဖိတ်ခေါ်ခဲ့တာလားရှင်"

"ဟုတ်တယ်လေ။ ဒီအိမ်က နေရာတစ်ခုခုကိုသုံးပြီး နေမယ်ဆိုရင်လည်း ရပါတယ်"

သူကတော့ ဟန်မပျက် အေးအေးဆေးဆေးဆိုလာတယ်။

သူ့သဘောထားကို အကဲခတ်ရတာက အပူတပြင်းလည်းမနိုင်။ အေးတိအေးစက်သဘောမျိုးလည်း မဟုတ်ဘဲ မပိုမလို တည်တည်ငြိမ်ငြိမ် ဖြစ်နေတယ်။ ကျွန်မအဖို့ အလိုလိုနေရင်း ဝမ်းနည်းလာပြီး ငိုချင်စိတ် ပေါက်လာတယ်။

ပြီးတော့ ရုတ်တရက် တံခါးက ကျွီခနဲ ပွင့်လာပြီး မိန်းမချော တစ်ယောက် ရေးကြီးသုတ်ပြာ အခန်းထဲကို ဝင်လာတာက အဲဒီအချိန်မှာပဲ။ ကျွန်မလည်း အတော့်ကို အံ့ဩသွားပြီး ပါးစပ်အဟောင်းသားနဲ့ငေးကြည့်နေမိတယ်။ ကျွန်မထက် အသက်နည်းနည်း ပိုကြီးပုံရပေမဲ့ အဲဒီမိန်းမက အတော့်ကို လှတယ်။ ရှိုးကျကျ ဝတ်ဆင်ထားပြီး



မိတ်ကပ်တွေကို ထူပိန်းနေအောင် လိမ်းထားတာကို ကြည့်တာနဲ့ အဲဒီအမျိုးသမီးရဲ့အလုပ်ဟာ ညအချိန်မှာပဲဆိုတာကို ချက်ချင်းရိပ်စားမိလိုက်တယ်။

"ဒါ ဆာကုရအီ- မိခယ်စံလေ"

ယူးအိကျိက ကျွန်မကို မိတ်ဆက်ပေးတယ်။ အဲဒီအမျိုးသမီးက အသက်ကို ပြင်းပြင်းရှူရင်း အတန်ငယ်မောပန်းလာတဲ့ လေသံမျိုးနဲ့

"တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"လို့ နှုတ်ဆက်ပြီး ပြုံးပြတယ်။

"အန်တီက ယူးအိကျိရဲ့အမေပါ။ အဲရီကိုလို့ ခေါ်ပါတယ်"

ဟယ်- ဒါက အမေတဲ့လားဆိုတဲ့ အံ့ဩမှုမျိုးနဲ့ ကျွန်မဟာ အဲဒီအမျိုးသမီးဆီက မျက်နှာကို ခွာမရအောင် ဖြစ်နေမိတယ်။ ဆံပင်ကုပ်ဝဲချပြီး အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်နဲ့ နှုတ်ခမ်းလွှာနှစ်ချပ်ကလည်း နှင်းဆီဖတ်ကလေးတွေလို တွဲကျနေကြတယ်။ တစ်ကိုယ်လုံးခြုံကြည့်ရင် အချိုးအစားကျနတဲ့အပြင် ဆန်းကြယ်လှပတဲ့အဝတ်အစားတွေကို ဝတ်စားထားပြန်တော့ လူမှဟုတ်ရဲ့လားလို့တောင် သံသယဝင်လာမိခဲ့တယ်။ ဒီလောက်လှတဲ့ အမျိုးသမီးမျိုး တစ်ခါမှ မမြင်ဖူးဘူး။

ကျွန်မကတော့ အားမနာပါးမနာ ခပ်ရဲရဲကြီး ငေးစိုက်ကြည့်နေပြီးမှ "တွေ့ရတာ ဝမ်းသာပါတယ်ရှင်"လို့ပြန်ပြီး မိတ်ဆက်လိုက်ရတယ်။ ခဏကြာမှ ပြန်ပြီးပြုံးပြဖို့ သတိရလာတယ်။

"ကဲ–ကဲ မနက်ဖြန်ကစပြီး ဒီကို "ပြောင်းလာပေါ့ကွယ်"

ထိုအမျိုးသမီးက ကျွန်မကို ကြည့်ပြီး ကြင်ကြင်နာနာ ပြောလာတယ်။ ပြီးမှ ယူးအိကျိုဘက်ကို လှည့်ပြီး–

"ယူးအိကျို၊ မာမီကို စိတ်မဆိုးနဲ့နော်။ ဒီည သိပ်အလုပ်များနေတော့ အပြင်ကို တော်တော်နဲ့ ထွက်ဖို့ မလွယ်ဘူး။ ဒါတောင် အိမ်သာသွားဦးမယ်လို့ ပြောပြီး ထွက်လာခဲ့ရတာ။ နက်ဖန်မနက်ကျမှပဲ အချိန်ယူပြီး တွေ့ကြတာပေါ့၊ ကလေးမကို ဒီည ဒီမှာပဲ တည်းပါစေ" လို့ ဒရောသောပါး ပြောပြီး အနီရောင်ဝတ်စုံကို ကပျာကယာလဲကာ တံခါးဝဆီကို ခပ်သုတ်သုတ်ထွက်သွားတယ်။

"ဒါဆို မာမိကို ကျွန်တော် ကားနဲ့လိုက်ပို့မယ်" လို့ ယူးအိကျိုက ပြောတယ်။

"စိတ်မကောင်းပါဘူးရှင်။ ကျွန်မအတွက် အနှောင့်အယှက်ဖြစ်ရတာ" လို့ ကျွန်မက ဝင်ပြီး တောင်းပန်လိုက်တယ်။

"မဟုတ်တာကွယ်။ အန်တီက တောင်းပန်ရမှာပါ။ ဒီလောက်ထိအောင် အလုပ်များသွားမှန်း မသိလို့ ခုလိုအရေးတကြီး ဖိတ်ခေါ်မိခဲ့တာ။ မနက်ဖြန်ကျမှ အေးအေးဆေးဆေး တွေ့ကြရအောင်နော်"

အဲဒီအမျိုးသမီးက ပြောပြောဆိုဆိုနဲ့ ဒေါက်ဖိနပ်ကို စီးပြီး ထွက်သွားတယ်။ ယူးအိကျိုက ကျွန်မဘက်ကို လှည့်ပြီး–



"တီဗွီဖြစ်ဖြစ်ကြည့်ပြီး စောင့်နေဦးနော်" လို့ ပြောပြီးနောက်က လိုက်သွားတဲ့အတွက် ကျွန်မတစ်ယောက်တည်း ငုံးတိတိကျန်ရစ်ခဲ့တော့တယ်။

သေသေချာချာ ကြည့်လိုက်တော့မှပဲ အဲဒီအမျိုးသမီးရဲ့ မျက်နှာမှာ အသက်အရဖြစ်ပေါ်နေတဲ့ အရေးအတွန့်တွေအပြင် သွားနည်းနည်းကျိုးနေတာကို တွေ့ရတယ်။ လူဆိုတော့ ဒီလောက်တော့ရှိမှာပေါ့လေ။ ဒါပေမဲ့ ကျွန်မတွေ့ဖူးတဲ့လူတွေထဲမှာတော့ သူက အချောဆုံးပဲ။ ဘာကြောင့်ရယ် မသိဘူး။ ကျွန်မ အဲဒီအမျိုးသမီးကို နောက်တစ်ခါ ပြန်တွေ့ချင်နေမိတယ်။ ကျွန်မရဲ့ရင်ထဲမှာ နွေးထွေးတဲ့ အလင်းရောင်တစ်ခုက စွဲထင်ပြီး ကျန်ရစ်ခဲ့သလိုပါပဲ။

ဒီအချက်ကပဲ စွဲမက်စရာလို့ ခေါ်ရလေမလား မပြောတတ်ဘူး။ ဟယ်လင်ကေလာက သူကြားကြားနေရတဲ့'ရေ'ဆိုတဲ့အရာကို လက်နဲ့စပြီးထိတွေ့လိုက်ခါမှ ဒါ'ရေ'ပါကလားလို့ သိလိုက်ရသလို စွဲမက်စရာဆိုတာ ဒါမျိုးပါလားလို့ ကျွန်မအဖို့ တအံ့တသြ နားလည်လိုက်ရတယ်။

ကားသော့ကို ရှလင်ရှလင်နှင့် လှုပ်ယမ်းရင်း ယူးအိကျို ပြန်ရောက်လာတယ်။

"၁၀–မိနစ်လောက်ကလေးပဲ အချိန်ရမယ်ဆိုရင် တယ်လီဖုန်းဖြစ်ဖြစ် ဆက်လိုက်ရင် ရရဲ့သားနဲ့ဗျာ"

ယူးအိကျိုက ဖိနပ်ချွတ်ရင်း ပြောတယ်။ ကျွန်မကတော့ ဆိုဖာပေါ်မှာ ထိုင်ရင်း "ဟုတ်ပါရဲ့နော်" လို့ ပြန်ပြောလိုက်မိတယ်။

"မိခယ်စံ ကျွန်တော့်အမေက ငယ်တယ်လို့မထင်ဘူးလား" သူက မေးလာတယ်။

"အွန်း ငယ်လည်းငယ်တယ်။ ချောလည်းချောတယ်" ကျွန်မက အမှန်အတိုင်း ပြောလိုက်တယ်။

"ဒါကလည်း" ယူးအိကျိုက ရယ်ရယ်မောမောနဲ့ထလာပြီး ကျွန်မရဲ့ရှေ့တည့်တည့်ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်ရင်း ပြောလာတယ်။

"တမင်ပြင်ဆင်ထားတာကိုးဗျ"

"ဒါပေမဲ့ ရှင့်အမေနဲ့ ရှင်က လုံးလုံး မတူဘူးနော်"

ကျွန်မက အေးအေးဆေးဆေး မှတ်ချက်ချလိုက်တယ်။ အဲဒီအခါ သူက ဆိုလာပြန်တယ်။

"ဒါပေမဲ့ ခင်ဗျား လုံးလုံးနားမလည်သေးတဲ့အချက်လည်း ရှိသေးတယ်"

ယူးအိကျိုရဲ့မျက်နှာဟာ ရက်စိတ်ကြောင့် နီမြန်းနေပြီး မဝံ့မရဲပုံစံမျိုးနဲ့ ခုလို ဆက်ပြောလာတယ်။

"ကျွန်တော့်အမေက မိန်းမ မဟုတ်ဘူးဗျ၊ ယောက်ျားကြီး"

အဲဒီလို ပြောချလိုက်ပြီးတဲ့နောက် ခဏတစ်ဖြုတ် သူ ဘာမှ ဆက်မပြောတော့ဘဲ ငြိမ်ကျသွားတယ်။ ကျွန်မလည်း မျက်လုံးအဝိုင်းသားနဲ့ သူ့ကို ငေးကြည့်နေမိတယ်။ ပြီးတော့ အလကားနောက်တာပါ



ဗျာလို့ ပြောလာလေမလားလို့ စောင့်နေမိပြန်တယ်။ အဲဒီသေးသွယ်ပျော့ပျောင်းတဲ့ လက်ချောင်းကလေးတွေရယ်၊ ယဉ်ကျေးတဲ့ ဟန်ပန်အမူအရာနဲ့ လှပကျော့ရှင်းတဲ့ကိုယ်လုံးကိုယ်ပေါက်ရယ်ကို ပြန်တွေးမိတဲ့အခါ သူပြောတာကို ဘယ်လိုမှ မယုံနိုင်ဘဲ သက်ပြင်းရှည်ကြီးကို ချလိုက်မိတယ်။ သူကတော့ ဘာကိုမှ မမှုသလိုဘဲ ပြုံးရယ်နေတယ်။

"ဒါနဲ့" ကျွန်မက စပြီး ပြောလိုက်တယ်။

"မာမီမာမီနဲ့ တစ်မီတည်း မိနေတာကရော"

"ဒါဆို ခင်ဗျားအနေနဲ့ ကျွန်တော့်နေရာမှာဆိုရင် အဲဒီပုံစံမျိုးကြီးကို အမေလို့ ခေါ်ဝံ့ပါ့မလား"

သူက အေးဆေးတည်ငြိမ်စွာ ပြန်ပြောလာတယ်။ သူပြောလိုက်ပုံက အတော့်ကို ယုတ္တိယုတ္တာရှိတာပဲ။

"ဒါဆိုရင် ဘာဖြစ်လို့ **'အဲရီကိုး'**ဆိုတဲ့နာမည်ကို မှည့်ထားရတာလဲ"

"ဒါက သူ့ကိုယ်သူ တမင်သက်သက် လှည့်စားထားတာပဲ။ နာမည်အရင်းက 'ယိုးရှီ'တဲ့"

သူ့စကားကြောင့် ကျွန်မမျက်စိထဲမှာပြာဝေသွားတော့တယ်။ အခြေအနေပေးတာနဲ့ ကျွန်မလည်း ဆက်မေးလိုက်မိတယ်။

"ဒါဆို ရှင့်ကို ဘယ်သူက မွေးခဲ့တာလဲ"

"အရင်တုံးက သူလည်း ယောက်ျားပုံစံမျိုးပါပဲဗျာ"

သူကပြောလာတယ်။ "ဟို–ငယ်ငယ်တုံးကပေါ့ဗျာ။ ယောက်ျားပုံစံမျိုးမို့ မိန်းမယူခဲ့တာပေါ့။ အဲဒီမိန်းမက ကျွန်တော့်အမေအစစ်ဗျ"

"ရှင့်အမေက ဘယ်လိုပုံစံမျိုးလဲဟင်"

ကျွန်မလည်း မှန်းဆကြည့်လို့မရတာနဲ့ မေးလိုက်မိတယ်။

"ကျွန်တော်ဘယ်မှတ်မိပါ့မလဲဗျ။ ကျွန်တော် ပေါက်စကလေးကတည်းက ဆုံးသွားတာ၊ ဓာတ်ပုံတော့ ရှိတယ် ကြည့်မလား"

"အင်း"

ကျွန်မက အဲဒီလို ပြောလိုက်တော့ သူဟာ ထိုင်လျက်သားကနေ လက်ဆွဲအိတ်ကို ဆွဲယူလိုက်ပြီး အထဲက ပိုက်ဆံအိတ်ကို ထုတ်လိုက်ကာ ပိုက်ဆံအိတ်ထဲက ဓာတ်ပုံဟောင်းကလေးတစ်ပုံကို ကမ်းလာတယ်။

ဓာတ်ပုံထဲမှာက ဘာမှထူးခြားပြီးပြောပလောက်အောင် မလှတဲ့ မိန်းမတစ်ယောက်ရဲ့ပုံကို တွေ့ရတယ်။ မျက်လုံးမှေးမှေး၊ နှာခေါင်းပြားပြား၊ ဆံပင်တိုတိုနဲ့ အသက်အရွယ်ကိုလည်း ခန့်မှန်းလို့မလွယ်ဘူး။ ဒါနဲ့ ကျွန်မလည်း ဘာမှမပြောဘဲဆက်ပြီး ငေးကြည့်နေမိတယ်။

"ရုပ်မဆိုးဘူးလားဟင်"

ကျွန်မက အားတုံ့အားနာဖြစ်ကာ ဘာပြန်ပြောမှန်းမသိဘဲ ရယ်နေလိုက်တယ်။



"စောစောက အဲရီကိုးဆိုတဲ့မိန်းမလျာက ဒီဓာတ်ပုံထဲမှာပါတဲ့အမျိုးသမီးရဲ့အိမ်ကို အကြောင်းတစ်ခုခုကြောင့် ရောက်လာပြီး၊ အတူတူ ကြီးပြင်းခဲ့ကြတယ်ဆိုပါတော့။ အဲရီကိုးက ယောက်ျားဖြစ်ပေမဲ့ အတော့်ကို ချောတယ်။ ဘာကြောင့်ရယ် မသိပါဘူးဗျာ ဟောဒီဓာတ်ပုံထဲက ..." သူက မဲ့ပြုံးပြုံးရင်း ဓာတ်ပုံထဲက အမျိုးသမီးကို ကြည့်လိုက်တယ်။ "ကျွန်တော့်အမေက အရုးအမူး စွဲလမ်းချစ်ကြိုက်တာနဲ့ တစ်ဖက်ကလည်း ကျေးဇူးရှင်ဖြစ်နေတော့ လက်ထပ်လိုက်ရတယ် ဆိုပါတော့ဗျာ"

"သြော်–သြော်"

"အမေလည်း သေရော၊ အဲရီကိုးဟာ ကလေးပေါက်စအရွယ်သာ ရှိသေးတဲ့ ကျွန်တော့်ကို ပြုစုဖို့ အလုပ်က ထွက်လိုက်ရထယ်။ ပြီးတော့ သူ့ကိုယ်သူ မိန်းမအသွင်ပြောင်းလိုက်တော့တာပါပဲဗျာ။ သူ့အပြောအရဆိုရင်တော့ လောကကြီးမှာ သူချစ်ရမဲ့သူ ဘယ်သူမှ မရှိတော့တဲ့အတူတူ မိန်းမအသွင်ကိုပဲ ပြောင်းတာက ပိုကောင်းတယ်ဆိုပြီး အခုလို ပြောင်းလဲခဲ့တယ်လို့ ဆိုတာပါပဲ။ မိန်းမဖြစ်ခင်တုန်းကတော့ အမေက သိပ်စကားနည်းခဲ့ပုံ ရတယ်။ မိန်းမအသွင်ကို ပြောင်းတော့လည်း အစစအရာရာ ခွဲစိတ်ပြီး ပြုပြင်နဲ့ တော့တာပါပဲ။ ပြီးတော့ သူ့မှာ ကျန်တဲ့ပိုက်ဆံကလေးနဲ့ အဲဒီလမ်းထောင့်က ဆိုင်ကလေးတစ်ဆိုင်ကို ဖွင့်ပြီး ကျွန်တော့်ကို ကြီးပြင်းအောင် ပြုစုခဲ့ရှာတယ်။

သူ့စကားကို နားထောင်ရတာ ယုံရခက် မယုံရအခက်ဖြစ်နေပြီး ကြာလေလေ နားလည်ဖို့ခက်လေလေ ဖြစ်လာတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မလေ သူတို့အိမ်က မီးဖိုချောင်ကလေးကို တော့ သဘောကျမိနေတယ်။ ပြီးတော့ မျက်နှာချင်းလုံးဝမတူတဲ့ သူတို့ သားအမိနှစ်ယောက်မှာ တူညီတဲ့အချက်ကို ကျွန်မ သတိထားလိုက်မိ တယ်။ အဲဒါကတော့ သူတို့ရဲ့မျက်နှာတွေက အမြဲတမ်း အပြုံးပန်း ဆင်နေကြတာပဲ။

"နက်ဖြန်မနက်မိုးလင်းတာနဲ့ ကျွန်တော် ဒီမှာ ရှိမှာ မဟုတ်ဘူး။ ဒီတော့ အိမ်မှာရှိတာတွေကို သဘောကျ သုံးလို့ရတယ်နော်။ ဘာမှ အားနာစရာ မလိုဘူး"

အိပ်ချင်မူးတူးဖြစ်လာတဲ့ယူးအိကျိုဟာ အိပ်ရာခင်းတွေ စောင် တွေ ခေါင်းအုံးတွေကို ပိုက်ပြီး ရေချိုးခန်း အသုံးပြုပုံနဲ့ တဘက် ထားတဲ့နေရာတွေကို ရှင်းပြနေတယ်။

အဲဒီနောက်မှာ ကျွန်မတို့နှစ်ယောက်ဟာ ဗွီဒီယိုကြည့်ရင်း ပန်းဆိုင်အကြောင်း၊ အဘွားရဲ့အကြောင်းစလို့ ထွေရာလေးပါးစကား စမြည်ပြောရင်း ညဉ့်နက်သန်းခေါင်ကျော် တစ်နာရီထိုးလာတော့တယ်။ ကျွန်မ ထိုင်နေတဲ့ ဆိုဖာကြီးဟာ အတော့်ကို ဇိမ်ရှိတယ်၊ ကျယ်ကလည်း ကျယ်။ နူးညံ့အိညက်နေတာမို့ တစ်ခါထိုင်မိလိုက်တာနဲ့ မထချင်တော့ လောက်အောင်ပါပဲ။

"ယူးအိကျိုစံရဲ့မာမီက သိပ်တော်တာပဲနော်"



ကျွန်မက စကားစလိုက်တယ်။

"အိမ်ထောင်ပရိဘောဂတွေ သိပ်ရွေးတတ်တာပဲ။ ဒီဆိုဖာကြီးကို လည်း သူသေသေချာချာထိုင်ကြည့်ပြီးမှ ဝယ်ခဲ့တယ် ထင်ပါရဲ့"

"ခင်ဗျားပြောတာမှန်တယ်။ မာမီက သိပ်အကြံကောင်းတယ်။ ပြီးတော့ လက်တွေ့အကောင်အထည်ဖော်ဖြစ်အောင်လည်း ဖော်တတ် တယ်။ အဲဒီနေရာမှာတော့ သိပ်တော်တယ်"

"ဟုတ်ပါရဲ့နော်" ကျွန်မက ထောက်ခံလိုက်တယ်။

"ဘယ်လိုပဲဖြစ်ဖြစ် အခုအချိန်မှာတော့ အဲဒီဆိုဖာက ခင်ဗျား ပစ္စည်းပဲ။ ခင်ဗျားရဲ့အိပ်ရာပဲပေါ့"

"အမယ်လေး အိပ်စရာနေရာလေး တစ်နေရာရလို့ တော်ပါ သေးရဲ့။ ကျွန်မလေ ဒီမှာထိုင်ရတာ သိပ်ကို ဇိမ်တွေ့တာပဲ။ ကျွန်မ တကယ်အိပ်လို့ရမလား ဟင်"

"ရပါတယ်"

"အားနာလိုက်တာရှင်"

သူက ခဏတဖြုတ်စကားစမြည် ပြောပြီးတဲ့နောက် "Good night "လို့ နှုတ်ဆက်ပြီး သူ့အခန်းထဲကို ဝင်သွားတယ်။

ကျွန်မလည်း အိပ်ငိုက်လာတော့တယ်။

သူတစ်ပါးရဲ့ရေချိုးခန်းမှာ အားမနာပါးမနာ ရေနွေးစိမ် ချိုး ရင်းက ငါဘာတွေလုပ်နေတာပါလိမ့်လို့ တွေးနေမိပြန်တယ်။ ခဏ

ငှားထားတဲ့ ညဝတ်အင်္ကျီကို ဝတ်ပြီးတဲ့နောက် ဆိတ်ငြိမ်နေတဲ့ ဧည့်ခန်းထဲကို ထွက်လာပြီးမှ မီးဖိုချောင်ထဲကို နောက်တစ်ကြိမ် ဝင်ကြည့်လိုက်မိပြန်တယ်။ အတော်ကောင်းတဲ့ မီးဖိုချောင်လေးပဲ။

အဲဒီနောက် ညဦးပိုင်းကစပြီး ကျွန်မရဲ့အိပ်ရာဖြစ်လာတဲ့ ဆိုဖာပေါ်ကို ပြန်ရောက်တဲ့အခါ လျှပ်စစ်မီးတွေကို ပိတ်ပစ်လိုက်တယ်။ ပြူတင်းပေါက်ဘေးမှာ စိုက်ထားတဲ့ပန်းပင်ကလေးတွေ ကြားက ညနဲ့ရှုခင်းကို ကြည့်လိုက်တော့ မိုးစဲပြီး ကြည်လင်သွားပြီဖြစ်တဲ့ ကောင်းကင်ပြင်ကြီးတစ်ခုလုံးမှာ ကြယ်ကလေးတွေအပြည့်၊ တလက်လက် တောက်ပနေတဲ့ ညရဲ့ရှုခင်းသာကို တွေ့လိုက်ရတယ်။

ကျွန်မအဖို့ ဆိုဖာပေါ်မှာ စောင်ခြုံကွေးရင်းက "ဩော်–ငါဒီည မီးဖိုချောင်ထဲမှာ မအိပ်ရတော့ပါလား"လို့ တွေးပြီး ပြုံးလိုက်မိတယ်။ ဒါပေမဲ့ အားငယ်တဲ့စိတ်ကိုတော့ မခံစားရတော့ဘူး။ ခဏကြာတော့ အတိတ်က ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေ၊ ရှေ့ဘာဖြစ်လာဦးမယ် ဆိုတဲ့ စိုးရိမ်စိတ်တွေကို ခဏတဖြုတ်မေ့သွားတော့တယ်။ ဘေးခန်းမှာ လူတစ်ယောက်ရှိနေတယ်ဆိုတဲ့အသိက အားငယ်စိတ်ကို ကုစားပေးတယ်။ မိမိရဲ့အနားမှာ လူလည်း ရှိတယ်။ မိမိအလွန်နှစ်သက် မြတ်နိုးတဲ့မီးဖိုချောင်လည်း ရှိတယ်။ သစ်ပင် ပန်းပင်ကလေးတွေလည်း တစ်မိုးအောက်ထဲမှာ ရှိနေကြပြီး အေးချမ်းဆိတ်ငြိမ်နေလေတော့ ဒီညချမ်းကလေးဟာ ကျွန်မအတွက် ကြည်နူးစရာအကောင်းဆုံး ဖြစ်နေတာပေါ့ရှင်။



ဒီလိုနဲ့ပဲ ကျွန်မလည်း အေးချမ်းစွာ အိပ်ပျော်သွားတော့တယ်။ ကျွန်မဟာ ရေသံတွေနဲ့အတူ နိုးထလာခဲ့မိတယ်။ နံနက်ခင်းက လင်းထိန်နေလို့ မျက်စိကို တော်တော်နဲ့ဖွင့်မရဘူး။ အိပ်ချင်မူးတူးနဲ့ လူးလဲထလိုက်တဲ့အခါ မီးဖိုချောင်ထဲမှာ အဲရီကိုးရဲ့နောက်ကျောပြင်ကို လှမ်းတွေ့လိုက်ရတယ်။ အဝတ်အစားက မနေ့ညကနဲ့မတူဘဲ ရိုးရိုးကလေး ဝတ်ဆင်ထားတယ်။

"အိုဟားယိုး"လို့ သူက နောက်ပြန်လှည့်ပြီး နှုတ်ဆက်လိုက်မှ ကျွန်မလည်း မျက်စိပွင့်လာပြီး "အိုဟားယိုး ဂိုဇိုင်းမတ်စ်"လို့ ပြန်ပြီး နှုတ်ဆက်လိုက်ရတယ်။ သူက ရေခဲသေတ္တာကို ဖွင့်ကြည့်ရင်း အကြံအိုက်နေတဲ့သဘောမျိုးနဲ့ အခုလိုပြောလာတယ်။

"ခါတိုင်းဆို အခုအချိန်အထိ အိပ်နေကျပဲ။ ဒီနေ့မှ ထူးထူးခြားခြား ဗိုက်ဟာလာတာနဲ့ ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်တော့ စားစရာဆိုလို့ ဘာမှ မရှိဘူး။ အပြင်ထွက်ပြီး တစ်ခုခုသွားဝယ်မှပဲ။ ဘာစားချင်လဲဟင်"

သူဟာ အဲဒီလို ပြောတဲ့အခါ ကျွန်မက ထရပ်လိုက်ပြီး

"ကျွန်မ တစ်ခုခု ချက်ကျွေးမယ်လေ"လို့ ပြန်ပြောလိုက်မိတယ်။

" ဟယ် တကယ်"လို့ သူက အံ့သြသလို ပြောလိုက်ပြီး

"အိပ်ချင်မူးတူးနဲ့ ဓားကိုင်လို့ ဖြစ်ပါ့မလားကွယ်"လို့ စိုးရိမ်သလို ပြောလာပြန်တယ်။

"ရပါတယ်"

အိမ်ခန်းကလည်း မှန်လုံအိမ်ကျနေတာပဲ။ လင်းထိန်လို့ နေတော့တယ်။

ကိုယ်နှစ်သက်တဲ့ မီးဖိုချောင်ထဲမှာ ရပ်ရင်း အပျော်ကြီး ပျော်နေတုန်း အဲဒီအမျိုးသမီးဟာ ယောက်ျားတစ်ယောက်ပါလားဆိုတဲ့ အသိက ဖျတ်ခနဲဝင်လာတယ်။ ကျွန်မ အမှတ်မထင် သူ့ကို လှမ်းကြည့်လိုက်တယ်။ အဲဒီအချိန်မှာ လေပြင်းကလေးတစ်ချက် ဝှေ့တိုက်လာတယ်။ ခါတိုင်းဆိုရင် ဖုန်အလိမ်းလိမ်းဖြစ်နေတဲ့ မီးဖိုချောင်ရဲ့ဘေးမှာ မွေ့ရာခင်းပြီး လဲလျောင်းရင်း တီဗွီကြည့်ခဲ့ရတာတွေကို အမှတ်ရလာမိပြန်တယ်။

ကျွန်မချက်ကျွေးတဲ့ ကြက်ဥဆန်ပြုတ်နဲ့သခွားသီးသုပ်ကို သူက မြိန်ရည်ရှက်ရည် စားရှာတယ်။ နေ့ခင်းရောက်တော့ နွေဦးရဲ့သရုပ် အတိုင်း နွေးထွေးဝင်းပနေတယ်။ အဆောက်အအုံရဲ့ရှေ့ ပန်းခြံထဲက ကလေးတွေ ပျော်ရွှင်မြူးထူးနေကြသံကိုလည်း ကြားနေရတယ်။

ပြူတင်းပေါက်ဘေးက သစ်ပင်ပန်းပင်ကလေးတွေအပေါ် နုထွေးတဲ့ နေရောင်ခြည်တွေက ဖြန့်ကြက်နေတဲ့အတွက် အစိမ်းရောင်တောက်ပလို့ နေပြန်တယ်။ စိမ်းပြာရောင် ကောင်းကင်ကြီးမှာတော့ တိမ်မျှင်ကလေးတွေ ဖြည်းဖြည်းချင်း ရွေ့လျားနေကြတယ်။

အေးဆေးပြီး နွေးထွေးလှတဲ့ နေ့ခင်းကလေးပေါ့ရှင်။ မနေ့က မနက်ပိုင်းအထိ ကျွန်မ လုံးဝတွေးမထားတဲ့ အဖြစ်တွေကြောင့်



ကိုယ့်ကိုယ်ကို အံ့သြလို့မဆုံးအောင် ဖြစ်နေမိတော့တယ်။ ကိုယ်နဲ့ လုံးဝမသိတဲ့သူတွေရဲ့အိမ်မှာ နံနက်စာကို ဇိမ်နဲ့ထိုင်စားနေရပြီလေ။

မီးဖိုချောင်ထဲမှာ စားပွဲ မရှိဘူး။ ဒီတော့ ကြမ်းပြင်ပေါ်မှာပဲ ထမင်းခွက် ဟင်းခွက်တွေကိုချပြီး စားကြသောက်ကြတယ်။ ဖန်ခွက်ထဲက စိမ်းနုရောင်လက်ဖက်ရည်ရဲ့အရောင်ကလေးတွေက ကြမ်းပြင်ပေါ်မှာ တဖျတ်ဖျတ်နဲ့ ထင်ဟပ်နေတယ်။

"ယူးအိကျိုကလေ"

အဲရီကိုးစံက ကျွန်မကို ကြည့်ပြီး ပြောလာတယ်။

"ငါ့တူမကို ဟိုးအရင် သူ မွေးခဲ့တဲ့ နွမ်းကျန်ကလေးနဲ့ တူတယ် ပြောပြောနေတာ။ တကယ်ကို တူတာပါပဲကွယ်"

"နွမ်းကျန်ဆိုတာက ဘာလဲအန်တီ"

"အိမ်မှာမွေးထားတဲ့ ခွေးမလေးပါကွယ်"

"ဟယ်"

"မျက်လုံးမှေးပုံကော မျက်နှာကျပုံကော တကယ်ကို တူတာပါပဲ ကွယ်။ မနေ့က ငါ့တူမကို တွေ့တွေ့ချင်း အဒေါ်တောင် ယောင်ပြီး ခေါ်မိတော့မလို့"

"ဟုတ်ရဲ့လားရှင်"

"နွမ်းကျန်လေး သေသွားတုန်းက ယူးအိကျို တော်တော်နဲ့ကို ထမင်းမစားဘူး။ ဒါကြောင့်မို့ ငါ့တူမကို မြင်မြင်ချင်း ခင်သွားခဲ့တာ တူပါရဲ့ကွယ်"

"ကျေးဇူးပါပဲရှင်"

"ငါ့တူမရဲ့အဘွားကလဲ သူ့ကို သိပ်ခင်တယ်ဆိုပဲ"

"ဟုတ်ကဲ့ အဘွားက ယူးအိကျိုခွန်ကို သိပ်ချစ်ပါတယ်"

"ဒါပေမဲ့ ငယ်ငယ်တုန်းက သိပ်ပြီးဂရုတစိုက် မသွန်သင်ခဲ့လို့လား မပြောတတ်ပါဘူးကွယ်။ ဒီသူငယ်ဟာ အတော်ကို နမော်နမဲ့နိုင်တယ်"

" ဟယ် သူက တကယ့်ကို နမော်နမဲ့နိုင်တာပဲလား"

ကျွန်မက ရယ်ရယ်မောမော ပြန်မေးလိုက်တယ်။

"ဟုတ်တယ်ကွယ့်"

သူက မိခင်တစ်ယောက်ရဲ့အပြုံးမျိုးနဲ့ ပြောတယ်။

"ပြီးတော့ စိတ်ကလည်း အပြောင်းမြန်တယ်။ အပေါင်းအသင်းလည်း နည်းတယ်။ ဒါပေမဲ့ သဘောတော့ ကောင်းရှာပါတယ်ကွယ်"

"ဟုတ်ကဲ့ ကျွန်မ အကဲခတ်မိပါတယ်"

"ငါ့တူမလည်း သဘောကောင်းပုံပဲနော်"

သူ သို့မဟုတ် သူမက နှစ်လိုဖွယ် ပြုံးပြတယ်။ သူ့ရဲ့အပြုံးက တီဗွီထဲမှာ တွေ့ခဲ့ဖူးတဲ့ မိန်းမလျာတွေရဲ့ကန့်ကရအပြုံးမျိုး။ အဲဒီလို ပြောလိုက်တော့ သူ့အတွက် ရက်စက်ရာကျနေမလားမပြောတတ်ဘူး။ သူ့အတွက်သာမက သေဆုံးသွားတဲ့သူ့ရဲ့ဇနီးနဲ့ သားကလေး ယူးအိကျို



အပေါ်မှာပါ ရက်စက်လွန်းရာကျလိမ့်မယ်။ သူ့ရဲ့အပြုံးထဲမှာ အလွမ်းအဆွေးတွေက ရောယှက်နေသလိုပါပဲ။ သူက သစ္စာသီးသုပ်ကို တကျွတ်ကျွတ် ဝါးစားရင်းက ဆက်ပြောပြန်တယ်။

"အဲဒီလို ပြောတာကို ယုံတဲ့လူက ခပ်ရှားရှားရယ်။ အမှန်တကယ်က သူ့မှာက ခင်စရာလူ သိပ်မရှိပါဘူးကွယ်။ ငါ့တူမကတော့ စိတ်ကောင်းပုံ ရပါတယ်။ အထီးကျန်နေတဲ့ သူ့ရဲ့ဘဝကို နှစ်သိမ့်ပေးပါကွယ်"

သူက ကျွန်မရဲ့မျက်ဝန်းတွေကို ဂရုတစိုက်ကြည့်ရင်း ပြောရှာတယ်။

"ကျွန်မလည်း အိမ်လခ စိုက်ပါမယ်"

ရင်ထဲမှာ မွန်းကျပ်လာတဲ့အတွက် ကျွန်မလည်း မအောင့်အည်းနိုင်ဘဲ ပြောချလိုက်မိတယ်။

"ကျွန်မ နောက်အိမ် ရှာမတွေ့မချင်း အန်တီတို့နဲ့ နေပါမယ်"

"ရပါတယ်ကွယ်။ အိမ်လခ စိုက်ပေးစရာမလိုပါဘူး။ အိမ်လခပေးတာထက် ကြက်ဥဆန်ပြုတ်တွေ ထပ်ပြီး ချက်ကျွေးဦးပေါ့။ ယူးအိကျို ချက်တဲ့ဆန်ပြုတ်ထက် အများကြီး ကောင်းပါတယ်"

သူက အဲဒီလို ပြောပြီး ရယ်လိုက်တယ်။

* * *

အမှန်တော့ သက်ကြီးရွယ်အိုတွေနဲ့ နှစ်ယောက်တည်း အတူနေရတာဟာ အတော့်ကိုရင်လေးဖို့ ကောင်းတယ်။ ကျွန်မ အဘိုးအဘွားနဲ့ အတူနေခဲ့ရတုန်းက ဘာသိဘာသာ နေခဲ့ပေမဲ့ နောက်ပိုင်း ပြန်စဉ်းစားကြည့်တဲ့အခါ အဲဒီလိုပဲ ခံစားရတယ်။

"အဘွားသေများ သေမလားပဲ"လို့ အမြဲတွေးပြီး စိုးရိမ်ပူပန်နေခဲ့ရတယ်။

ကျွန်မအပြင်က ပြန်ရောက်လာတာနဲ့ အဘွားဟာ တီဗွီရှိတဲ့ ဧည့်ခန်းထဲက ထွက်လာပြီး -

"ငါ့မြေး ပြန်ရောက်လာပြီလား"လို့ အမြဲထွက်ပြီး ကြိုလေ့ရှိတယ်။ ကျွန်မ အချိန်နောက်ကျတာတို့ အပြင်မှာအိပ်ဖြစ်တာတို့ ဆိုရင်လည်း ဘယ်တော့မှ စိတ်မဆိုးဘူး။ အိမ်ပြန်နောက်ကျတဲ့အခါမျိုးမှာ ကျွန်မက ကိတ်မုန့်တွေ ဝယ်လာပြီး အဘွားနဲ့အတူ တီဗွီ ဘေးမှာ ကော်ဖီသောက်ရင်း ကိတ်မုန့်စားရင်း အချိန်အကြာကြီး စကားပြောနေတတ်တယ်။ လောကကြီးအကြောင်း အနုပညာအကြောင်း တစ်နေ့တာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေရဲ့ အကြောင်းတွေ စုံလို့ပါပဲ။ တစ်ခါတရံ ယူးအိကျိုအကြောင်းလည်း ပြောဖြစ်ခဲ့ကြတယ် ထင်ပါရဲ့။

ဘယ်လောက်ပဲ အရူးအမူးချစ်ရတဲ့ ရည်းစားကို တွေ့နေပါစေ၊ ဘယ်လောက်ပဲ အရက်တွေကို မူးအောင် သောက်ရပါစေ ကျွန်မရဲ့ ရင်ထဲမှာတော့ ငါဟာ တစ်ယောက်တည်းလိုပါပဲလားလို့ ခံစားနေရတတ်တယ်။



သက်ကြီးရွယ်အိုနဲ့ ပျိုမြစ်သူတို့ကြားမှာရှိတဲ့ ကွက်လပ်ကို ဘယ်လိုမှ ဖြည့်ဆည်းလို့မရနိုင်မှန်း ကျွန်မအဖို့ ဘယ်သူမှ သင်စရာမလိုဘဲ အလိုလိုနားလည် သဘောပေါက်နေခဲ့မိတယ်။ အိမ်ရဲ့ထောင့်ကွေးတစ်ခုခုမှာ ထိုင်ပြီး တစ်ယောက်တည်း အားငယ်နေခဲ့မိတယ်။

ယူးအိကျိုလည်း ကျွန်မလို ခံစားနေရလိမ့်မယ်လို့ ထင်တယ်။ လူသူမနီးတဲ့ တောကြီးမျက်မည်းရဲ့အလယ်မှာ တောက်ပတဲ့အရာဆိုလို့ ငါတစ်ယောက်တည်း ရှိပါလားလို့ အရွယ်တစ်ခုမှာ သဘောပေါက်လာခဲ့ရတယ်။ သက်ကြီးရွယ်အိုတွေရဲ့ ကိုယ့်ကို အချစ်ခံရပြီး ပြုစုခံရတာလောက် အထီးကျန်တာ မရှိဘူး။

တစ်နေ့နေ့တစ်ချိန်ချိန်မှာ ငါ့ကို ခွဲခွာသွားမှာပဲဆိုတဲ့ အသိက အမြဲခြောက်လှန့်ခြင်း ခံနေရတယ်။ ဒီအတွေးနဲ့ပဲ စမ်းတဝါးဝါး လျှောက်လှမ်းနေခဲ့ရတယ်။ ဒါ့ကြောင့်မို့လည်း ယူးအိကျိုက ကျွန်မအပေါ် ခံစားနားလည်ပေးတာ ဖြစ်နိုင်တယ်။

ဒါ့ကြောင့်ပဲ ကျွန်မလည်း သူတို့အိမ်မှာ ကပ်နေဖို့ ဆုံးဖြတ်ခဲ့မိတယ်။ ကျွန်မအဖို့ မေလရောက်တဲ့အထိ ဒီအခြေအနေအတိုင်း နေသွားတော့မယ်လို့ ဆုံးဖြတ်ထားခဲ့တဲ့အတွက် နေ့တိုင်း ပျော်ပျော်ပဲ နေခဲ့မိတော့တယ်။

အချိန်ပိုင်း အလုပ်ကတော့ မှန်မှန်လုပ်ပါတယ်။ အလုပ်ပြီးတာနဲ့ အိမ်ပြန်ပြီး အမှိုက်လှည်းလိုက်၊ အဝတ်လျှော်လိုက်၊ တီဗွီကြည့်လိုက်၊ ထမင်းချက်လိုက်၊ မုန့်လုပ်လိုက်နဲ့ တကယ့်အိမ်ရှင်မတစ်ယောက်လိုပဲ နေခဲ့မိတယ်။

ကျွန်မရဲ့နှလုံးသားရဲ့အတွင်းကို အလင်းရောင်နဲ့ လေပြည်ကလေးက ဖြည်းဖြည်းချင်းဝင်ရောက်လာသလို ခံစားရတဲ့အတွက် ဝေစ်စထက်တစ်စ ပျော်လာမိတော့တယ်။

ယူးအီကျိုက ကျောင်းတစ်ဖက်၊ အချိန်ပိုင်း အလုပ်တစ်ဖက်၊ အဲရိကိုးက ညပိုင်းအလုပ်ဆိုတော့ ဒီအိမ်မှာက အိမ်သားအားလုံး ဆုံမိဖို့ဆိုတာ အတော်ခဲယဉ်းတယ်။

အစပိုင်းတုံးကတော့ ပွင့်လင်းလှတဲ့ သူတို့မိသားစုနဲ့ အံဝင်ခွင်ကျ မနေတတ်သေးတာက တစ်ပိုင်း၊ အိမ်ဟောင်းမှာ ကျန်ရစ်တဲ့ပစ္စည်းတွေ သိမ်းဖို့ရှိနေသေးတော့ ထာနာဘဲတို့အိမ်နဲ့ ကိုယ့်အိမ်ဟောင်းကို ကူးချည် သန်းချည်လုပ်နေတာက တစ်ပိုင်းဆိုတော့ အတော့်ကို အဆင်မပြေဖြစ်ခဲ့ပေမဲ့ ခုတော့ ကျင့်သားရသွားခဲ့ပြီလေ။

သူတို့အိမ်က မီးဖိုချောင်ကလေးလိုပဲ ကျွန်မဆိုဖာအိပ်ရာကလေးကိုလည်း နှစ်သက်မြတ်နိုးမိတယ်။ အဲဒီဆိုဖာကလေးပေါ်မှာ အိပ်ရတာ သိပ်အရသာရှိတယ်။ သစ်ပင်ပန်းပင်ကလေးတွေရဲ့ အသက်ရှူသံကို နားဆင်ရင်း လိုက်ကာရဲ့တစ်ဖက်မှာရှိတဲ့ လှပတဲ့ ညပန်းချီကားရဲ့အလှကို ခံစားပြီး အမြဲဆိုသလို အေးအေးချမ်းချမ်း အိပ်ပျော်သွားခဲ့တယ်။

ကျွန်မအဖို့ အဲဒီအရသာကလေးထက် ပိုပြီးကောင်းတဲ့ ချမ်းသာသုခ မရှိနိုင်တော့ပါဘူးရှင်။



ကျွန်မ အဲဒီလိုပဲ အမြဲတွေးနေမိတယ်။ ကျွန်မဘဝက အမြဲတမ်းဆိုသလို ရေးကြီးသုတ်ပြာနိုင်လှတယ်။ အခုလည်းပဲ ရေးကြီးသုတ်ပြာဖြစ်နေတုံး ဒီအိပ်ရာကလေးကို ရခဲ့တာပဲ။ ရှိမရှိ မသေချာတဲ့ ဘုရားသခင်ကိုပဲ ကြံဖန်ပြီး ကျေးဇူးတင်နေမိတယ်။

တစ်နေ့မှာ ကျွန်မဟာ ကျန်ရှိနေသေးတဲ့ပစ္စည်းတွေကို ပြင်ဆင်ဖို့အတွက် အိမ်ဟောင်းကို ပြန်ခဲ့မိတယ်။ တံခါးကိုလည်း ဖွင့်ကြည့်လိုက်ရော ရင်ထဲမှာ ဆို့သွားတယ်။ လူမနေတော့တဲ့ ကျွန်မရဲ့အခန်းကလေးဟာ တခြားကမ္ဘာအလား အောက်မေ့ရတယ်။

မှောင်ပြပြအခန်းကလေးထဲမှာ ရှိတဲ့အရာအားလုံးဟာ ငြိမ်ကျနေတယ်။ ခါတိုင်း တွေ့နေကျ ပစ္စည်းကလေးတွေကတောင် ကျွန်မကို ကျောခိုင်းနေကြသယောင်ပါပဲ။ “မမပြန်ရောက်လာပြီကွယ်” လို့ နှုတ်ဆက်ရမယ့်အစား “တွေ့ရတာဝမ်းသာပါတယ်”လို့ စိတ်ထဲက နှုတ်ဆက်လိုက်ပြီး အခန်းထဲကို ဖွဖွကလေး ဝင်လာခဲ့မိတယ်။

အဘွားဆုံးပြီးတဲ့နောက် ဒီအခန်းကလေးရဲ့ ကြည်နူးဖွယ်ကောင်းတဲ့အချိန်တွေလည်း သေသွားတော့တာပါပဲ။

ကျွန်မအဖို့ အဲဒီအတိုင်း ထင်မိတော့တယ်။ ကျွန်မတတ်နိုင်တာဆိုလို့ ဘာဆိုဘာမှ မရှိတော့ဘူး။ ကျွန်မအဖို့ အဘိုးရဲ့တိုင်ကပ်နာရီကို ဖြုတ်သိမ်းပြီး ရေခဲသေတ္တာကလေးကို ပွတ်တိုက်နေခဲ့မိတယ်။

အဲဒီအချိန်မှာ တယ်လီဖုန်းက မြည်လာတယ်။

ကျွန်မလည်း စိတ်မပါတပါနဲ့ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ကြည့်လိုက်တဲ့အခါ ရှုးတားရောဆီက ဖြစ်နေတယ်။

ရှုးတားရောဆိုတာက ကျွန်မရဲ့တစ်ချိန်တုန်းက ချစ်သူလေ။ အဘွားရဲ့ရောဂါ အသဲအသန်ဖြစ်နေတဲ့အချိန်မှာ သူနဲ့အဆက်ပြတ်သွားခဲ့တယ်။

"ဟဲလို– မိခငယ်လား"

အလွမ်းအဆွေးတွေ လွှမ်းနေတဲ့ ငိုသံလိုလိုနှုတ်ဆက်သံကို ကြားလာရတယ်။

"မတွေ့ရတာကြာသွားပြီနော်"

ကျွန်မကတော့ ခပ်မာမာပဲ ပြန်နှုတ်ဆက်လိုက်တယ်။ ကျွန်မ အသည်းထဲမှာ လောင်ကျွမ်းတဲ့ဒဏ်ရာတွေထဲက ထွက်လာတဲ့ အသံမျိုးနဲ့ပေါ့။

"ဒီလိုပါကွာ။ မင်းကျောင်းကို လာတာမတွေ့တာနဲ့ သူငယ်ချင်းတွေကို မေးကြည့်တော့ မင်းအဘွား ဆုံးသွားပြီဆိုတာကို သိရတယ်။ စိတ်မကောင်းပါဘူးကွာ။ မင်းလည်း သိပ်ပင်ပန်းနေမှာပဲနော်"

" ဟုတ်တယ်။ ပင်ပန်းတာထက် အလုပ်များတာက ပိုတယ်"

"အခု ခဏထွက်လာလို့ ရမလား"

"အင်း"

ဂတိပေးလိုက်ပြီး ပြူတင်းပေါက် အပြင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်တော့ ကောင်းကင်တစ်ခုလုံး မြူတွေဆိုင်းပြီး မှုန်မှိုင်းနေပြီ။



လေကခပ်ကြမ်းကြမ်း တိုက်ခတ်နေလေတော့ တိမ်တွေဟာ လှိုင်းထပြီး ခပ်သုတ်သုတ်ရွေ့လျားနေကြတယ်။ လောကကြီးမှာ ဒီထက်ဆွေးမြေ့စရာဆိုလို့ ဘာမှမရှိတော့ဘူးထင်တယ်။

ရှုးတားရောက ပန်းခြံကို သိပ်နှစ်သက်တယ်။ ကျယ်ပြန့်တဲ့ ရှုခင်းမျိုး၊ တောရိုင်းလွင်ပြင်မျိုး စတာတွေကို သူက သိပ်ကြိုက်တယ်။ တက္ကသိုလ်မှာလည်းပဲ အမြဲတမ်းဆိုသလို ပန်းခြံထဲမှာရှိတဲ့ ထင်းရှူးပင်တွေအောက်က ခုံတန်းကလေးတွေမှာ သူ့ကို အမြဲတွေ့ရတယ်။ သူ့ကို ပျောက်လို့ရှာချင်ရင် သစ်ပင်တွေကြားမှာ သွားကြည့်လိုက်တာနဲ့ အမြဲတွေ့ရတယ်။ သူက ကြီးလာရင် ရက္ခဗေဒဥယျာဉ်မှာ အလုပ်လုပ်ချင်တယ်လို့ ပြောဖူးတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သစ်ပင်ချစ်သူနဲ့မှ အဆက်ဖြစ်ခဲ့ရတာပေါ့။ ငြိမ်းချမ်းတဲ့ ကျွန်မနဲ့ ငြိမ်းချမ်းပြီး တောက်ပတဲ့သူတို့ရဲ့အတွဲဟာ တက္ကသိုလ်မှာတော့ အလိုက်ဖက်ဆုံးလို့ ဆိုရမှာပေါ့ရှင်။

ဒါကြောင့်မို့ သူနဲ့ကျွန်မဟာ နွေရော ဆောင်းပါမကျန်ပန်းခြံထဲမှာ ချိန်းတွေ့နေခဲ့ကြမိတယ်။ ပြောမဲ့သာပြောရတယ်။ ကျွန်မက နောက်ကျနေတာကများတဲ့အတွက် သိပ်ပြီးပန်းခြံထဲမှာ မဆုံဖြစ်ဘူး။ ပန်းခြံအပြင်ဘက်ကလက်ဖက်ရည်ဆိုင်မှာပဲ ဆုံကြတာ များတယ်။

ဒီနေ့လည်းပဲ အဲဒီလက်ဖက်ရည်ဆိုင်မှာပဲ ဆုံဖြစ်ခဲ့ကြတယ်။ ရှုးတားရောကတော့ ကျယ်ဝန်းလှတဲ့ ဆိုင်ကြီးရဲ့ပန်းခြံကြီးနဲ့ ဆက်စပ်နေတဲ့ဘေးက ထိုင်ခုံမှာ ရွေးထိုင်ပြီး အပြင်ဘက်ကို ငေးကြည့်နေတယ်။

လက်ဖက်ရည်ဆိုင်က မှန်ပြူတင်းပေါက်ကြီးရဲ့ တစ်ဘက်မှာတော့ တိမ်တွေဆိုင်းနေတဲ့ ကောင်းကင်ကြီးကို နောက်ခံပြုပြီး သစ်ကိုင်း သစ်ခက်တွေဟာ ယိမ်းထိုးလှုပ်ရှားနေကြတယ်။ သွားလာလှုပ်ရှားနေကြတဲ့ စားပွဲထိုး အမျိုးသမီးကလေးတွေရဲ့ကြားကို တိုးဖှေ့ပြီး သူ့အနားကို ရောက်သွားတဲ့အခါ သူက သတိပြန်ဝင်လာပြီး ကျွန်မကို ပြုံးပြတယ်။ သူနဲ့မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်ပြီး "ဒီနေ့ မိုးရွာမလားဟင်"လို့ ပြောလိုက်တယ်။ ဒီတော့ သူက" နေသာမဲ့နေ့ မဟုတ်ဘူးလား"လို့ ပြန်ပြောတယ်။

"တို့တစ်တွေ အကြာကြီး ခွဲနေပြီးမှ ပြန်ဆုံကြတုန်း ဘာဖြစ်လို့များ ရာသီဥတုအကြောင်းတွေ ပြောနေရတာပါလိမ့်နော်"

ရယ်မောနေတဲ့သူရဲ့မျက်နှာက စိတ်အေးစရာပါပဲ။ သူနဲ့အတူ အခုလို ညနေစောင်းမှာ လက်ဖက်ရည် သောက်ရတာကိုကပဲ ပိုပြီး အရသာ တွေ့နေသလိုလို... ကျွန်မက သူရဲ့အကြောင်းကို အစုမ့ချေးခါးကအစ သိတယ်လေ။ အခန်းထဲမှာ ဖောက်ထိုး မိုးမျှော် အိပ်တတ်တဲ့အကြောင်း၊ ကော်ဖီသောက်ရင် နို့ဆီတွေ သကြားတွေ အများကြီးထည့်တတ်တဲ့အကြောင်း၊ ကောက်နေတဲ့ဆံပင်ကို လေပူမှုတ်စက်နဲ့ မှန်ထဲမှာ မရရအောင် ဖြောင့်တတ်တဲ့အကြောင်း စတဲ့ သူ့ရဲ့စိတ်သဘောထား၊ အမူအကျင့်တွေအားလုံးကို သိနေတယ်။ သူနဲ့ကျွန်မ အရင်တုန်းကလို ဆက်ပြီး သံယောဇဉ် တွယ်နေခဲ့မယ်ဆိုရင်တော့ ရေခဲသေတ္တာကို ဖုန်သုတ်ထားတဲ့ ကျွန်မရဲ့လက်ကို သတိထားမိပြီး အခုလို ရဲရဲဝံ့ဝံ့ စကားပြန်ပြောဝံ့မှာ မဟုတ်ဘူး။



" မင်း–အခု " ရှူးတားရောက အာလာပသလ္လာပ စကားပြောရင်းက ရုတ်တရက် သတိရလာတဲ့အတွက် အခုလို စကားစလာတယ်။

"ထာနာဘဲ ယူးအိကျိဆိုတဲ့ လူရဲ့အိမ်မှာ သွားနေတယ်ဆို"

ကျွန်မက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်တယ်။ ရုတ်တရက် အံ့အားသင့်သွားတဲ့အတွက် လက်ဖက်ရည်ကိုပဲ အာရုံစိုက်ပြီး တဖူးဖူးနဲ့ မှုတ်သောက်နေမိတယ်။

"အဲဒီသတင်းက တက္ကသိုလ်တစ်ခုလုံး ပျံ့နေပြီ။ ဒါတောင် ဘာမှ မကြားတာ အံ့ပါရဲ့။ သူ့အကြောင်းကို ဘာမှ သိမထားဘူးလား" အကြံအိုက်တဲ့ မျက်နှာထားမျိုးနဲ့ ရှူးတားရောက မဲ့ပြုံးပြုံးကာ ပြောလာတယ်။

"ရှင်သိထားတဲ့ဆိုတဲ့အကြောင်းတွေ ကျွန်မ ဘာမှ မသိရသေးပါလား။ ဘာတွေများပါလိမ့်"

ကျွန်မက ပြန်ပြောလိုက်တယ်။

"ထာနာဘဲရဲ့ချစ်သူ အရင်ရည်းစားကို ပြောတာ"

"သူက ထာနာဘဲရဲ့သတင်းအမျိုးမျိုးကို ကဲ၊ တင်းမှာ ဖြန့်နေတယ်။ မင်းကြောင့် သူ့ချစ်သူနဲ့ တကယ်ဖြတ်ရတော့မယ်တဲ့"

"ဟယ် ကျွန်မအကြောင်းလဲ ပါပါလား"

“ပါတာပေါ့။ ဒါနဲ့ မင်းတို့ အချင်းချင်း အခု အဆင်ပြေနေကြပြီတဲ့။ ကိုယ် အဲဒီလိုပဲ ကြားခဲ့ရတယ်”

“ဟယ်– မဟုတ်ကဟုတ်က”

“ဒါနဲ့ အခု မင်းတို့နှစ်ယောက်အတူတူနေနေကြတာပဲ မဟုတ်လား”

“သူ့အမေလည်း ကျွန်မတို့နဲ့အတူတူနေနေတာပဲဟာ”

“ဒါ မင်း သက်သက်လိမ်တာ”

ရှုးတားရောက ရုတ်တရက် ဒေါ်ဖေါင်းသွားပြီး ထအော်တယ်။ အရင်တုန်းကဆိုရင်တော့ ရှုးတားရောက အခုလို ရှူး–ရှူးဒိုင်းဒိုင်း ထပြောတာလေးကိုပဲ သဘောကျနေခဲ့ရတာ။ အခုတော့ သူ့စကားတွေက ကျွန်မနားထဲမှာ ကလောနေခဲ့ပြီလေ။

“ထာနာဘဲဆိုတဲ့လူက သစ္စာရှိတဲ့လူ မဟုတ်ဘူး”

“အဲဒါ ကျွန်မ မသိဘူး။ သူနဲ့လည်း သိပ်ပြီး စကားပြောဖြစ်ကြတာ မဟုတ်ဘူး။ ကျွန်မကို သူက ခွေးကလေးတစ်ကောင်လိုပဲ ခင်တာ။ သူနဲ့ကျွန်မက ကြိုက်နေကြသေးတာလည်း မဟုတ်ဘူး။ ကုန်ကုန်ပြောရရင် သူ့အကြောင်းကို ကျွန်မ ဘာမှ မသိဘူး။ သူ ဘယ်လောက်ဆိုးတယ်၊ ယုတ်မာတယ်ဆိုတာကိုလည်း လုံးလုံး မသိဘူး”



“မင်းကို ကြံနေတာများလားမှ မပြောတတ်တာ။ ဒါနဲ့ မင်း သူ့အိမ်မှာ ဘယ်လောက်ကြာကြာ ဆက်နေဦးမှာလဲ”

“အဲဒါကိုလည်း ကျွန်မ မသိဘူး”

“ဒါပေမဲ့ သတိထားဖို့တော့ လိုလိမ့်မယ်နော်”

“ဟုတ်ကဲ့– ကျွန်မ သတိထားပါ့မယ်”

အပြန်ကျတော့ ကျွန်မတို့ နှစ်ယောက် ပန်းခြံထဲက ဖြတ်ပြီး ပြန်လာခဲ့ကြတယ်။ သစ်ပင်တွေကြားကနေ ထာနာဘဲတို့နေတဲ့ အဆောက်အအုံကြီးကို လှမ်းမြင်နေရတယ်။

“သူက အဲဒီမှာ နေတာလား”

ကျွန်မက လက်ညှိုးညွှန်ပြီး ပြလိုက်တယ်။

“ကောင်းလိုက်တာနော်။ ပန်းခြံနဲ့နီးနီးလေး ကိုယ်သာ အဲဒီမှာ နေရရင် နံနက်စောစော၅–နာရီလောက်ထပြီး ပန်းခြံထဲ လမ်းလျှောက်ဖြစ်မှာ”

ရှုးတားရောက ပြောရင်းဆိုရင်း ဘာကို သဘောကျသွားတယ် မသိဘူး ရယ်လိုက်တယ်။ သူက အရပ်အမြင့်ကြီးဆိုတော့ ကျွန်မက သူ့ရဲ့မျက်နှာကို မော့ကြည့်လိုက်တယ်။ ဘေးတိုက် မြင်ရတဲ့ သူ့ မျက်နှာကိုကြည့်ပြီး “ယော်–သူ တတ်ပဲတတ်နိုင်လွန်းတယ်။ ငါ့ကို အမျိုးမျိုးဖျောင်းဖျပြီး အဆောင်ပြောင်းခိုင်းခဲ့ဖူးတယ်။ ကျောင်းပြေးနေတဲ့ အခါမျိုးမှာလည်း ကျောင်းပြန်တက်အောင် မြူဆွယ်ခဲ့ပြန်တယ်။

ငါလည်း ယောက်ျားပီသပြီး ခံ့ညားလှတဲ့ သူ့ကို အရူးအမူးချစ်ခဲ့ဖူးတယ်။ သူရဲ့တောက်ပမှုတွေက ငါ့ကို နွေးထွေးစေခဲ့တယ်။

ဒါပေမဲ့ ဘာကြောင့်များ ငါ့စိတ်တွေ ပြောင်းသွားရတာပါလိမ့်။ ထာနာဘဲဆိုတဲ့လူရဲ့ မပြစ်စလောက် နွေးထွေးမှုမျိုးကို တောင့်တနေမိတာပါလိမ့်”လို့ တွေးပြီး အဲဒီအကြောင်းတွေကို သူ့ကို ရှင်းပြဖို့ ကြိုးစားပေမဲ့ ဘယ်လိုရှင်းပြရမှန်း မသိခဲ့ဘူး။ သူနဲ့ကျွန်မက နောက်ပိုင်းမှာ တစ်စထက်တစ်စ ပြတ်စဲခဲ့လို့ ရှင်းပြစရာ မလိုတော့တဲ့တိုင် သူနဲ့ တွေ့လေတိုင်း အဲဒီလိုပဲ အကြံအိုက်နေခဲ့ရတယ်။

“သွားတော့မယ်နော်”

ကျွန်မက အဲဒီလိုပြောရင်း သူ့ရဲ့ရင်ထဲက အတွင်းဖက်ဆုံးနေရာမှာရှိတဲ့ နှလုံးသားနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကို မေးခွန်းပြန်ထုတ်လိုက်မိတယ်။

အခု သူ့ရင်ထဲမှာ ငါ့အပေါ် တွယ်တာတဲ့ နှလုံးသားမျိုး တကယ်ပဲ ကျန်သေးရဲ့လား။

“အစစအရာရာ သတိနဲ့နေနော်”

“ဟုတ်ကဲ့၊ သတိထားနေပါ့မယ်”

ကျွန်မက အဲဒီလို ပြန်ဖြေလိုက်ရင်း သူ့ကို လက်ရမ်းပြပြီး နှုတ်ဆက်လိုက်တယ်။ ဒီလိုနဲ့ပဲ သူနဲ့ပတ်သက်တဲ့ အတွေးတွေဟာ ဟိုးအဝေးဆီကို လွင့်ပါးပျောက်ကွယ်သွားခဲ့ရတော့တယ်။



အဲဒီည ကျွန်မ ဗွီဒီယိုကြည့်နေတုန်း ဆင်ဝင်တံခါးပွင့်လာပြီး သေတ္တာအကြီးကြီးကို ပိုက်ရင်း ယူးအိကျိ အပြင်က ပြန်ရောက်လာတယ်။

“ ၁ယ်– ပြန်လာပြီလား”

“ဝပ်ဒ်ပရိုဆက်ဆာ ဝယ်လာတယ်လေ”

ယူးအိကျိက ပျော်နေတဲ့ပုံစံမျိုးနဲ့ ပြောလာတယ်။ အခုတလောကျွန်မ သတိထားမိလာတာတစ်ခု ရှိတယ်။ သူတို့သားအမိဟာ ဈေးဝယ်တာကို အတော်ဝါသနာပါကြတယ်။

“ဟန်ကျတာပဲနော်”

“ဘာရိုက်ချင်တာလဲဟင်”

“အင်း–ဘာရိုက်ရမလဲ မသိဘူး”

သီချင်းတစ်ပုဒ်လောက် စမ်းရိုက်ကြည့်ရရင် ကောင်းလေမလားလို့ စိတ်ကူးလိုက်မိတယ်။

“ဟုတ်ပြီ–ဟုတ်ပြီ။ အိမ်ပြောင်း အကြောင်းကြားစာလေး တစ်စောင်လောက် ရိုက်ပေးမှပဲ”

“ဟယ်– ဘာဖြစ်လို့”

“ဒါဖြင့် ဒီလောက်ကြီးတဲ့ မြို့ကြီးမှာ လိပ်စာမရှိ တယ်လီဖုန်းနံပါတ်မရှိဘဲနဲ့ နေသွားဖို့ စိတ်ကူးလို့လား”

"မဟုတ်ပါဘူး။ အဲဒီစာ မပြီးသေးခင် ကျွန်မက တခြားနေရာ ပြောင်းသွားရင် ဘယ်လို လုပ်မလဲ"

"ခင်ဗျားကလဲဗျာ"

သူ့မျက်နှာလေး ညှိုးသွားတဲ့အတွက် ကျွန်မကပဲ ပြန်ပြီး တောင်းပန်လိုက်ရတယ်။

"ကဲ– ကဲ– ဒါဆိုရင်လည်း အကြောင်းကြားစာတစ်စောင် လောက် ရိုက်ပေးပါလားဟင်"

ဒါပေမဲ့ စောစောက ပြောလိုက်တဲ့ စကားကိုတော့ အမှတ်ရနေ ဆဲမို့

"အလုပ်ပိုဖြစ်မနေဘူးလား။ အနှောင့်အယှက်ပေးရာများ ကျ သွားမလားပဲ" လို့ မေးလိုက်မိတယ်။

"ဘာက အနှောင့်အယှက်ဖြစ်ရမှာလဲ"

ကျွန်မအဖို့ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတော့တယ်။ ကိုယ့်ချစ်သူ မဟုတ်တဲ့အတွက် မခိုင်းချင်ဘူးဆိုတဲ့သဘောနဲ့ ပြောနေ တာကိုလည်း လုံးဝမရိပ်မိဘူး။

"ဒီ့

ကျွန်မအား နောင်ဆက်သွယ်လိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်ကို အသုံးပြုပါရန်



လိပ်စာ ......................

......................

တယ်လီဖုန်း..................

လေးစားစွာဖြင့်

ဆာကုရအီ– မိခယ်

ယူးအိကျိုက အဲဒီလို ပို့စကတ်ကလေးကို ရိုက်ပြီးတဲ့နောက် အိမ်မှာရှိတဲ့ မိတ္တူကူးစက်ကလေးနဲ့ မိတ္တူအတော်များများကူးပေး တယ်။ ပြီးတော့ ပေးပို့ရမယ့်လိပ်စာတွေကိုလည်း ကူးရေးပေးတယ်။ သူ့ကို ကြည့်ရတာ ဒီနေ့ည အားနေတဲ့ပုံပဲ။ ဒါပေမဲ့ သူက အအား နေတတ်တဲ့ပုံ မပေါက်ဘူး။

ဒီလိုနဲ့ပဲ ဆိတ်ငြိမ်လှတဲ့ အချိန်ကလေးဟာ တစ်စတစ်စကုန် ဆုံးသွားတော့တယ်။

အပြင်ဘက်မှာတော့ နွေဦးရဲ့လေပြင်းတွေက တဟူးဟူး တိုက်ခတ်နေကြတယ်။ ညရှုခင်းကလည်း ယိမ်းထိုးလှုပ်ရှားနေတယ်။ ကျွန်မလည်း ပို့စကတ်တွေပေါ်မှာ မိတ်ဆွေတစ်ဦးချင်းရဲ့ နာမည်တွေ ကို တစ်ခုပြီးတစ်ခု ဆက်ရေးနေခဲ့မိတယ်။ အဲဒီမိတ်ဆွေစာရင်းထဲမှာ ရှူးတာရောရဲ့နာမည်က အမှတ်မထင် ပျောက်ကွယ်သွားခဲ့တော့တယ်။ လေကလည်း ထန်နေတယ်။ သစ်ကိုင်းသစ်ခက်တွေ ယိမ်းထိုးနေတဲ့ အသံ ခတ်ကြိုးချင်း ရိုက်ခတ်တဲ့အသံတွေကို ကြားနေရတယ်။ ဒါပေမဲ့ ကျွန်မကတော့ အဲဒီအသံတွေကို လုံးဝဂရုမစိုက်နိုင်ဘဲ ခေါက်စားပွဲလေးပေါ်မှာ တစ်တောင်ဆစ်နဲ့ထောက်ရင်း လိပ်စာတွေကို

ဆက်ရေးနေခဲ့တယ်။ ဒီစားပွဲကလေးကို ဝယ်ခဲ့တဲ့သူလည်း ခုထက်ထိ အလုပ်ဆင်းနေရှာတုန်းပဲ။

"အိပ်ချင်ပြီလား"

ယူးအိကျိက ဆိုလာတယ်။

"မအိပ်သေးပါဘူး"

ကျွန်မက ပြန်ပြောလိုက်တယ်။

"အခုလို အပြောင်းအရွှေ့ အကြောင်းကြားစာတွေ ရေးရတာကို ကျွန်မက သိပ်သဘောကျတာ"

"ကျွန်တော်လည်း အဲဒီအတိုင်းပဲ။ အလုပ်ပြောင်း အကြောင်းကြားစာတို့ ခရီးထွက်တုန်း ရေးတဲ့အကြောင်းကြားစာတို့ကို ပို့စကတ်ကလေးတွေ ရေးပို့ရတာကို သိပ်သဘောကျတယ်"

"ဟုတ်မှာပေါ့လေ။ ဒါပေမဲ့ တချို့ကျတော့"

ကျွန်မက စောစောက ရှုးတာရော ပြောခဲ့သည့် စကားများကို ပြန်၍ သတိရလာကာ စိန်ခေါ်သည့်သဘောနဲ့ ပြောလိုက်တယ်။ "ပို့စကတ်ကလေးတွေ ရေးရေးပြီး ကျောင်းက စားသောက်ဆိုင်မှာ ဆုံရင်း စွံသွားတတ်ကြရတာပဲ မဟုတ်လား။ ပြီးတော့ မေ့ပစ်တာပဲ မဟုတ်လား"

"အဲဒီစကားကို ခင်ဗျား အစောကြီးကတည်းက ပြောချင်နေခဲ့တယ်ဆိုပါတော့"



သူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်တယ်။ သူ့ရဲ့အေးတိအေးစက်နိုင်လှတဲ့အပြုံးက ကျွန်မရဲ့ရင်ကို လှုပ်ရှားသွားစေခဲ့တယ်။

"ဒါကြောင့်မို့ ပွင့်ပွင့်လင်းလင်း ပြောကြစတမ်းဆိုရင် ကျွန်မလေ ဒီပို့စကတ်ကလေးတွေကို ရေးမဲ့သာရေးနေတယ်။ ဘယ်ကိုမှ ပို့ဖို့ မရည်ရွယ်ဘူး။ ဒီမှာပဲ ထားခဲ့ဖို့ စိတ်ကူးထားတာ"

"မဟုတ်တာဗျာ။ ကျွန်တော်တို့အိမ်က ပို့စကတ်ဂိုဒေါင် မဟုတ်တာ"

" ပို့စကတ်ဂိုဒေါင်ဆိုတာက ဘာကိုဆိုလိုတာလဲ"

"မသိဘူးလေ"

သူက ရယ်လိုက်ပြန်တယ်။ ဒီလိုနဲ့ ကျွန်မတို့ စကားလွဲပစ်ကြတယ်။

အဲဒီလို သူ့ရဲ့ အမူအရာပြောင်းသွားပုံကို ခပ်တုံးတုံး ခပ်အအဖြစ်တဲ့ ကျွန်မတောင် ရိပ်စားမိလိုက်တယ်။ သူ့မျက်လုံးတွေက စကားပြောနေကြတယ်လေ။

"စောစောက ရှုးတာရောက အခုလို ပြောသွားခဲ့တယ်။ ထာနာဘဲရဲ့ ချစ်သူက သူ့အကြောင်းကို နားမလည်နိုင်တဲ့အတွက် ခွာပြဲသွားကြတယ်တဲ့။ ထာနာဘဲဟာ မိန်းကလေးတစ်ယောက်ကို သူရေးနေတဲ့ ဖောင်တိန်တစ်ချောင်းလောက်ပဲ တန်ဖိုးထားတယ်တဲ့"

ကျွန်မက ယူးအိကျိုကို ကြိုက်နေတာမှ မဟုတ်ဘဲ ချက်ချင်း သဘောပေါက်သွားတာပေါ့။ ထာနာဘဲက ဖောင်တိန်တစ်ချောင်း အပေါ် သဘောထားတာနဲ့ သူ့ရည်းစားက ဖောင်တိန်အပေါ် သဘောထားတာ ဘယ်တူနိုင်ပါ့မလဲ။ လောကကြီးမှာ ဖောင်တိန်ကို သေတဲ့အထိ စွဲလမ်းဖြတ်နိုးသွားတဲ့သူလည်း ရှိချင်ရှိနေမှာပေါ့။ ဒီအကြောင်းကို တွေးမိတော့ ကျွန်မအတော်ကြီး စိတ်မကောင်း ဖြစ်သွားမိတယ်။

သူ့ကို မချစ်တဲ့အတွက် သူ့သဘောကို လွယ်လွယ်ကလေး နားလည်နိုင်တယ်။

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ"

ယူးအိကျိုက အဖြစ်မှန်ကို ရိပ်စားသွားမိတဲ့ ပုံစံမျိုးနဲ့ သက်ပြင်းရှည်ကြီး ချပြီး ပြောလာတယ်။

"ဒီလို ဖြစ်သွားရတာ ခင်ဗျားအပြစ်မပါပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဘာကြောင့်ရယ်မသိဘူး။ ကျွန်မက ကျေးဇူးစကားကို လွှတ်ခနဲ ပြောလိုက်တယ်။

"မလိုပါဘူးဗျာ"

သူက အဲဒီလို ပြောပြီးတဲ့နောက် အားယူပြုံးလိုက်တယ်။

ရုတ်တရက် ကျွန်မ ရင်ထဲမှာ သူနဲ့ပိုပြီး ထိတွေ့လာသလို ခံစားလိုက်ရတယ်။ တစ်လနီးပါး အတူတူနေလာပြီးတဲ့နောက်



ပထမဆုံးအကြိမ် ထိတွေ့လိုက်ရခြင်းပါပဲ။ ကြာရင် တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်တွယ်ပြီး ငြိသွားနိုင်လောက်တယ်။ ချစ်မိပြီဆိုမှ အရှုံးအမှုးဖြစ်တတ်တဲ့ ကျွန်မဟာ မြူမှုန်တွေ ဆိုင်းနေတဲ့ ကောင်းကင်ထဲမှာ အခု မြင်တွေ့နေရတဲ့ကြယ်ကလေးတွေလိုပဲ အချစ်စိတ်တွေက တဖြည်းဖြည်းချင်း လင်းလက်လာမလား မပြောတတ်တော့ဘူးလေ။

ဒါပေမဲ့ ကျွန်မက လက်ကို အသာရမ်းရင် အခုလို စဉ်းစားမိပြန်တယ်။ မဖြစ်ဘူး ငါ ဒီကနေ ချက်ချင်း ထွက်သွားမှပဲလို့။

ကျွန်မ ဒီမှာလာနေတဲ့အတွက် သူတို့ချစ်သူနှစ်ဦး ကွဲသွားကြရတာပဲ မဟုတ်လား။ ကျွန်မအဖို့ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက်တည်း အထီးကျန်တဲ့ဘဝထဲကို ပြန်သွားရတော့မယ်။ ကျွန်မလေ နေရာသစ် ပြောင်းရွှေ့နေတဲ့ အကြောင်းကြားစာလေးတွေကို ရေးနေရင်းကပဲ ဆန့်ကျင်ဘက် ကိစ္စကို စဉ်းစားနေမိပြန်တယ်။

ဒီအိမ်က ထွက်သွားရတော့မယ်လေ။ အဲဒီအချိန်မှာပဲ အိမ်ရှေ့တံခါးက ကျီခနဲ ပွင့်သွားပြီး အဲရီးကိုးဟာ စက္ကူအိတ်ကြီးတစ်အိတ် ပိုက်ပြီး ဝင်လာတယ်။ ကျွန်မ ထိတ်ခနဲ ဖြစ်သွားတယ်။

"ဘယ်လို ဖြစ်လာတာလဲ။ အလုပ် မသွားဘူးလား"

ယူးအိကျိုက လှမ်းကြည့်ရင်း မေးလိုက်တယ်။

"အခုပဲ သွားမှာပါကွယ်။ ဒီမှာ ကြည့်စမ်း၊ မာမိ မျော်ရည်စက် ဝယ်လာတယ်"

ပြောပြောဆိုဆိုနဲ့အဲရီးကိုးက စက္ကူအိတ်ထဲက ဂျပ်ဘူးတစ်ခုကို ဝမ်းသာအားရ ထုတ်ပြတယ်။ ကျွန်မစိတ်ထဲမှာတော့ "ဟယ် ဝယ်လာပြန်ပြီ" လို့ တွေးလိုက်မိတယ်။

"ဒါကြောင့်မို့ အိမ်ပြန်လာပို့တာပေါ့။ မင်းတို့ စမ်းပြီး သုံးကြည့်နှင့်ပါလား"

"မာမီကလဲဗျာ။ တယ်လီဖုန်းဆက်လိုက်ရောပေါ့။ ကျွန်တော်လာသယ်မှာပေါ့"

ယူးအိကျိုက ကတ်ကြေးနဲ့ကြိုးတွေကို ဖြတ်ရင်း ပြောလိုက်တယ်။

"ရပါတယ်ကွယ်။ ဒီလောက်တော့ မာမီ သယ်နိုင်ပါတယ်"

အလျင်အမြန် ဖွင့်လိုက်တဲ့ စက္ကူဖာထဲက ဘာမဆို အရည်ဖျော်နိုင်လောက်တဲ့ ဖျော်ရည်စက်ကြီး ထွက်လာတော့တယ်။

"လတ်လတ်ဆတ်ဆတ် သစ်သီးဖျော်ရည်ကို သောက်ရရင် အသားအရေတွေလဲ လတ်ဆတ်လာမလားလို့ပါကွယ်"

အဲရီကိုးက မြူးထူးပျော်ရွှင်နေတဲ့ပုံစံမျိုးနဲ့ ပြောလိုက်တယ်။

"မာမီက အိုပါပြီဗျာ။ ဖျော်ရည်တွေ ဘယ်လောက်သောက်သောက် ဘာမှ ထူးမလာနိုင်တော့ပါဘူး"

ယူးအိကျိုက အသုံးပြုနည်းအညွှန်းစာကို ဖတ်ရင်း ပြောလိုက်တယ်။ သူတို့သားအမိနှစ်ယောက် ဟိုဟိုဒီဒီပြောနေကြတုန်း ကျွန်မ



လည်း ငြီးငွေ့စပြုလာတော့တယ်။ အဲရီကိုးဟာ စုန်းကဝေလိုပဲ သူ့ရဲ့ ယိုင်နဲ့အားနည်းနေတဲ့ကိုယ်ကို မာန်လုပ် ဖုံးကွယ်ပြီး နပျိုချင်နေရှာတယ်။

" ဟယ်– မိခငယ်– ပို့စကတ်ကလေးတွေ ရေးနေတယ်။ အိမ်ပြောင်းလိပ်စာ အကြောင်းကြားစာတွေလား"

အဲရီကိုးက သူ့အနီးမှာ ချထားတဲ့ ပို့စကတ်ကလေးတွေကို ငုံ့ကြည့်ရင်း ပြောလိုက်တယ်။

" ဟုတ်ပြီ– ဟုတ်ပြီ– ဒါဆို အိမ်တက်ဂုဏ်ပြုပွဲ ကျင်းပပေးရမယ်"

အဲဒီနောက်မှာ စက္ကူထုတ်တစ်ထုတ်ကို ဖြေမိပြန်တယ်။ အပေါ်က စက္ကူတွေကိုလည်း ခွာလိုက်ရော ငှက်ပျောသီးပုံကလေးတွေ ရေးထားတဲ့ ဖန်ခွက်ကလေးတွေ ထွက်လာတယ်။ ကျွန်မကို ပေးရင်း

"ဒီခွက်ကလေးနဲ့ ဖျော်ရည်သောက်ပေါ့ကွယ်"လို့ ပြောတယ်။

"ငှက်ပျော်သီးဖျော်ရည် သောက်ရရင် ကောင်းမယ်"လို့ ယူးအိကျိုက ရှုတည်တည်နဲ့ ပြောလိုက်တယ်။

"ဟယ်– ဝမ်းသာလိုက်တာ"

ကျွန်မက ဝမ်းသာလွန်းလို့ မျက်ရည်များတောင် စို့မတတ် ခံစားရင်း ဝင်ပြောလိုက်တယ်။ ကျွန်မတော့ ဒီအိမ်က ထွက်သွားခဲ့ရင် ဒီခွက်ကလေးကို အမှတ်တရ ယူသွားမယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်လိုက်

တယ်။ ဒီအိမ်က ပြောင်းသွားရပေမယ့် မကြာမကြာ လာလည်ပြီး အဲဒီကိုးကိုတော့ ဆန်ပြုတ်ပြုတ်ကျွေးရမှာပေါ့လေ။ သူပေးတဲ့ခွက်ကလေးကို ကျွန်မ သိပ်ကြိုက်တယ်။

***

နောက်တစ်နေ့ဆိုရင် အိမ်ဟောင်းက အပြီးအပိုင် ထွက်ပေးရတော့မှာမို့ ပစ္စည်းတွေကို သိမ်းဆည်းရင်း မောဟိုက်လာတော့တယ်။

ညနေပိုင်းက ကြည်လင်နေတယ်။ မိုးလည်းမရွာ နှင်းလည်းမကျ လေလည်း မတိုက်ဘူး။ ဆည်းဆာရဲ့ ရွှေဝါရောင် နေခြည်ကလေးတွေကသာ ကျွန်မနေတဲ့ ဇာတိအခန်းကလေးဆီကို ဖြန့်ကျက်ထိုးကျနေတယ်။

အိမ်က မထွက်မီ အိမ်ရှင်အဘိုးကြီးကို နှုတ်ဆက်ဖို့ ထွက်လာခဲ့မိတယ်။ အဘိုးကြီးရဲ့ရုံးက ကျွန်မငယ်ငယ်တုန်းက ရောက်ဖူးစဉ်က အတိုင်းပဲ လုံးဝမပြောင်းဘူး။ ဟိုးအရင်တုံးက အဘွားထိုင်တဲ့ ကုလားထိုင်သေးသေးလေးမှာပဲ ကျွန်မကထိုင်ပြီး အရင်တုန်းက ငုံ့ပေးနေကျ လက်ဖက်ရည်ကို သောက်ရင်းက ရာသီဥတုအကြောင်း၊ ရပ်ကွက်အကြောင်း၊ မြို့အကြောင်း စတာတွေကို ပြောရင်း အဘိုးကြီးလည်း အသက်အတော်ရလာပြီ။ သူ့ဇနီးတောင် ဆုံးသွားပြီ ထင်ပါရဲ့လို့ တွေးလိုက်မိတယ်။

ကျွန်မအတွက် အပြောင်းအလဲတွေက သိပ်မြန်လွန်းလှတယ်။ အဲဒီ အပြောင်းအလဲတွေကို မှီအောင်မနည်း တုံ့ပြန်ရင်း နွမ်းဟိုက်လို့ လာခဲ့ရတော့တယ်။



နောက်ဆုံးမတော့ ကျွန်မဟာ အရာရာကို သိမ်းဆည်းပြီးဖြစ်သွားတော့တယ်။

ကျွန်မအိမ်ခန်းထဲကို ထိုးကျနေတဲ့ နေခြည်နုတွေးရယ်၊ ကျွန်မအမြဲရှူနေကျ အိမ်ရဲ့ရနံ့လေးရယ်၊ မီးဖိုချောင်ရဲ့ ပြူတင်းပေါက်လေးရယ်၊ သူငယ်ချင်းတွေရဲ့ အပြုံးမျက်နှာနဲ့ ချစ်ခဲ့ရသူ ရှုးတားရောရဲ့ ဘေးတိုက်မျက်နှာကလေးကို မြင်တွေ့နေကျ တက္ကသိုလ်ပန်းခြံထဲက ထင်ရှူးရိပ်ကလေးတွေရယ်၊ ကျွန်မအိမ်ပြန်နောက်ကျတဲ့အခါ အဝေးမှတယ်လီဖုန်းနဲ့လှမ်းပြောနေတဲ့အဘွားရဲ့စကားသံရယ်၊ ဝရန်တာက အဘွားလမ်းလျှောက်လာတဲ့ ခြေသံ့ပ်ဖိနပ်သံတွေရယ်၊ ဆောင်းတွင်းနံနက်ခင်းရဲ့ မွှေ့ရာလေးရယ်၊ လိုက်ကာလေးတွေရယ်၊ မြက်ဖျာတွေရယ်၊ ပြီးတော့ တိုင်ကပ်နာရီရယ် အရာရာကို ကျွန်မ သိမ်းဆည်းလို့ပြီးသွားခဲ့တယ်။

အပြင်ကို ထွက်လာတော့ နေအတော်စောင်းနေပြီ။

အမှောင်က ချက်ချင်း ကျလာတယ်။ မြောက်ပြန်လေဝှေ့ရမ်းတိုက်ခတ်လာပြန်တဲ့အတွက် နည်းနည်းချမ်းလာတယ်။ ကုတ်အင်္ကျီရဲ့ ကော်လံကို လည်ပင်းမှာထောင်ပြီး ဘတ်စကားအလာကို စောင့်နေမိတယ်။

ဘတ်စ်ကားမှတ်တိုင်ရဲ့ လမ်းတစ်ဖက်မှာရှိတဲ့ အဆောက်အအုံကြီးတွေက ပြာလဲ့လဲ့ ပြူတင်းပေါက်ကလေးတွေဟာ ယိမ်းထိုးလှုပ်ရှားနေကြသလိုပဲ မြင်နေရတယ်။ အဲဒီအခန်းတွေထဲမှာ လှုပ်ရှားသွားလာ

နေကြတဲ့လူတွေရယ်၊ အထက်အောက် ရွေ့လျားနေကြတဲ့ ဓာတ်လှေကားတွေရယ် မြင်မြင်သမျှ အရာအားလုံးဟာ မှုန်ပြပြ အမှောင်ထုထဲကို ပျော်ဝင်သွားတော့မယောင် မြင်နေရတယ်။

ကျွန်မအဖို့ နောက်ဆုံးကျန်ရှိတဲ့ ပစ္စည်းထုပ်ကလေးကတော့ ခြေထောက်ဘေးနားမှာ ရှိနေလေရဲ့။ အထီးကျန်နိုင်လှတဲ့ မိမိရဲ့အကြောင်းကိုတွေးပြီး ဝမ်းနည်းလာတဲ့အတွက် ငိုချင်ပေမဲ့ စိတ်လှုပ်ရှားမှုများက များလွန်းနေလေတော့ ငိုလို့မရတော့ဘူး။

ဘတ်စ်ကားက လမ်းချိုးကလေးတစ်ခုကို ကွေ့ပြီး ရောက်လာတယ်။ ကျွန်မမျက်စိအောက်ကို ငြိမ်ငြိမ်ကလေး ရောက်လာပြီး ရပ်လိုက်တဲ့ဘတ်စကားပေါ်ကို ခရီးသည်တွေ တန်းစီပြီး ဒရောသောပါး တက်နေကြတယ်။

ဘတ်စကားက အတော်ကို ပြည့်ကျပ်နေတယ်။ ကျွန်မကတော့ လက်ကိုင်ကွင်းကိုဆွဲရင်း အနောက်ဘက်ဆီကို တဖြည်းဖြည်းငိုက်ဝင်သွားတဲ့ ဆည်းဆာရဲ့အလင်းရောင်ကို လှမ်းကြည့်နေမိတယ်။ ကောင်းကင်ပြင်ကြီးရဲ့ တစ်နေရာမှ ဆန်းစသော်တာလကွေးကွေးကလေးကိုလည်း လှမ်းမြင်လိုက်ရရော ဘတ်စကားကြီးက ငြိမ့်ခနဲထွက်သွားတော့တယ်။

ဘတ်စကားက ဘရိတ်အုပ်လိုက်တိုင်း ရှေ့ကို ယိမ်းထိုးသွားတယ်။ ကျွန်မ အတော်နွမ်းဟိုက်နေပြီဆိုတဲ့ သဘောပေါ့။ အဲဒီလိုယိမ်းထိုးလိုက်ပါရင်းကပဲ ကျွန်မဟာ ဟိုအဝေးကောင်းကင်ဆီက



လေသဘော်ကြီးတစ်စင်းကို လှမ်းမြင်လိုက်ရတယ်။ လေထုကို ထိုးဖောက်ပြီး ဖြည်းဖြည်းချင်း ရွေ့လျားနေရှာတယ်။

လေသဘော်ကြီးကို တွေ့တော့ ကျွန်မရင်ထဲမှာ ပျော်သွားပြီး အကြာကြီး စိုက်ကြည့်နေမိတယ်။ အချက်ပြမီးကလေးကို မှိတ်တုတ်မှိတ်တုတ်ဖွင့်ရင်း လေသဘော်ကြီးဟာ မှေးမှိန်တဲ့ လမင်းကြီးလိုတရွေ့ရွေ့ ပျံသန်းနေရှာတယ်။

အဲဒီအချိန်မှာ ကျွန်မရဲ့ရှေ့နားမှာ ထိုင်နေတဲ့ကလေးမလေးကိုနောက်ခုံမှာ ထိုင်နေတဲ့ အဘွားက အခုလို တိုးတိုးလေး ပြောလိုက်တယ်။

“ဟိုးမှာကြည့်စမ်း ယူကိကျုန်၊ လေသဘော်ကြီး ကြည့်လိုက်စမ်းပါဦးကွယ်။ လှလိုက်တာ”

အဘွားနဲ့မျက်နှာချင်းအတော်တူတဲ့ မြေးမကလေးကတော့ ဘတ်စကားထဲမှာ လူတွေ တိုးဝှေ့နေတဲ့အတွက် စိတ်အိုက်နေတဲ့ပုံစံမျိုးနဲ့ ကိုယ်ကလေးကို ဆန့်ထုတ်လိုက်ရင်းက ခုလို ပြန်ပြောလိုက်တယ်။

“မသိဘူး– မသိဘူး။ လေသဘော်လည်း မဟုတ်ဘဲနဲ့”

“ဩော်– အဘွားဖြင့် မသိပါဘူးကွယ်”

အဘွားကတော့ ဘာမှမဖြစ်သလို ပြုံးပြပြီး ပြန်ပြောတယ်။

“မရောက်သေးဘူးလားအဘွားရဲ့၊ အိပ်ချင်လှပြီ”

ယုကိကျန်က သူပြောချင်တာကို တစွတ်ထိုး ပြောနေတယ်။ "ပြိတ္တာမလေး"၊ ကျွန်မက နဂိုကတည်းက မောပန်းနေတာမို့ ဂိုကျနေတဲ့ ကောင်မလေးကို စိတ်ထဲကနေ ကျိန်ဆဲလိုက်တယ်။

"ရောက်ပါတော့မယ် ငါ့မြေးရယ်၊ ဟိုမှာကြည့်စမ်း နောက်မှာ မေမေတောင် အိပ်ပျော်နေပြီ။ သွားနှိုးလိုက်စမ်း"

" ဟဟ– ဟုတ်ပါရဲ့–ဟီဟိ"

နောက်ဘက်ထိုင်ခုံမှာ တခေါခေါနဲ့ အိပ်ပျော်နေတဲ့ သူ့အမေကို ကြည့်ပြီး ယုကိကျန်က ရီလိုက်တယ်။

ဒီတော့လည်း လိမ္မာသားပဲ။ အလွန်သဘောကောင်းတဲ့ အဘွားနဲ့ အလွန်ချစ်စရာကောင်းတဲ့ မြေးမလေးကို ကြည့်ပြီး ကျွန်မ ရင်ထဲမှ အားကျသလိုလို ခံစားလာမိပြန်တယ်။ အဲဒီအားကျမှုဟာ ကျွန်မအတွက် တကယ်မဖြစ်လာနိုင်တော့ဘူးလေ။

ဒီလိုနဲ့ပဲ ကောင်းကင်ထက်မှာ ပျံသန်းနေတဲ့ လေသင်္ဘောကို လှမ်းမျှော်ကြည့်ရင်း ဘတ်စကားပေါ်မှာ ဒယီးဒယိုင်နဲ့ လိုက်လာခဲ့မိတယ်။

ရုတ်တရက် ကိုယ့်ကိုကိုယ် သတိပြုမိလိုက်တဲ့ အချိန်မှာတော့ ကျွန်မရဲ့မျက်ရည်စတွေဟာ ပါးပြင်ပေါ်ကို ဖြတ်သန်းစီးဆင်းပြီး ရင်ဘတ်ပေါ် စီးကျနေတာကို တွေ့လိုက်ရတယ်။

ဘယ်လိုဖြစ်ပါလိမ့်။



မိမိနဲ့ အားမာန်သတ္တိတွေများ ပျက်စီးသွားခဲ့ပြီလား မသိ။ အလွန်အကျုံးမူးတဲ့အရက်မူးသမားလိုပဲ မိမိနဲ့မဆိုင်တဲ့နေရာမှာ ကျုံကျုံပါအောင် ငိုနေခဲ့မိပါလား။ နောက်တော့ ရှက်လွန်းလို့ မျက်နှာကြီးနီရဲလာတော့တယ်။ ဒါနဲ့ပဲ ဘတ်စကားပေါ်က အလျင်အမြန် တိုးဝှေ့ပြီး ဆင်းလိုက်ရတယ်။

ဆက်ပြီး ထွက်ခွာသွားတဲ့ ဘတ်စကားရဲ့နောက်ပိုင်းကို ငေးကြည့်ရင်း ကျွန်မဟာ မှောင်မိုက်တဲ့ လမ်းကလေးပေါ်မှာ တစ်ယောက်တည်း လျှောက်နေမိခဲ့တယ်။

အထုပ်အပိုးတွေကို မနိုင်တနိုင်နဲ့ သယ်ရင်းက အမှောင်ထဲမှာ တစ်ယောက်တည်း အားရပါးရငိုကြွေးနေမိတယ်။ မွေးကတည်းက အခုလို သဲကြီးမဲကြီးငိုကြွေးတာ ဒီတစ်ခါပဲ ရှိသေးတယ်။ မဆည်နိုင်အောင် စီးကျနေတဲ့မျက်ရည်ပူတွေရဲ့ကြားမှာ ငါ့အဘွားသေတုန်းက ဘာဖြစ်လို့ ဒီလိုမငိုခဲ့ရတာပါလိမ့်နော် လို့လည်း ပြန်တွေးမိတယ်။

သေသေချာချာပြန်စဉ်းစားကြည့်လိုက်တော့ အခုလိုငိုရတာ ဝမ်းနည်းလာလို့လည်း မဟုတ်ဘဲ မယ်မယ်ရရ အကြောင်းမရှိဘဲ သူ့အလိုလို ငိုချင်လာလို့ ငိုလိုက်မိတာပါပဲ။

ရုတ်တရက် သတိပြန်လည်လာလို့ ခေါင်းပေါ်ကို မော့ကြည့်လိုက်တဲ့အခါ လင်းထိန်နေတဲ့ ပြူတင်းပေါက်က အဖြူရောင်မီးခိုးတွေက အမှောင်ထုထဲကို စီးထွက်နေတာကို တွေ့လိုက်ရတယ်။ သေသေချာချာ နားစိုက်ကြည့်လိုက်တဲ့အခါ အလုပ်လုပ်နေတဲ့လူတွေရဲ့

အသံတွေ အိုးသံခွက်သံတွေကို ကြားလာရတယ်။ မဟုတ်မှလွဲရော ဒါ မီးဖိုချောင်ပဲ ဖြစ်ရမယ်။

နောက်ဆုံးမှာတော့ ကျွန်မစိတ်တွေ ပြန်ပြီး လန်းဆန်းလာတယ်။ ဒါနဲ့ပဲ ထိုင်ရာက ထပြီး စကတ်ကို ပြင်ဝတ်ရင်း လက်ကလေးကို ခေါင်းပေါ်တင်ကာ နဂိုရည်ရွယ်ထားတဲ့အတိုင်း ထာနာဘဲတို့ရဲ့အိမ်ကို ထွက်လာခဲ့မိတော့တယ်။

(ဆက်လက်ပြီး အသက်ရှင်သန်နိုင်ဖို့အတွက် ဘုရားသခင်ကယ်မတော်မူပါ။)

"အိပ်ချင်လှပြီ"လို့ ယူးအိကျိုကို ပြောရင်း အိမ်ရောက်တာနဲ့ အိပ်ရာထဲကို တန်းဝင်ခဲ့မိတယ်။ အတော်ပင်ပန်းတဲ့နေ့ပဲ။ ဒါပေမဲ့ အားရပါးရငိုချလိုက်ရလို့ ရင်ထဲမှာပေါ့သွားပြီး မှေးခနဲ အိပ်ပျော်သွားတော့တယ်။

"ဟယ်– တကယ်အိပ်ပျော်သွားပါလား"

မီးဖိုချောင်ထဲက လက်ဖက်ရည်ပွဲ သယ်လာတဲ့ ယူးအိကျိုရဲ့ အသံကို မပီတပီ ကြားလိုက်ရသလိုပဲ။

ကျွန်မကတော့ အိပ်မက်တောင် မက်နေခဲ့ပြီလေ။

ဒီနေ့ ကျွန်မထွက်လာခဲ့တဲ့ အခန်းကလေးကို ပြန်ပြီး မီးဖိုထဲက ရေဆေးအင်တုံကလေးကို ဆေးကြောနေခဲ့တယ်။ မီးဖိုရဲ့ ကြမ်းပြင် က စိမ်းစိမ်းဖန့်ဖန့်အရောင်ကို ကျွန်မနေခဲ့စဉ်က အတော့်ကို



မုန်းခဲ့ပေမဲ့ မတွေ့ရတာကြာသွားလို့လား မပြောတတ်ဘူး။ ဒီအရောင်ကလေးကိုပဲ သဘောကျသလိုလိုခံစားလာရပြန်တယ်။ အခန်းထဲမှာရှိတဲ့ ပန်းကန်စင်ပေါ်မှာရော၊ ကြောင်အိမ်နဲ့ ဗီရိုတွေအပေါ်မှာပါ ဘာဆိုဘာပစ္စည်းမှ မကျန်တော့ဘူး။ အစောကြီးကတည်းက သိမ်းဆည်းပြီးခဲ့ပြီလေ။

သတိရလို့ နောက်ကို လှည့်ကြည့်လိုက်တော့ ယူးအိကျိုက အဝတ်စုတ်တစ်ခုနဲ့ ကြမ်းပြင်ကို ကူတိုက်ပေးနေတာကို တွေ့လိုက်ရတယ်။ အတော်အားကိုးရတယ်။

"ခဏတဖြုတ် နားပြီး လက်ဖက်ရည်လေးဘာလေး သောက်ကြစို့လား"

ကျွန်မက ပြောလိုက်တယ်။ ဟာလာဟင်းလင်းဖြစ်နေတဲ့ အခန်းထဲမှာ ကျွန်မရဲ့အသံက ဟိန်းထွက်လာတယ်။ ပစ္စည်းတွေကင်းမဲ့နေတဲ့အခန်းဟာ ပိုပြီး ကျယ်လာသလို မြင်နေရတယ်။

"အင်း"

သူက မော့ကြည့်ရင်း အင်းလိုက် လိုက်တယ်။

ပြောင်းခဲ့ပြီးမှတော့ အိမ်ရှင်ရဲ့အခန်းကို အခုလို အားကောင်းမောင်းသန် ချွေးတွေသံတွေ ပြန်အောင် သန့်ရှင်းရေး လုပ်ပေးနေတာကို ပိုလွန်းတယ်လို့ ကျွန်မ တွေးလိုက်မိတယ်။ ဒါပေမဲ့ သူကတော့ သူ့သဘာဝအတိုင်း သဲကြီးမဲကြီး လုပ်နေရှာတယ်။

"ဒါ ခင်ဗျားတို့နေခဲ့တဲ့ မီးဖိုချောင်လား"

ယူးအိကျိက မီးဖိုချောင် ကြမ်းပြင်ပေါ်မှာခင်းထားတဲ့ ကူရှင်ပေါ်မှာ ထိုင်ရင်း လက်ဖက်ရည်ကြမ်း ထည့်လာတဲ့ ဖန်ခွက်ထဲက လက်ဖက်ရည်တွေကို မော့သောက်ရင်း မေးလာတယ်။ လက်ဖက်ရည်ခွက်တွေက ထုပ်ပိုးသိမ်းဆည်းတဲ့အထဲကို ပါသွားခဲ့ပြီလေ။

"မီးဖိုချောင်ကလေးက အတော့်ကို စမတ်ကျမှာပဲနော်"

"ဟုတ်တယ်၊ တစ်ချိန်တုန်းကတော့ သိပ်ကောင်းတဲ့ မီးဖိုချောင်ကလေးပေါ့"

ကျွန်မက ပန်းကန်ခပ်စောက်စောက်ထဲက လက်ဖက်ရည်ကို ထည့်ပြီး ရိုးရာလက်ဖက်ရည်ပွဲမှာ ကိုင်တဲ့ပုံစံမျိုးနဲ့ ပန်းကန်ကိုလက်နှစ်ဖက်နဲ့ ကိုင်သောက်ရင်း ပြန်ဖြေလိုက်တယ်။

"မှန်ဗီရိုထဲမှာတော့ ဘာမှ မရှိတော့ဘူး"

အားလုံး တိတ်ဆိတ် ငြိမ်သက်နေပြီ။

အပေါ်မော့ကြည့်လိုက်တော့လည်း နံရံထက်မှာ တိုင်ကပ်နာရီရဲ့ နေရာဟောင်းကလေးလောက်ပဲ မြင်ရတော့တယ်။

"အခု ဘယ်နှစ်နာရီထိုးပြီလဲ"

ကျွန်မက မေးလိုက်တယ်။

"သန်းခေါင်လောက် ရှိမှာပေါ့"လို့ ယူးအိကျိက ပြန်ဖြေတယ်။



"ဘယ်လို သိတာလဲ"

"အပြင်ဘက်မှာ မှောင်နေပြီလေ။ ပြီးတော့ ဘာသံကိုမှ မကြားရတော့ဘူး"

"ဒါဆို ရှင့်မျက်စိထဲမှာ ကျွန်မဟာ အိမ်က ထွက်ပြေးလာတဲ့ ညဉ့်ငှက်မလေးနဲ့ တူမနေဘူးလား"

ကျွန်မက အဲဒီလို ပြောလိုက်တော့ ယူးအိကျိဟာ မကြားချင်ယောင်ဆောင်ပြီး စကားလွှဲလိုက်တယ်။

"ခုနက စကားကို ဆက်ရဦးမယ်။ ခင်ဗျား ကျွန်တော်တို့ အိမ်ကပါ ထွက်ပြေးဖို့ ကြံနေတယ် မဟုတ်လား။ မသွားပါနဲ့ဗျာ"

သူ့စကားက ဘယ်လိုမှ အဆက်အစပ်မရှိဘဲနဲ့ စကားဆက်ရဦးမယ်ဆိုတော့ ကျွန်မ ခေါင်းထဲမှာ ရှုပ်သွားပြီး သူ့ကို မော့ကြည့်လိုက်တယ်။

"ကျွန်တော်ဟာ အဲရိကိုး ပြောသလို ထင်ရာလုပ်တတ်တဲ့လူလို့ ခင်ဗျား မြင်နေမလား မပြောတတ်ဘူး။ ဒါပေမဲ့ ခင်ဗျားကိုကျတော့ ကျွန်တော် သေသေချာချာစဉ်းစားပြီးမှ ခေါ်တာပါဗျာ။ ပြီးတော့ အဘွား မသေခင်တုန်းကလည်း ခင်ဗျားအတွက် အတော်စိတ်ပူနေခဲ့ရှာတာပါ။ ခင်ဗျားရဲ့စိတ်တွေကို အသိနိုင်ဆုံး နားအလည်ဆုံးကလည်း ကျွန်တော်ပဲ ဖြစ်မှာပါလေ။ ဒါပေမဲ့ ခင်ဗျား ကျန်းကျန်းမာမာဖြစ်လာတဲ့အခါ ကျွန်တော်တို့က ဘယ်လောက်ပဲ တားတား မရဘူးဆိုတာ သိပါတယ်ဗျာ။

"အခုတော့ ချက်ချင်း ထွက်သွားလို့ ခင်ဗျား ကျန်းမာရေးက မကောင်းသေးဘူးလေ။ ခင်ဗျားကို ဒီလို ပွင့်ပွင့်လင်းလင်း ပြောမဲ့သူဆိုတာကလည်း ကျွန်တော်ပဲ ရှိတာ မဟုတ်လား။ ကျွန်တော်နဲ့ ကျွန်တော့်အမေ ပိုက်ဆံတွေ ကုန်းရုန်းရှာနေကြတာဟာလဲ ဒီလို အခြေအနေမျိုးမှာ သုံးဖို့ပါဗျာ။ ဖျော်ရည်စက်တွေ ဘာတွေဝယ်ဖို့ မဟုတ်ပါဘူး"

သူက အဲဒီလို ပြောပြီး ရယ်လိုက်ပြန်တယ်။

"အိမ်မှာပဲ အတူတူနေပါဗျာ။ စိတ်လေတိုင်း ထင်ရာမစိုင်းချင်စမ်းပါနဲ့"

တကယ်ကို လူသတ်တရားခံတစ်ယောက်ကို ဖျောင်းဖျနေတဲ့ပုံစံမျိုးနဲ့ ကျွန်မကို စိမ်းစိမ်းကြီးကြည့်ပြီး တစ်ခွန်းချင်း ပြောနေပြန်တယ်။

မတတ်သာတဲ့အဆုံး ကျွန်မက ခေါင်းညိတ်ပြလိုက်ရတယ်။ "ဟုတ်ပြီ။ ဒါဆို ကြမ်းပြင်တိုက်လိုက်ကြဦးစို့"လို့ သူက ပြောလာတယ်။

ကျွန်မလည်း ကြမ်းတိုက်အဝတ်ကို ကောက်ကိုင်ပြီး ထလိုက်တယ်။ ပန်းကန်တွေ ဆေးနေတုန်း ရေစီးသံတွေနဲ့အတူ ယူးအိကျိရဲ့ သီချင်းညည်းသံကို ရောပြီး ကြားလာရတယ်။

"လရောင်ရိပ်ကို ရောင်ကာရယ်
လောင်းလှေကလေးကိုကွယ်–
ကျောက်ဆောင်စွန်းမှာ ဆိုက်ကပ်မယ်။



"ဟယ် အဲဒီသီချင်းကို ကျွန်မသိတယ်။ ဘာတဲ့ သိပ်ကြိုက်တာပဲ။ ဘယ်သူဆိုတဲ့သီချင်းပါလိမ့်"

ကျွန်မက အဲဒီလို ဝင်ပြောလိုက်တယ်။

"ဆာကူရာကျိုမိုမိုကိုးရဲ့ သီချင်းလေ။ ခင်ဗျား သိပ်မှတ်မိလွယ်တာပဲ"

ယူးအိကျိုက ရယ်လိုက်ပြန်တယ်။

ကျွန်မနဲ့ ယူးအိကျိုဟာ ရေအင်တုံနဲ့ ကြမ်းပြင်တွေကို ပြိုင်တူပွတ်တိုက်ရင်း အဲဒီသီချင်းကို ပြိုင်တူဆိုနေမိကြတယ်။

ညသန်းခေါင်ယံအချိန် ဆိတ်ငြိမ်တဲ့ အခန်းထဲမှာ အခုလို သံပြိုင်ဆိုရတာ သိပ်ပျော်ဖို့ ကောင်းတာပါပဲရှင်။

"ကျွန်မ ဒီအပိုဒ်ကို သိပ်ကြိုက်တာပဲ"

ကျွန်မက သီချင်းရဲ့ဒုတိယပိုဒ်ကို ဆိုပြလိုက်တယ်။

(ဟိုအဝေး အဝေး-- မီးပြတိုက်ကလေးဆီကကွယ်--လွင့်ထွက်လာတဲ့ မီးရောင်ကလေးတွေရယ် သစ်ပင်သစ်ခက်ကြားကနေရောင်ကလေးတွေနှယ် ငါတို့ နှစ်ယောက်သား မြင်နေရတယ်)

ကျွန်မတို့နှစ်ယောက်သားဟာ အဲဒီအပိုဒ်ကို အသံကုန် ဟစ်ကြွေးပြီး ပြန်ဆိုနေမိကြတော့တယ်။

(ဟိုအဝေး--အဝေး--မီးပြတိုက်ကလေး)...

အဲဒီလိုဆိုနေကြတုန်း ကျွန်မက ရုတ်တရက် သတိရလာပြီး

"ရှူး–သိပ်အကျယ်ကြီးအော်ဆိုနေရင် ဟိုဘက်ခန်းမှာ အိပ်နေတဲ့ အဘွားကြီး နိုးသွားပါဦးမယ်"

လို့ ဟန့်တားလိုက်ရတယ်။ ဒီမှာတင်ပဲ သီချင်းသံက ရပ်သွားတော့တယ်။

ယူးအိကျိုလည်း ကျွန်မလိုပဲ တွေးမိခဲ့ပုံရတယ်။ ချက်ချင်း ကြမ်းတိုက်နေတာကို ရပ်ပစ်တယ်။ ပြီးမှ ကျွန်မဘက်ကို လှည့်ပြီး အားနာတဲ့ပုံစံမျိုးနဲ့ ကြည့်နေတယ်။ ကျွန်မလည်း အလိုက်သင့် ရယ်ပြလိုက်တယ်။

အဲရီကိုးက ကြင်နာမှုအပြည့်နဲ့ ပြုစုပျိုးထောင်လာခဲ့တဲ့ ယူးအိကျို ရဲ့မျက်နှာဟာ တကယ့်ကို အိမ်ရှေ့မင်းသားတစ်ယောက်လို တည်ငြိမ်သွားပြန်တယ်။ ပြီးမှ–

"ကဲ– ကဲ– ပစ္စည်းတွေ သိမ်းကြစို့။ အပြန်ကျရင် ပန်းခြံထဲက ခေါက်ဆွဲဆိုင်မှာ ဝင်စားကြစို့လား"လို့ပြောလာတယ်။

* * *

မျက်လုံးက ရုတ်တရက် ပွင့်လာတယ်။

ညဉ့်နက်သန်းခေါင်အချိန်ကြီး၊ ပြီးတော့ ထာနာဘဲတို့အိမ်က ဆိုဖာပေါ်မှာ။ ညဦးပိုင်းက အစောကြီး အိပ်ရာဝင်ခဲ့လို့လဲ မဟုတ်ပါဘူး။ သြော်–သိပြီ။ ထူးဆန်းတဲ့ အိပ်မက်တစ်ခုကြောင့် လန့်နိုးလာခဲ့တာပဲ။



ကျွန်မက အဲဒီလို တွေးလိုက်ရင်း မီးဖိုချောင်ထဲကို ရေသောက်ဖို့ ထွက်လာခဲ့တယ်။ ဘာကြောင့်ရယ် မသိဘူး။ ရင်ထဲမှာလည်း တလှပ်လှပ် ခံစားနေရတယ်။ ယူးအိကျိုရဲ့အမေကလည်း ခုအထိ ပြန်မရောက်သေးဘူး။ ၂–နာရီတောင် ထိုးနေပြီ။

အိပ်မက်ရဲ့ ခံစားချက်တွေက အခုအထိ စွဲတင်ကျန်ရစ်တုန်းပဲ။ သံမဏိ ရေအင်တုံထဲကို တပေါက်ပေါက်ကျနေတဲ့ ရေသံကို နားစွင့်ရင်း ရေအင်တုံကို ပွတ်တိုက် ဆေးကြောရရင် ကောင်းလေမလားလို့ စဉ်းစားလိုက်မိသေးတယ်။

ညကလည်း မှောင်ပြီး ငြိမ်နေလိုက်တာ။ ကြယ်ကလေးတွေ ကောင်းကင်ထက်မှာ ရွှေ့လျားနေကြတဲ့အသံကိုတောင် ကြားရမတတ် ပါပဲ။ ညှိုးနွမ်းခြောက်သွေ့နေတဲ့ကျွန်မရဲ့နှလုံးသားထဲကို ရေအေး တစ်ခွက် စိမ့်ဝင်သွားတယ်။ ချမ်းလိုက်တာ။ ခြေညှပ်ဖိနပ် စီးထားတဲ့ ကျွန်မရဲ့ခြေထောက်တွေတောင် တဆတ်ဆတ် တုန်လာတယ်။

"ဟေး ဘာလုပ်နေတာလဲ"

လို့ပြောပြီး ရုတ်တရက် ယူးအိကျိုက ကျွန်မရဲ့နောက်မှာ ရောက်လာတဲ့အတွက် ထိတ်ခနဲ ဖြစ်သွားမိတယ်။

"ဟယ် ဘာ–ဘာပြုလို့ "ကျွန်မက အယောင်ယောင် အမှားမှား ပြောရင်း သူ့ကို လှည့်ကြည့်လိုက်တယ်။ "မျက်စေ့က ကြောင်ပြီး နိုးလာတယ်။ ဗိုက်ကလည်း ဟာလာတာနဲ့ ခေါက်ဆွဲပြုတ် စားရရင် ကောင်းမလားလို့ စဉ်းစားရင်းနဲ့ . . ."

ယူးအိကျိုဟာ အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ပုံစံနဲ့ လုံးဝမတူဘဲ အိပ်ချင်မူးတူးနဲ့ ဗလုံးဗထွေး ပြောနေတယ်။

ကျွန်မက ငိုချလိုက်မလို လုပ်ပြီးမှ အသံကို ထိန်းပြီး–

"ကျွန်မ ပြုတ်လိုက်ပါ့မယ်။ အိပ်မှာသာ သွားအိပ်ချေပါ။ ကျွန်မရဲ့ဆိုဖာပေါ်မှာဖြစ်ဖြစ် . . ."

"အော–အော– ခင်ဗျားရဲ့ဆိုဖာပေါ်မှာလား"

အဲဒီလို ပြောပြီး ဒယီးဒယိုင်နဲ့ ကျွန်မရဲ့ ဆိုဖာပေါ်မှာ သွားထိုင်လိုက်တယ်။

အမှောင်ထုအောက်မှာ လွင့်မြောနေတဲ့ ဒီမီးပိုချောင်ရဲ့ မီးချောင်းအောက်မှာကျွန်မဟာ ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်မိတယ်။ ပြီးတော့ ဟင်းရွက်ဟင်းသီးတွေကို အစိတ်စိတ်အပိုင်းပိုင်း ဓားနဲ့လှီးနေမိတယ်။

ကျွန်မ အလွန်နှစ်သက်တဲ့ ဒီမီးပိုချောင်ကလေးမှာ ခေါက်ဆွဲပြုတ်ရင်း ယူးအိကျိုကို ကျောခိုင်းကာ ကျွန်မက အခုလို အပြောင်အပျက် သဘောမျိုးနဲ့ ပြောလိုက်တယ်။

"ကျွန်မရဲ့အိပ်မက်ထဲမှာတောင် ရှင်က ခေါက်ဆွဲပြုတ် ဆာတယ်လို့ ပြောခဲ့သေးတယ်"

သူ့ဆီက ဘာမှ တုံ့ပြန်ပြီး ပြောမလာဘူး။ ဒါနဲ့အိပ်များပျော်နေပြီလားလို့ လှည့်ကြည့်လိုက်တော့ ယူးအိကျိုဟာ ကျွန်မကို မျက်လုံးအပြူးသားနဲ့ တအံ့တသြစိုက်ကြည့်နေတာကို တွေ့လိုက်ရတယ်။



"ကျွန်မ–ကျွန်မ တကယ်ဆာလိမ့်မယ်လို့ မထင်ခဲ့ဘူး"

"မင်းတို့ အရင်နေခဲ့တဲ့ အိမ်ရဲ့မီးဖိုချောင်ကလေးရဲ့ကြမ်းပြင်က စိမ်းဝါရောင်ကလေးနော်။ သိပ်ပြီး ပဟေဠိဆန်မနေဘူးလား"

ယူးအိကျိုက သူ့ကိုယ်သူ ပြန်ပြောသလို တိုးတိုးကလေး ညည်းတွားပြီး ပြောလိုက်တယ်။

ကျွန်မလည်း ရုတ်တရက် ရှက်သွားပြီး ကျေနပ်တဲ့သဘောမျိုးနဲ့–

"အဲဒီတုန်းက ဂရုတစိုက်သန့်ရှင်းရေး လုပ်ပေးခဲ့တာ ကျေးဇူးပါပဲနော်"လို့ စကားလွှဲပြီး ပြောလိုက်တယ်။ ကျွန်မတို့ မိန်းမတွေဟာ အဲဒီလိုကိစ္စမျိုးမှာ သိပ်ပြီး အကင်းပါးကြတယ် ထင်ပါရဲ့။

"အင်း အခုမှပဲ မျက်လုံးက ကြည်ကြည်လင်လင် ဖြစ်လာတော့တယ် " စောစောပိုင်းက အိပ်ငိုက်နေခဲ့သည်ကို အားတုံ့အားနာဖြစ်နေပုံမျိုးနဲ့ သူက ပြောလိုက်ပြီး "ခွက်ကြီးကြီးတစ်ခွက်ထဲမှာ လက်ဖက်ရည်ကြမ်း ထည့်ပေးပါလား"လို့ တောင်းပန်လာတယ်။

" ကိုယ့်ဘာသာ ထပြီး ထည့်ပါလား"

" အား ဟုတ်သားပဲ။ ဖျော်ရည်စက်နဲ့ ဖျော်ရည်တစ်ခုခု ဖျော်သောက်ကြစို့လား။ မင်းကော သောက်မယ် မဟုတ်လား"

"အင်း– သောက်ချင်တယ်"

ယူးအိကျိုက ရေခဲသေတ္တာထဲက ဂရိတ်ဖရုနှစ်လုံးကို ယူပြီး စက္ကူဖာထဲက ဖျော်ရည်စက်ကလေးကို ထုတ်လိုက်တယ်။

ကျွန်မကတော့ တိတ်ဆိတ်တဲ့ညအချိန်မှာ မီးဖိုချောင်ထဲက နှစ်ယောက်စာ ဖျော်ရည်အတွက် လည်ပတ်နေတဲ့စက်သံကို နားထောင်ရင်း ခေါက်ဆွဲတွေကို ရေနွေးထဲမှာ ထည့်ပြုတ်နေမိတယ်။ ကျွန်မတို့ အဖြစ်က အတော်ကြီးအံ့သြဖို့ ကောင်းနေသလို တစ်ဖက်မှာ ပြန်တွေးလိုက်တော့လည်း ဘာမှ မဟုတ်တဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ခုလိုပဲ မြင်နေရပြန်တယ်။ ဆန်းသလိုလိုနဲ့ ရိုးနေတယ်။

ဒီလိုနဲ့ပဲ စကားလုံးအဖြစ် ပေါ်ထွက်မလာခင်မှာ ကျွန်မဟာ ခံစားချက်ဟူသမျှကို ရင်ထဲမှာ ကြိုးစားပြီး ဖျောက်ဖျက်ပစ်ရတယ်။ ရှေ့ဆက် သွားရဦးမယ့် ခရီးက အရှည်ကြီး ကျန်သေးတယ်လေ။ ထပ်ပြန်တလဲလဲ ဖြစ်လာကြဦးမဲ့ညတွေ နံနက်တွေရဲ့ကြားမှာ အခု ကြုံတွေ့ခဲ့ရတဲ့အဖြစ်မျိုးဟာ အိပ်မက်လို့ပဲ ပျောက်ကွယ်သွားဦးမှာပဲ မဟုတ်လား။

* * *

"မိန်းမဖြစ်ရတာ မသက်သာလှပါဘူးကွယ်"

တစ်ခုသော ညနေစောင်းမှာ အဲရီကိုးက ရုတ်တရက် ပြောလာတယ်။ ကျွန်မလည်း ဖတ်လက်စ မဂ္ဂဇင်းက မျက်နှာကို ခွာပြီး "ဟယ်"လို့ ပြောလိုက်မိတယ်။ အလွန်တရာချောမောလှပတဲ့ အဲရီကိုးဟာ အလုပ်မသွားမီ ဝရံတာပေါ်က ပန်းပင်တွေကို ရေလောင်းနေရှာတယ်။



"မိခင်ယ်ကိုတော့ အန်တီက ယုံတယ်။ ဒါကြောင့်လည်း အန်တီရဲ့ခံစားချက်တွေကို ဖွင့်ပြောချင်မိတယ်။ အန်တီလေ ယူးအိကျိုကို ရင်မှာပိုက်ပြီး ပြုစုလာခဲ့ပြီးတဲ့နောက် လူတွေရဲ့ သဘောသဘာဝကို ပိုပြီး နားလည်လာမိသလိုပဲ။ ဒုက္ခတွေ တွေ့ခဲ့ရတာမှ ဒုနဲ့ဒေးပဲ။ အဲ လူဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်ရင် တစ်ခုခုကို ပြုစုပျိုးထောင်ကြည့်သင့်တယ်။ ကလေးငယ် တစ်ယောက် ပဲဖြစ်ဖြစ် ပန်းပင်တစ်ပင်ပဲဖြစ်ဖြစ်ပေါ့။ အဲဒီအခါကျမှ လူဟာ ကိုယ့် အတိုင်းအတာကို ကိုယ် နားလည်လာတတ်တယ်။ အဲဒီအခါကျမှ လူ့ဘဝ ဆိုတာလည်း စတော့တာပဲ"

အန်တီက ခမ္ဘာတေးသီချင်း ရွတ်တဲ့လေသံမျိုးနဲ့သူရဲ့အဘိဓမ္မာကို ပြောပြနေတော့တယ်။

"ဟုတ်တယ်နော်အန်တီ။ လူ့ဘဝဆိုတာ ဒုက္ခတွေ အခက်အခဲတွေနဲ့ ပြည့်နေတာပဲနော်"

ကျွန်မကလည်း စိတ်လှုပ်ရှားမှုအပြည့်နဲ့ ဝင်ထောက်ခံလိုက်တယ်။

"ဒါပေါ့ကွယ်။ ဒါပေမဲ့ လူဆိုတာက တစ်ခါမှ စိတ်ဓာတ်မကျဘူးပဲ။ မိမိကိုယ်ကို မှန်မှန်ကန်ကန် မသုံးသပ်နိုင်သရွေ့တော့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ တကယ့်အနှစ်သာရကို ဘယ်မှာလာပြီး သိနိုင်တော့မှာလဲကွယ်။ အန်တီတော့ ကံကောင်းတယ်လို့ ဆိုရမှာပဲ"

သူက ဆက်ပြောလာပြန်တယ်။ သူ ပခုံးပေါ်မှ ဝဲနေတဲ့ဆံပင်တွေ ကလည်း လေနဲ့အတူ ယိမ်းယိုင်လှုပ်ရှားနေကြတယ်။ လူ့ဘဝဆိုတာ စိတ်ညစ်စရာနေ့တွေနဲ့ ပြုံးတီးနေသလို ခက်ခဲကြမ်းတမ်းမှုတွေလည်း များစွာရှိနေနိုင်တဲ့အကြောင်းကို ကျွန်မလည်း ကြိုတွေးလိုက်မိတယ်။ အဲဒီလိုအခါမျိုးမှာ ဘယ်လို ချစ်ခြင်းမေတ္တာမျိုးမှ မိမိခံစားရတဲ့ ဒုက္ခကနေ ကယ်တင်မပေးနိုင်ဘူးလေ။

ဒါပေမဲ့ အန်တီဟာ ဆည်းဆာရဲ့ ဖျော့တော့တဲ့ နေရောင်ခြည်အောက်မှာ သွယ်ပြောင်းလှတဲ့ လက်ကလေးတွေနဲ့ ပန်းပင်တစ်ပင်ချင်းကို ရေလိုက်လောင်းနေရှာတယ်။ ကြည်လင်တဲ့ ရေပန်းကလေးတွေရဲ့အနီးတစ်ဝိုက်မှာတော့ သက်တန့်လို အဝိုင်းကလေးတွေကို တွေ့နေရတယ်။

"အန်တီ ပြောတာကို သဘောပေါက်လာသလိုလိုပဲ" ကျွန်မက ဝင်ပြောလိုက်တယ်။

" မိခင်ယေ်ရဲ့ ရိုးသားပွင့်လင်းမှုကို အန်တီသိပ်သဘောကျတယ်။ သမီးကို ပြုစုပေးခဲ့တဲ့ အဘွားကိုလည်း အန်တီ သိပ်ချီးကျူးမိတယ်"

"ကျွန်မလည်း အဘွားအတွက် အမြဲဂုဏ်ယူနေခဲ့ရတယ် အန်တီ"

ကျွန်မက ပြုံးရယ်ရင်း ပြောလိုက်တယ်။

"ငါ့တူမ သိပ်ကံကောင်းတာပဲကွယ်"



အန်တီက ကျွန်မကို ကျောပေးရင်း ပြုံးနေရှာတယ်။

"တစ်နေ့ကျရင် ငါဒီအိမ်က ထွက်သွားရတော့မှာပါလား" လို့ တွေးရင်း ကျွန်မဟာ ဖတ်လက်စ မဂ္ဂဇင်းဆီကို မျက်နှာမူလိုက်တယ်။ ရင်ထဲမှာ ဟာခနဲခံစားလိုက်ရတာ အမှန်ပေမဲ့ လက်တွေ့အဖြစ်က ပြောင်းထွက်သွားရမှာက သေချာနေပြီလေ။

အဲဒီလို ခွဲခွာသွားပြီးတဲ့အချိန်ကျရင် ဒီအိမ်ကလေးမှာ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရတာတွေကို ပြန်ပြီး လွမ်းနေမလား မပြောတတ်ဘူး။

ဒါမှမဟုတ် ဒီအိမ်က မီးဖိုချောင်ထဲကို ပြန်ရောက်ချင်ရောက်နေမှာပါလေ။

ပစ္စက္ခအခြေအနေမှာတော့ ကျွန်မမှာ အလွန်ခင်ဖို့ ကောင်းတဲ့ မိခင်ရယ်၊ ကြင်နာတတ်တဲ့မျက်လုံးတွေကို ပိုင်ဆိုင်တဲ့သားဖြစ်သူရယ်နဲ့ အတူတူနေနေရတယ်လေ။ ဒါက အရှိတရားပဲ။

လူ့ဘဝဆိုတာက တဖြည်းဖြည်း အသက်တွေကြီးလာရဦးမယ်။ အတွေ့အကြုံအမျိုးမျိုး ဆုံးရှုံးမှုအမျိုးမျိုးနဲ့ ရင်ဆိုင်ရဦးမယ်။ ဝမ်းနည်းစရာအမျိုးမျိုးကို ခံစားရဦးမယ်။ ဘယ်အခြေအနေပဲ ရောက်ရောက် ကိုယ့်ခြေထောက်ပေါ်ကိုယ် ပြန်ရပ်နိုင်အောင်တော့ ကြိုးစားရဦးမှာပဲ။ ဘဝကို လက်မြှောက်အရှုံးပေးလို့မဖြစ်ဘူး။ အထူးသဖြင့်တော့ ကျွန်မစိတ်ဓာတ်တွေ ပျက်ပြားမသွားဖို့က အရေးအကြီးဆုံးပဲဟေ့။

အိပ်မက်ထဲ မီးဖိုချောင်လေးတွေ။

ကျွန်မအဖို့ မီးဖိုချောင်လေးများစွာကို ဖြတ်သန်းနေရဦးမယ်လေ။ အတွေးထဲက မီးဖိုချောင် . . .တကဲ့လက်တွေ့မီးဖိုချောင် . . . စပြီး စုံလို့ပါပဲရှင်။

ခရီးသွားရင် လည်း မီးဖိုချောင်လေးတွေနဲ့ တွေ့ရဦးမှာပဲ။ မီးဖိုချောင်ထဲမှာ တစ်ယောက်တည်းနေတဲ့အခါမျိုး ရှိသလို လူအများကြီးနဲ့နေတဲ့အခါမျိုး၊ နှစ်ယောက်တည်းရှိတဲ့အခါမျိုး စလို့ ကျွန်မ အသက်ရှင်နေသရွေ့ မီးဖိုချောင်အမျိုးမျိုးနဲ့ ဆုံနေရဦးမှာပေါ့လေ။

ဆောင်းဦးပေါက် ကုန်ခါနီးလောက်မှာ အဲရီကိုးတစ်ယောက် ဆုံးသွားရှာတယ်။

လူရှုးတစ်ယောက်ရဲ့ လိုက်လံ ချောင်းမြောင်းပြီး အသတ်ခံလိုက်ရတယ်။ အဲဒီလူက အဲရီကိုးကို ဈေးတစ်နေရာမှာ စတွေ့ခဲ့ပြီး စိတ်ဝင်စားလာတဲ့အတွက် သူ့ကို နောက်ယောင်ခံပြီး လိုက်ကြည့်လိုက်တော့ မိန်းမလျာတွေ အလုပ်လုပ်နေတဲ့ အရက်ဆိုင်ဆိုတာ သိခဲ့ရတယ်။ သူက မိမိအရူးအမူး ချစ်လာခဲ့ရတဲ့ မိန်းမချောကလေး တစ်ယောက်ဟာ မိန်းမလျာဖြစ်နေတာကို တွေ့ရတဲ့အတွက် ဝမ်းနည်းမိကြောင်း စာအတန်တန်ရေးပြီး အဲဒီအရက်ဆိုင်ကို မကြာမကြာ ဝင်ထွက်နေခဲ့တယ်။ သူလာပါများလေလေ အဲရီကိုးနဲ့ ဆိုင်ကလူတွေက လည်း မျက်မုန်းကျိုးလေလေ ဖြစ်လာတယ်။ ဒါနဲ့ တစ်နေ့မှာ အဲဒီလူဟာ သူ့ကိုမထေမဲ့မြင် ပြုရကောင်းလားဆိုပြီး ရှက်ရမ်းရမ်းတဲ့ သဘောနဲ့ အဲရီကိုးကို ဓားနဲ့ထိုးလိုက်တယ်။ အဲရီကိုးလည်း သွေးတွေ ဒလဟောစီးထွက်နေတဲ့ ဒဏ်ရာကိုဖိရင်း ဆိုင်မှာ အလှဆင်ထား

တဲ့ သံမဏိခေါင်းလောင်းနဲ့ အဲဒီလူရူးကို အသေထုသတ်လိုက်တယ်။ ပြီးမှ "ကိုယ့်ကို စော်ကားလာတဲ့လူကို ပြန်လည်ခုခံတာ လူသတ်မှုတော့ မမြောက်ပါဘူးနော်"လို့ပြောပြီး အသက်ထွက်သွားရှာတယ်လို့ သိရတယ်။

ဆာကူရအီ မိခင်ယ်ဆိုတဲ့ ကျွန်မအနေနဲ့ ဒီသတင်းကို ကြားရတဲ့အချိန်က ဆောင်းတွင်းရောက်နေပြီဆိုတော့ ကိစ္စဝိစ္စတွေက အကုန်လုံးပြီးနေပြီ။ ရုတ်တရက် ယူးအိကျိုက ဖုန်းဆက်လာလို့ သိရတာ။

"မာမီက သိပ်သတ္တိကောင်းတယ်။ တိုက်ရိုက်ခိုက်ရင်း သေသွားတာပဲ"

ယူးအိကျိုက ရုတ်တရက် အဲဒီလို ဖွင့်ပြောပြလာတယ်။ သူ ဖုန်းဆက်လာတာကလည်း ညသန်းခေါင်ကျော် တစ်နာရီလောက်လေ။ ညကြီးမင်းကြီး တဝွမ်ဝွမ်နဲ့ မြည်လာတဲ့ တယ်လီဖုန်းသံကြောင့် ကျွန်မလည်း အိပ်ချင်မူးတူးနဲ့ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်တယ်။ အစပိုင်းမှာတော့ ခေါင်းထဲမှာ နောက်ကျိနေတဲ့အတွက် တစ်ဖက်က ဘာတွေပြောနေမှန်း မသိဘူး။ အိပ်မက်ထဲမှာ ကြည့်ရတဲ့ စစ်ကားထဲက အသံတွေလို့လည်း ထင်နေမိတယ်။ ကျွန်မက အကြိမ်ကြိမ် ထပ်ပြီးမေးကြည့်လိုက်တယ်။ ခဏလောက် ငြိမ်ကျသွားပြီးတဲ့နောက်မှ ယူးအိကျိုက ဆိုလာတယ်။

"မာမီ အဲ ကျွန်တော်ရဲ့အဖေ လူသတ်ခံလိုက်ရတယ်"



ကျွန်မ ယုံတောင်မယုံဘူး။ ဘာမှလည်း နားမလည်တော့ ယူးအိကျိုက သူ့အမေ အသတ်ခံလိုက်ရတဲ့အကြောင်းကို ကျွန်မ နားလည်အောင် တစ်လုံးချင်း ရှင်းပြလာတယ်။ ကျွန်မကတော့ ဘယ်လိုယုံရမှန်း မသိတော့ဘူး။ မျက်လုံးထဲမှာလည်း ပြာခနဲ ဖြစ်သွားတယ်။ တယ်လီဖုန်းထဲက စကားသံတွေဟာ မိုင်ပေါင်းများစွာ ဝေးကွာသွားသလို တိုးတိမ်ပြီး ဝင်သွားတယ်။

"ဟင် အဲဒါက ဘယ်တုန်းက...လောလောဆယ်လား"

"ကျွန်မဟာ ကိုယ့်စကားသံတွေ ဘယ်ကထွက်လာမှန်းလဲ မသိ။ ဘာတွေပြောလို့ ပြောမှန်းလဲ မသိအောင် ယောင်တိယောင်ဝါး ဖြစ်ရင်း မေးနေမိတယ်။

"မဟုတ်ပါဘူး။ နည်းနည်းတော့ ကြာသွားပါပြီ။ ဆိုင်ကလူတွေပဲ အကျဉ်းရုံးပြီး သင်္ဂြိုဟ်ပေးခဲ့ကြတယ်လေ။ ချက်ချင်း အကြောင်းမကြားဖြစ်ခဲ့တာ ခွင့်လွှတ်ပါ"

ကျွန်မဟာ ရင်ထဲက အသည်းနှလုံးတွေကို ဆုတ်ခွာယူလိုက်သလို ခံစားလိုက်ရတယ်။ ဒါဆို သူ ဒီလောကကြီးမှာ မရှိတော့ဘူးပေါ့။ ဘယ်မှာရှာရှာ မတွေ့နိုင်တော့ဘူးပေါ့။

"ခွင့်လွှတ်ပါကွာ။ ကိုယ့်ကို ခွင့်လွှတ်ပါ" ယူးအိကျိုအထပ်ထပ် အခါခါ တောင်းပန်နေရှာတယ်။ ကျွန်မအဖို့ ယူးအိကျိုကို လုံးဝ သတိမရတော့ဘူး။

အော်ပဲ ငိုချလိုက်ရမလား။ ဒါမှမဟုတ် ဟားတိုက်လို့ပဲ ရယ်ချလိုက်ရမလား။ ဒါမှမဟုတ် စကားတွေကိုပဲ ဆက်ပြောရမလား။ ဒါမှမဟုတ် ဘာမှ မပြောဘဲ ဒီအတိုင်းဆက်ပြီး ငေးငိုင်နေရမလား။ ဘာဆိုဘာမှ မသိတော့ဘူး။

"ယူးအိကျို အခုချက်ချင်း ကျွန်မ လာ ခဲ့မယ်။ လာလို့ရမလား ဟင်။ ကျွန်မလေ ယူးအိကျိုရဲ့ မျက်နှာကို ကြည့်ပြီး စကားတွေ အများကြီးပြောချင်နေတယ်"

ကျွန်မက အဲဒီလို ပြောလိုက်တော့ သူက "အင်း အပြန်ကျရင် လိုက်ပို့ပေးမယ်လေ။ စိတ်ချသာ လာခဲ့ပါ"လို့ ပြန်ပြောလာတယ်။ ယူးအိကျိုရဲ့ စကားတွေရဲ့ နောက်ကွယ်က ခံစားမှုကိုတော့ ကျွန်မ အဓိပ္ပာယ်ဖော်လို့ မရဘူး။

"ကဲ ကဲ ဒါဆို တွေ့တဲ့အခါကျမှပဲ စကားတွေဝအောင်ပြောရအောင်"

ကျွန်မက နှုတ်ဆက်ပြီး တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်တယ်။

အင်း အဲဒီ အိရိကိုးနဲ့ နောက်ဆုံးတွေ့တဲ့အချိန်က ဘယ်တုန်းကပါလိမ့်။ အဲဒီတုန်းက သူ ပြုံးပြုံးကြီး နှုတ်ဆက်ခဲ့တာပဲ မဟုတ်လား။ စဉ်းစားရင်း စဉ်းစားရင်း ခေါင်းထဲမှာ ချာချာလည်လာတော့တယ်။ ကျွန်မ တက္ကသိုလ်က ထွက်ပြီး အချက်အပြုတ် လက်ထောက် လုပ်ခဲ့တာက ဆောင်းဦးပိုင်း အစလောက်တုန်းကပဲ။ အလုပ်ရရချင်းပဲ



ကျွန်မ ထာနာဘဲတို့အိမ်က ပြောင်းလာခဲ့တယ်။ ကျွန်မအဖို့ အဘွား ဆုံးပြီးတဲ့နောက်ပိုင်း နှစ်ဝက်လောက်ကြာအောင် ယူးအိကျိုရယ်၊ သူ့အမေ ဟန်ဆောင်ထားတဲ့ အဖေရယ်။ သူတို့အိမ်မှာ အတူတူနေခဲ့ရတယ်။ ကျွန်မပြောင်းလာတုန်းက အဲရိကိုးနဲ့ နောက်ဆုံး တွေ့ခဲ့တာ များလားပဲ။ မျက်နှာကလေး ငိုမဲ့မဲ့လုပ်ပြီး "သိပ်မှ မဝေးဘဲကွယ်။ စနေ၊ တနင်္ဂနွေလို အားတဲ့နေ့တွေကျရင် လာလည်နော်"လို့ တောင်မှာခဲ့သေးတာပဲ။ ဟယ် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့လကုန်ပိုင်းကပဲ တွေ့ခဲ့သေးတာပဲ။ ဟုတ်ပြီ ဟုတ်ပြီ ညလုံးပေါက်ဖွင့်ထားတဲ့ စားသောက်ဆိုင်လေးမှာ။

ကျွန်မက ညပိုင်းမှာ တော်တော်နဲ့ အိပ်မပျော်တာနဲ့ ပူတင်းမုန့် ကိုဝယ်ဖို့ မီသားစုစတိုးဆိုင်ကလေးကို ရောက်လာတဲ့အချိန် အဲရိကိုးက သူနဲ့အတူတူ လုပ်နေကြတဲ့ ဘဝတူမိန်းမလျာတွေနဲ့အတူ အိုးဒင်းဟင်းကို စားရင်း စက္ကူခွက်ကလေးတွေနဲ့ ကော်ဖီသောက်နေကြတဲ့အချိန်မှာ ပေါ့။ ကျွန်မက "အဲရိကိုစံ"လို့ နှုတ်ဆက်လိုက်တဲ့အခါ သူက ကျွန်မရဲ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း "ဟဲ့ မိခငယ်စံ၊ ကြည့်စမ်း၊ အိမ်ကထွက်သွားပြီးတဲ့နောက် နည်းနည်းတောင် ပိန်သွားသလိုပဲနော်"လို့ ရယ်ရယ်မောမော ပြောခဲ့သေးတယ်။ အဲဒီတုန်းက အဲရိကိုးက အပြာရောင်ဝမ်းဆက်ကလေးဝတ်လို့။

ကျွန်မက ပူတင်းခွက်ကိုဝယ်ပြီး ထွက်လာတဲ့အချိန်မှာ အဲရိကိုစံဟာ လက်တစ်ဖက်က ကော်ဖီခွက်ကိုကိုင်ပြီး မီးရောင်စုံလင်နေတဲ့ ညရှုခင်းကို မျက်စိကလေးမှေးပြီး ကြည့်နေတယ်။ ကျွန်မက

နောက်ပြောင်တဲ့သဘောနဲ့ "အဲရီကိုစံရဲ့ မျက်နှာကလဲ ယောက်ျား ကြီးနဲ့ တူလာတယ်နော်"လို့ ပြောလိုက်တယ်။ အဲရီကိုးက ပြုံးလိုက်ပြီး "အင်း အိမ်က သမီးကတော့ ပြောလိုက်ရင် ပေါက်တတ်ကရချည်းပဲ။ အပျိုမှဖြစ်သေးရဲ့လား မပြောတတ်ဘူး"လို့ ပြန်ပြောတယ်။ ကျွန်မက "အပျိုဖြစ်တာ ကြာခဲ့ပါပြီ အမေရဲ့"လို့ ပြန်နောက်လိုက်တဲ့အခါ သူ့အပေါင်းအသင်းတွေက ဝါးခနဲ ဝိုင်းရယ်လိုက်ကြတယ်။ ပြီးမှ "အိမ်ကိုလာလည်ဦးနော်"လို့ နှုတ်ဆက်ရှာတယ်။ တော်ပါသေးရဲ့၊ အဲဒီတုန်းက အပြုံးနဲ့ နှုတ်ဆက်သွားခဲ့လို့။ အဲဒီအချိန်ဟာ အဲရီကိုးနဲ့ တွေ့တာ နောက်ဆုံးအချိန်ပဲ။

ခရီးဆောင် သွားပွတ်တံနဲ့ မျက်နှာသုတ်ပဝါကိုရှာနေတဲ့အတွက် အတော်လေးတောင် အချိန်နှောင်းသွားတယ်။ ကျွန်မကတော့ အတော့်ကို ယောင်ယပျာယာ နိုင်လွန်းလှပါတယ်။ အံဆွဲကို ဖွင့်လိုက် ပိတ်လိုက်။ အိမ်သာခန်းတံခါးကို ဆွဲဖွင့်လိုက်၊ ပန်းအိုးတွေကို လှဲလိုက်နဲ့ အခန်းတစ်ခန်းလုံး ရှုပ်ပွအောင် လုပ်နေမိပေမယ့် ဘာမှ အဆင်သင့် မဖြစ်သေးတာကို တွေးမိတဲ့အခါ စိတ်ကိုပြန်ငြိမ်လာအောင် မျက်စိကို အသာမှိတ်ထားလိုက်ရတယ်။

သွားပွတ်တံနဲ့ တဘက်ကို လက်ဆွဲအိတ်ထဲထည့်ပြီးတဲ့နောက် ဂတ်စ်မီးဖိုကို ခလုတ်ပိတ်ပြီး တယ်လီဖုန်းကို ပြန်စစ်ရတယ်။ အိမ်က အပြင်ထွက်နေတုန်း အပြင်က တယ်လီဖုန်းလာရင် သတင်း ယူထားဖို့ ခလုတ်ကို ပြင်လှည့်ထားလိုက်ရင်း အခန်းအပြင်ဘက်ကို ထွက်လာခဲ့မိတယ်။



သတိရလာတော့ ကျွန်မဟာ ဆောင်းညချမ်းရဲ့ လမ်းပေါ်မှာ လျှောက်လှမ်းရင်း ထာနာဘဲတို့ အိမ်ဆီကို ဦးတည်ပြီး သွားနေတာကို သိလိုက်ရတယ်။ ကြယ်ရောင်အောက်မှာ သော့တွဲလေးကို တချွင်ချွင် လှုပ်ယမ်းရင်း လမ်းလျှောက်နေစဉ်အတောအတွင်း မျက်ရည်များက ဒလဟော စီးကျလာတော့တယ်။ ကတ္တရာလမ်းကော၊ မြေလှမ်းတွေကော၊ တိုက်တန်းတွေကော ကျွန်မရဲ့မျက်ရည်ပူတွေကြားမှာ ကောက်ကွေး တွန့်လိမ်ကုန်ကြတော့တယ်။ ရုတ်တရက် အသက်ရှူ ကြပ်လာပြီး အခံရခက်လာတယ်။ ဒါနဲ့ အားယူပြီး အေးစက်နေတဲ့ လေတွေကို ရှူကြည့်လိုက်တော့လည်း ရင်ထဲကို မဖြစ်လောက် နည်းနည်းပဲ ဝင်လာတော့တယ်။ ကျွန်မမျက်ဝန်းရဲ့အတွင်းမှာ ရှိနေကြတဲ့ အရာ အားလုံး အေးခဲကုန်ပြီလို့ ထင်လာရတယ်။

ခါတိုင်း တွေ့နေမြင်နေကျ ဓာတ်တိုင်တွေရယ်၊ မီးလုံးတွေရယ်၊ လမ်းဘေးမှာ စီတန်းရပ်ထားတဲ့ ကားတွေရယ်၊ မဟူရာကောင်းကင် ကြီးရယ်ဟာ အခုအချိန်မှာတော့ မှုန်ဝါးဝါးသာ မြင်ရတော့တယ်။ အရာခပ်သိမ်းဟာ ရင်ထဲကထွက်ပေါ်လာတဲ့အပူလှိုင်းရဲ့ ဟိုမှာဘက် ဆီမှာ ရောက်နေကြပြီး တစ်စထက်တစ်စ ကျွန်မဆီကို ဒယီးဒယိုင် တိုးလာနေကြသယောင် ခံစားလာရတယ်။

ကျွန်မတစ်ကိုယ်လုံးမှာရှိတဲ့ စွမ်းအင်တွေအားလုံး အပြင်ဘက် ကို ပန်းထွက်ကုန်ကြသလို နုံးချည့်လာတော့တယ်။

ကျွန်မရဲ့အဖေနဲ့အမေ ကွယ်လွန်သွားခဲ့တဲ့အခါတုန်းက ကျွန်မ ကလေးပေါက်စအရွယ်ပဲ ရှိသေးတယ်။ အဘိုးသေသွားတော့ ကျွန်မမှာ

ချစ်သူရှိနေပြီ။ အဲ အဘွားလည်း ဆုံးသွားရော ကျွန်မလည်း ချစ်သူနဲ့ ခွာပြဲပြီး တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့တယ်။ အဲဒီအချိန်တွေထက် အခုအချိန်က ပိုပြီး အထီးကျန်နိုင်လွန်းလှတယ်။

ဒီလိုနဲ့ ရှေ့ဆက်လျှောက်လှမ်းရင်းက ဆက်လက် ရှင်သန်ဖို့ဆိုတဲ့အရေးကို ရင်ထဲအသည်းထဲက ရွံမုန်းလာတော့တယ်။ မနက်ဖန်က ရောက်လာပြီး၊ သန်ဘက်ခါက ရောက်လာပြီး၊ မရေမတွက်နိုင်တဲ့ ရက်သတ္တပတ်တွေက ရောက်လာကြဦးမှာ သေချာတယ်။ ဆက်လက် ရှင်သန်ဖို့ ကိစ္စက သိပ်ပင်ပန်းနေဦးမှာပဲ။ အဲဒီအချိန်တွေမှာလည်း အခုလိုပဲ အမှောင်လွှမ်းနေတဲ့ အလွှမ်းဓာတ်တွေကို ဆက်ကနေဦးမှာပဲ။ ရင်ထဲက မုန်တိုင်းထန်နေတဲ့တိုင်အောင် အမှောင်လမ်းမှာ စမ်းတဝါးဝါး လျှောက်လှမ်းနေတဲ့ မိမိရဲ့အရိပ်သဏ္ဍာန်ဟာလည်း တဖြည်းဖြည်း မှေးမှိန်လို့ လာခဲ့တော့တယ်။

ကျွန်မ ဒီခံစားချက်တွေကို မေ့ပစ်ချင်လှပြီ။ ယူးအိကျိုနဲ့ ခပ်မြန်မြန်တွေ့ပြီး သူပြောတာတွေကို နားထောင်ချင်လှပြီ။ အဲ့ဒါတွေ နားထောင်ပြီးတော့ကော ကျွန်မမှာ မျှော်လင့်ချက်ရောင်ခြည်တွေ သန်းလာမှာတဲ့လား။ အမှောင်ထဲမှာ ရှာနေတဲ့ အေးစက်နေတဲ့မိုးတွေ စဲသွားတာလောက်ပဲ ရှိလိမ့်မယ်။ မျှော်လင့်ချက်ဆိုလို့ ရွေးစရာတစ်စုမှ ဖြစ်မလာဘဲ သည့်ထက်ကြီးမားတဲ့ ပူပင်မှုဆိုတဲ့ သောကရေအလျင်ကသာ တသွင်သွင် စီးထွက်လာဦးမှာ သေချာတယ်။

လေးလံတဲ့စိတ်တွေနဲ့ တံခါးဝမှာရှိတဲ့ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်မိတယ်။ ဓာတ်လှေကားက မတက်ဘဲ ရိုးရိုးလှေကားအတိုင်း



ဒယီးဒယိုင် တက်လာခဲ့တဲ့အတွက် ဟောဟဲ ဟောဟဲနဲ့ အမောဆိုက်နေခဲ့တယ်။

မကြားရတာကြာပြီဖြစ်တဲ့ တံခါးဆီကို တစ်လှမ်းချင်းလျှောက်လာနေတဲ့ ယူးအိကျိုရဲ့ ခြေသံတွေကို ကြားလာရတယ်။ ဒီအခန်းမှာ သူတို့နဲ့ အတူနေခဲ့တုန်းက ကျွန်မ သော့ကိုမေ့ထားပြီး မကြာခဏ အပြင်ကို ထွက်ခဲ့ဖူးတယ်။ မကြာခဏဆိုသလို ဒီတံခါးက လူခေါ်ခေါင်းလောင်းကို တီးပြီးခေါ်ခဲ့ဖူးတယ်။ အဲဒီအခါမျိုးတိုင်း ယူးအိကျိုနိုးလာပြီးအခုလိုပဲ အေးအေးဆေးဆေး လျှောက်လှမ်းလာပြီး တံခါးကို ကျွဲခနဲ ဖွင့်ပေးခဲ့တယ်။ အခုလဲပဲ အဲဒီအတိုင်းပဲ တံခါးပွင့်လာပြီး ခါတိုင်းထက် နည်းနည်းပိုပိန်သွားတဲ့ ယူးအိကျိုရဲ့ မျက်နှာကို မြင်လာရတယ်။ သူက "ဟယ်"လို့ တအံ့တသြ အော်လိုက်တယ်။

"မတွေ့ရတာ ကြာသွားပြီနော်"

ယူးအိကျိုကို တွေ့တာနဲ့ ကျွန်မဟာ ဘယ်လိုမှ အပြုံးကို ဘရိတ်အုပ်လို့ မရတော့ဘူး။ အမှန်တော့ ကျွန်မဟာ ယူးအိကျိုကို တွေ့လေတိုင်း ပျော်လို့မဆုံးအောင် ဖြစ်နေခဲ့တယ်လေ။

"ကျွန်မ အထဲကို ဝင်လာခဲ့မယ်နော်"

ဇဝေဇဝါဖြစ်ရင်း ရပ်နေတဲ့ ယူးအိကျိုကို အဲဒီလို ပြောလိုက်တဲ့အခါ ယူအိကျိုက ခပ်ယဲ့ယဲ့ကလေး ပြုံးပြပြီး

"ဝင်လေ။ ကိုယ့်ကို အကြီးအကျယ် ဒေါပွနေတော့မှာပဲလို့ အောက်မေ့ပြီး ရင်တထိတ်ထိတ်နဲ့ စောင့်နေရတာ တောင်းပန်ပါတယ်ကွာ" လို့ တောင်းပန်ရှာတယ်။

"ကျွန်မ ဒီလိုကိစ္စမျိုးမှာ စိတ်မဆိုးတတ်ဘူးဆိုတာ အသိသားနဲ့"

ယူးအိကျိုက "အင်း သိပါတယ်"လို့ပြောပြီး အားယူကာ ပြုံးပြလိုက်တယ်။ ကျွန်မက ပြန်ပြုံးပြပြီး ဆင်ဝင်ဝမှာ ဖိနပ်ကို ချွတ်လိုက်တယ်။

မကြာသေးခင်ကမှ ပြောင်းရွှေ့ခွဲခွာခဲ့တဲ့ အခန်းဖြစ်ပေမဲ့ ရုတ်တရက် ဝင်လာလိုက်တော့ ရင်ထဲမှာ ဖိုနေဆဲပဲ။ ခဏလေးကြာမှ အနံ့တွေက နှာခေါင်းထဲ ပြန်ယဉ်ပါးလာပြီး ရင်ထဲမှာထူးထူးခြားခြား လွမ်းဆွေးအောက်မေ့သလို ခံစားလာရတော့တယ်။ ဆိုဖာပေါ်မှာ ထိုင်ချရင်း ဟိုတွေးသည်တွေး တွေးနေတုန်း ယူအိကျိုက ကော်ဖီတစ်ခွက်ကို သယ်ချလာတယ်။

"ဘာကြောင့်ရယ် မပြောတတ်ပါဘူး ယူးအိကျိုရယ်၊ အခုဝင်လာရတာ အခုမှ ရောက်ဖူးတဲ့အခန်းကျနေတာပဲ"

ကျွန်မက အဲဒီလို ပြောလိုက်တော့–

"ဒါပေါ့နော်၊ ဒါနဲ့ မင်းနည်းနည်းအလုပ်များနေတယ်ထင်တယ်။ အလုပ်အကိုင်ကတော့ ဘယ်လိုနေလဲ၊ စိတ်ဝင်စားဖို့ ကောင်းရဲ့လား" လို့ ရွှင်ရွှင်ပြပြ မေးလာတယ်။



"အင်း အခုတော့ ဘာမဆို အရမ်းစိတ်ဝင်စားနေသေးတာပဲ။ အာလူးအခွံခွာရတာတောင် ပျော်နေသလိုပဲ။ အဲဒီလို အချိန်မျိုးဆိုပါတော့"

ကျွန်မက ပြုံးပြီး ပြန်ဖြေလိုက်တယ်။

"ဒီညကျမှ ခေါင်းတွေ ပြန်ကြည်လာတယ်။ အကြောင်းမကြားလို့ မကောင်းပါဘူးလေ လို့ တွေးမိပြီး စိတ်ကူးရရခြင်း ဖုန်းဆက်လိုက်တာ"

ကျွန်မက စိတ်ဝင်တစားနားထောင်ရင်း ခါးကိုရှေ့ကို ကိုင်းပြီး ယူအိကျိုကို စိုက်ကြည့်နေမိတယ်။

"အသုဘ အခမ်းအနားအတွင်းတုန်းက ဘာဆိုဘာမှ သတိမရတော့ဘူး။ မျက်လုံးတွေလည်း ပြာဝေကုန်ပြီ။ မြင်မြင်သမျှဟာလဲ မှောင်အတိ ကျသွားတဲ့အတိုင်းပဲ။ သူက ကိုယ့်အတွက် တစ်ဦးတည်း အတူနေတဲ့သူဖြစ်သလို အမေဆိုလည်းဟုတ်၊ အဖေဆိုလည်း ဟုတ်တာပေါ့။ လူမှုနီးသိတတ်စကတည်းက သူက အစစအရာ လုပ်ကိုင်ပေးခဲ့လေတော့ လက်တွေ့ ကိုယ်ကိုယ်တိုင် လုပ်ရပြီဆိုတော့ ထင်တာထက် ပိုပြီး အခက်ကြုံရတာပေါ့။ ရှေ့ဆက်ပြီးလုပ်ရမဲ့အလုပ်တွေကလည်း မနည်းဘူး။ ဒါ့ကြောင့်မို့ နေ့တိုင်းဆိုသလို အကြောင်းမရှိဘဲ အိပ်ယာထဲမှာ လှဲနေခဲ့တာများတယ်။ ပြီးတော့ သေတာကရိုးရိုးတန်းတန်း သေရိုးသေစဉ်မျိုး မဟုတ်တော့ ရဲတွေ အမှုလိုက်တွေနဲ့ ရှုပ်နေတယ်။ ဒီကြားထဲ သေသွားတဲ့ တရားခံရဲ့ မိန်းမက

ရောက်လာလိုက် သားသမီးတွေက ရောက်လာတာနဲ့ ကိုယ်ကောဆိုင်ကလူတွေပါ ဗျာများနေခဲ့ကြတယ်။ မိခင်ယ်ကိုတော့ ကိုယ်အမြဲပဲ အမှတ်ရပါတယ်။ ကိုယ် တကယ်ပြောတာပါ။ တကယ့်ကိုအမြဲသတိရနေတာ။ ဒါပေမဲ့ ဘာကြောင့်ရယ် မသိဘူး။ တယ်လီဖုန်းဆက်ဖို့ ကြိုးစားကြည့်ပေမယ့် ဆက်လို့မရနိုင်ခဲ့ဘူး။ မင်းဆီကိုသာဆက်ဖြစ်ခဲ့ရင် အဖြစ်မှန်တွေက ကိုယ့်ကိုပြန်ပြီး ချောက်လှန့်လာကြလိမ့်မယ်။ တစ်နည်းအားဖြင့် အဖေ သို့မဟုတ် အမေ သေသွားပြီးတဲ့နောက် ကိုယ်ဟာ တကယ်ပဲ အထီးကျန်ဘဝနဲ့ ကျန်ရစ်ခဲ့ပါလားဆိုတဲ့ အသိက တစ်ကျော့ပြန်ပြီး ပေါ်လာမှာ စိုးရိမ်နေမိခဲ့တယ်။ သွားလေသူရဲ့ မိတ်ဆွေအရင်းအချာဟာ မိခင်ယ်ဆိုတာ သတိရလာတာနဲ့အမျှ အခုလို အသိမပေးဘဲ နေခဲ့ရတာကို နောင်တရလို့ မဆုံးဘူး။ အမှန်တကယ်ပဲ ကိုယ်အရူးတစ်ယောက်လို ဖြစ်ခဲ့ရပါ တယ်”

ယူးအိကျိက သူ့ကိုယ်သူ ပြန်ပြောပြနေသလို တိုးတိုးလေးပြောနေရှာတယ်။

ကျွန်မက လောကဓံရဲ့ အထုအထောင်းကို ခံနေရရှာတဲ့ ယူးအိကျိရဲ့မျက်နှာကို ငေးစိုက်ကြည့်ရင်း အခုလို ရုတ်တရက် ပြောချလိုက်မိတယ်။

“ဟုတ်ပါရဲ့နော်။ ကျွန်မတို့တစ်တွေရဲ့ ပတ်ဝန်းကျင်မှာကသေခြင်းတရားတွေ ဝိုင်းနေတာပဲ။ ကျွန်မကတော့ အဖေ၊ အမေ၊ အဘိုး၊ အဘွား တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သေသွားကြတယ်။ ယူးအိကျိစံကျတော့ ကိုယ့်ကို မွေးတဲ့ အမေ၊ အခုတစ်ခါ



အဖေဖြစ်တဲ့ အဲရီကိုးစံ၊ ရက်စက်လိုက်တာနော်။ ကမ္ဘာကြီးကကျယ်ဝန်းတယ်ဆိုပေမယ့် ကျွန်မတို့လောက် ကံဆိုးတဲ့သူတွေ ရှိမယ်မထင်ဘူးနော်။ အဲဒီလို ဘဝတူနှစ်ယောက် မိတ်ဆွေတွေဖြစ်လာကြတာကိုပဲ အံ့ဩဖို့ကောင်းတယ်။ ဩော်၊ သေခြင်းတရားတွေ သေခြင်းတရားတွေ ပြည့်နှက်လို့ နေတာပါပဲနော်”

“ဒါပေါ့လေ၊ အဟင်း”

ယူးအိကျိက ရယ်ချလိုက်တယ်။

“ဟုတ်ပါရဲ့နော်။ လောကကြီးကို စိတ်ညစ်လို့ သေချင်တဲ့လူရှိရင် ကျွန်တော်တို့နဲ့လာနေပါလို့ ကြော်ငြာလိုက်ရင်တောင် စီးပွားအတော်ဖြစ်လောက်တယ်။ အပျက်မြင် သဘောမျိုး ဖြစ်နေလို့သာပေါ့”

သူ့မျက်နှာမှ ကြေကွဲမှုကြောင့် ဖျော့တော့တဲ့ အလင်းတွဲနဲ့ခပ်မှိန်မှိန်လင်းလက်နေတဲ့ အပြုံးမျိုးက ထင်ဟပ်နေတယ်။ ညဦးကနက်သည်ထက် နက်လာခဲ့တယ်။ ပြူတင်းပေါက်ရဲ့အပြင်က မီးရောင်တွေ တလက်တလက်တောက်ပနေတဲ့ညရှုခင်းကို ကျွန်မက လှမ်းမျှော်ကြည့်လိုက်တယ်။ အထက်စီးကမြင်ရတဲ့ မြို့ပြရဲ့ ညရှုခင်းအားစိန်မှုန်ကလေးတွေ ကျဲထားသလိုပဲ။ မော်တော်ကား လမ်းတစ်လျှောက်ကတော့ ကားမီးရောင်တွေကြောင့် အမှောင်ထဲမှာ အလင်းမြစ်ကြီးစီးဆင်းနေကြသလို မြင်နေပြန်တယ်။

“နောက်ဆုံးတော့ ကိုယ်ဟာ တစ်ကောင်ကြွက် တစ်ယောက်လိုဖြစ်သွားရတာပေါ့”

ယူအိကျိုက ပြောလာတယ်။

"ကျွန်မဆိုရင် တစ်ကောင်ကြွက်ဘဝ ရောက်ရတာ နှစ်ကြိမ်တောင် ရှိသွားပြီ။ ကြွားတာတော့ မဟုတ်ပါဘူးနော်"

ကျွန်မက ရယ်ရယ်မောမောနဲ့ ပြောလိုက်တဲ့အခါ ယူအိကျိုရဲ့ မျက်လုံးအစုံက မျက်ရည်တွေ ဒလဟော စီးကျလာတော့တယ်။

"မင်းရဲ့ အဲဒီလို နောက်ပြောင် ကျီစယ်တဲ့စကားမျိုးတွေကို မကြားရတာ ကြာသွားပြီနော်"

ယူးအိကျိုက လက်မောင်းကိုပင့်ပြီး မျက်ရည်သုတ်ရင်း ပြောလာတယ်။

"အမှန်တော့ မိခငယ်ရဲ့စကားသံတွေကို အမြဲနားထောင်နေချင်တယ်လေ။ မတတ်သာလို့သာပေါ့"

ကျွန်မက လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး ယူးအိကျိုရဲ့ခေါင်းကို ရင်ခွင်ထဲမှာ ထွေးပိုက်ထားလိုက်မိတယ်။

"အခုလို တကူးတက တယ်လီဖုန်းဆက်ဖော်ရတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်ရယ်"

ဒီလိုနဲ့ ယူးအိကျိုက အဲရီကိုး အမှတ်တရအဖြစ် ဆွယ်တာအနီလေးကို ပေးခဲ့တယ်။

"ကြည့်စမ်း ကြည့်စမ်း ဒီဆွယ်တာ၊ အန်တီက ဈေးကြီးပေးဝယ်လာရတာ။ မိခငယ်နဲ့မှ ကွက်တိဖြစ်နေပြီ"လို့ ညတစ်ညမှာ



အဲရီကိုးက သူဝယ်လာတဲ့ ဆွယ်တာကလေးကို ဝတ်ခိုင်းပြီး ပြောခဲ့တဲ့ အဲဒီစကားကလေးတွေကို ပြန်ပြီး အမှတ်ရလာမိတယ်။

အဲဒီနောက်မှာ မှန်တင်ခုံရဲ့ အံဆွဲထဲ'မှာ ဂရုတစိုက်သိမ်းထားတဲ့ အဲရီကိုးရဲ့ သေတမ်းစာကို ကျွန်မဆီကို ကမ်းပေးလိုက်ပြီး ယူးအိကျိုက "Good Night"လို့ နှုတ်ဆက်ကာ သူ့အိပ်ခန်းထဲကို ဝင်သွားတော့တယ်။ ကျွန်မလည်း တစ်ယောက်တည်း ထိုင်ပြီး အဲဒီ စာကို ဖတ်နေမိခဲ့တယ်။

ယူးအိကျို

ကိုယ့်သားကို ကိုယ်ပြန်ပြီး စာတစ်စောင် ပေတစ်ဖွဲ့ ရေးမှာနေရတာ ရှက်စရာကောင်းနေမလား မပြောတတ်ဘူး။

ဒါပေမဲ့ ခုတလော မာမီ့စိတ်ထဲမှာလေးနေတယ်။ မပြောကောင်း တစ်ခုခုများ ဖြစ်သွားခဲ့ရင်–ဆိုတဲ့ အတွေးနဲ့ ဒီစာကို ရေးခဲ့တာပါကွယ်။

အပြောင်အပျက်ရေးတယ်လို့လည်း သဘောထားနိုင်ပါတယ်။ ဘာမှ ဖြစ်မလာဘူးဆိုရင်တော့ ဒီစာကို မာမီနဲ့ နှစ်ယောက်သား ဖတ်ရင်း ရယ်ကြတာပေါ့ကွယ်။

ဒါပေမဲ့ ငါ့သား သေသေချာချာ စဉ်းစားကြည့်စမ်းပါကွယ်။ မာမီသေသွားပြီးတဲ့နောက် ငါ့သားတစ်ယောက်တည်း တစ်ကောင်ကြွက်ဖြစ်ပြီး ကျန်ရစ်တော့မှာ။ အခု မိခငယ်လို ဘဝတူဖြစ်သွားမှာပေါ့။ မာမီ မိခငယ်ကလေးအပေါ်မှာ

ကဲ့ရဲ့တဲ့ သဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူးကွယ်။ မာမီတို့သားအမိနှစ်ယောက်မှာ ဆွေမျိုးရယ်လို့ ဘယ်မှာရှိကြတော့လို့လဲ။ မာမီနဲ့ မင်းရဲ့အမေအိမ်ထောင်ကျကတည်းက မင်းအမေဘက်က အဘိုးတွေ၊ အဘွားတွေက အဆက်ဖြတ်ပစ်ခဲ့ကြတယ်။ အဲ မာမီလည်း မိန်းမအသွင်ပြောင်းလိုက်ရော အမျိုးမျိုးကဲ့ရဲ့ပစ်တင်ခဲ့ကြပြီး ဆွေမျိုးဆိုလို့ တစ်ယောက်မျှ မလာကြတော့ဘူးကွယ်။ ဒါ့ကြောင့်မို့ မာမီမှာချင်တာက မာမီသေသွားပြီးတဲ့နောက် သူတို့နဲ့ လုံးဝမဆက်သွယ်တော့နဲ့နော်။ မာမီသဘောကို ငါ့သား နားလည်မှာပါ။

သားလေးယူးအိကျို၊ ဟောဒီလောကကြီးမှာ လူတွေဟာ အတော့ကို အံ့သြဖို့ကောင်းတယ်ကွယ့်။ တချို့လူတွေဟာ ညစ်ထေး မှောင်မိုက်တဲ့နေရာကိုမှ တမင်ရွေးပြီး ပျော်တတ်ကြတယ်။ ဒါကို မာမီ ဘယ်လိုမှ နားမလည်နိုင်ဘူး။ တချို့လူတွေက တစ်ဖက်သား ဒုက္ခရောက်မှ ပျော်တတ်ကြတယ်။ အဲဒီလို ဒုက္ခရောက်သွားအောင်လည်း ထောင်ချောက်တွေ အမျိုးမျိုးဆင်ပြီး ဖန်တီးတတ်ကြတယ်။ သူများမကောင်းကြံ ကိုယ်ဘေးဒဏ်ထိဆိုတာမျိုးလို အဲဒီလို မကောင်းမှုကို ပြုကြတဲ့ လူတွေဟာ မာမီမျက်စိအောက်မှာပဲ ဒုက္ခရောက်ကုန်ကြတာ များတယ်။ သူတို့ထောင်တဲ့ ထောင်ချောက်မှာ သူတို့ ပြန်မိကုန်ကြတယ်။ ဒီလိုလူမျိုးတွေကို မေမေ ဘယ်လိုလုပ်ပြီး သနားလို့ရမှာလဲကွယ်။



ဒါပေမဲ့ မာမီကတော့ ကိုယ့်ကိုကိုယ် အမြဲတမ်း စိတ်ချမ်းသာအောင် နေတယ်။ ဒါ့ကြောင့်မို့ မာမီက အမြဲတမ်းလှနေတာပေါ့။ အမြဲတမ်း တောက်ပနေတာပေါ့။ ဒီတော့ လူတွေက မာမီကို စွဲမက်လာကြတယ်။ ငွေကြေးထောက်ပံ့ပေးကမ်းလာကြတယ်။ ဒါကို မာမီက အလှရဲ့အခကြေးငွေတွေလို့ပဲ သဘောထားလိုက်တယ်။ ဒါ့ကြောင့်မို့ မာမီသာ တကယ်လို့ အသတ်ခံရမယ်ဆိုရင်လဲ ဒါဟာ မတော်တဆဖြစ်တာပဲလို့ အောက်မေ့မိမှာပဲ။ သိပ်ပြီး အတွေးခေါင်နေဖို့ မလိုပါဘူးကွယ်။ မာမီပြောတာကို ယုံပါ။

မာမီလေ ဟောဒီစာကိုတော့ ယောကျ်ားတစ်ယောက်ရဲ့ အသုံးအနှုန်းစကားတွေနဲ့ ရေးနိုင်ဖို့ ကြိုးစားထားတယ်။ ငါ့သားအတွက် ရယ်စရာကောင်းနေမလားတော့ မပြောတတ်ဘူး။ မာမီဖြင့် ရှက်လွန်းလို့ တော်တော်နဲ့ ရှေ့ဆက်ရေးဖို့ မလွယ်ခဲ့ဘူး။ မာမီအဖို့ အခု အချိန်အထိ ကာလကြာမြင့်အောင် မိန်းမတစ်ယောက်လိုနေခဲ့ပေမယ့် နာမည်ကော အမူအရာပါ မိန်းမအသွင်ပြောင်းခဲ့ပေမယ့် မာမီကိုယ်ထဲမှာ ယောကျ်ားသားဆိုတဲ့အစိတ်အပိုင်းတွေ ကိန်းအောင်းနေကြဆဲပါကွယ်။ မာမီ့အဖြစ်က ရယ်စရာ မကောင်းပေဘူးလား။

"မာမီလေ လူ့ဘဝကို ချစ်တယ်။ ယောကျ်ားဘဝတုန်းကလည်း ချစ်တယ်။ မင်းအမေနဲ့ လက်ထပ်ခဲ့ရတဲ့ဘဝကိုလည်း ချစ်တယ်။ မင်းအမေ သေသွားပြီး မိန်းမအသွင်ပြောင်းခဲ့ရတဲ့

ဘ၀ကိုလည်း ချစ်တယ်။ မင်းကို အခုအရွယ်ရောက်အောင် ပြုစုပျိုးထောင်ခဲ့ရတာကိုလည်း ချစ်တယ်။ မင်းနဲ့အတူနေခဲ့ရတဲ့ ဘ၀တစ်လျှောက်လုံး ပျော်ခဲ့ပါတယ်။ အယ် မိခင်ယ် ဒီကို ပြောင်းလာတုန်းကလည်း မာမီ ပျော်ခဲ့တာပဲ။ သူကလေးနဲ့ အတူနေခဲ့ရတဲ့ဘ၀ဟာ မာမီအတွက် ပျော်စရာ အကောင်းဆုံး ပါပဲကွယ်။ မာမီ မိခင်ယ်ကို တွေ့ချင်လိုက် တာ။ သူလည်းပဲ အဖိုးတန်လှတဲ့ အမေရဲ့ရင်သွေးကလေးလိုပါပဲကွယ်။

မာမီစိတ်ထဲမှာ အရမ်းလှုပ်ရှားနေတယ်ကွယ်။ မိခင်ယ်ကို မေမေ နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါကွယ်။ ပြီးတော့ ယောက်ျားကလေးတွေရှေ့မှာ ခြေသလုံးမွေးတွေကို မနှုတ်ဖို့ အမေက မှာတယ်လို့ လည်း ပြောပေးပါ။ သိပ်ရှက်စရာကောင်း တယ်။ ငါ့သားကော အဲဒီလို မထင်ဘူးလား။

ဒီစာအိတ်ထဲမှာ စာချုပ်စာတမ်းတွေ တစ်ပါတ္တည်း ထည့်ထားခဲ့တယ်။ ငါ့သားကတော့ ဘာမှ နားလည်မှာ မဟုတ်ဘူး။ ရှေ့နေကို ခေါ်ပြီး ငါ့သားရပိုင်ခွင့်တွေ အကုန်လုံး တောင်းယူပေါ့ကွယ်။ ဆိုင်ကလွဲရင် ဆိုင်ထဲမှာရှိတဲ့ ပစ္စည်း အားလုံးကို ငါ့သား ပိုင်ပါတယ်။

တစ်ဦးတည်းသောသား ဖြစ်ရတာ ဟန်မကျဘူးလား ကွယ်။

သားကိုချစ်တဲ့ မာမီ

အဲရီကိုး



စာကိုလည်း ဖတ်လို့ဆုံးသွားရော ကျွန်မဟာ နဂိုအနေအထား အတိုင်းဖြစ်အောင် ယုယုယယ ပြန်ခေါက်လိုက်တယ်။ အဲရီကို သုံး နေကျ ရေမွှေးနံ့က နှာခေါင်းထဲမှာ သင်းပျံ့လာတယ်။ ရင်ထဲမှာ လည်း ရှုးခနဲ နာကျင်လာမိတယ်။ ဒီလိုသာ အကြိမ်ကြိမ် ဖွင့်ဖတ် လိုက် ပြန်ခေါက်လိုက် လုပ်နေရင်တော့ တစ်ချိန်ကျရင် ဒီရေမွှေးနံ့ ကလေးတွေ ပြယ်ကုန်ကြတော့မှာပဲ။ ဒါကို တွေးမိလိုက်တော့ အတော်ကြီး စိတ်မကောင်းဖြစ်ရပြန်တယ်။

ကျွန်မဟာ ဒီအိမ်မှာ နေခဲ့တုန်းကလိုပဲ ဆိုဖာကြီးပေါ်မှာ တုံးလုံးလှဲပြီး နေလိုက်မိတယ်။

ဒီလိုညမျိုးမှာပဲ ဒီအခန်းမှာအိပ်ခဲ့စဉ်က မြင်တွေ့ခဲ့ရတဲ့ ပြူတင်း ပေါက်မှန်က ပန်းပင်ရိုပ်လေးတွေက ညရှုခင်းကို ငုံ့ကြည့်နေကြတယ်။

ဒါပေမဲ့ ခုတော့ ဘယ်လိုဘယ်စောင့်စောင့် အဲရီကိုက ပေါ်မလာ နိုင်တော့ဘူးလေ။

ခါတိုင်းဆိုရင် နံနက်လင်းခါနီးအချိန်မှာ သီချင်းလေးညည်းပြီး အခန်းပေါ်ကို တက်လာတဲ့ သူ့ရဲ့ဒေါက်ဘိနပ်သံနဲ့အတူ သော့ဖွင့် သံကိုကြားနေကျ၊ ဆိုင်က အလုပ်သိမ်းပြီးပြန်လာတိုင်း အမြဲတမ်း မူးလာတတ်လေတော့ သူပြန်လာတာနဲ့ အိမ်ထဲမှာ ဆူညံပွက်လော ရိုက်လာပြီး ကျွန်မလည်း အိပ်ရာက အလိုလိုလန့်နိုးနေကျ။ သူ့ရဲ့ ရေချိုးသံ၊ လမ်းလျှောက်သံ၊ ရေနွေးကျိုသံတွေကို ပုံမှန်အတိုင်း ကြားလာပြီးတဲ့နောက် ကျွန်မလည်း စိတ်အေးလက်အေးဖြစ်ပြီး

တစ်ရေးလောက် ပြန်အိပ်ပျော်သွားပြန်တယ်။ ဒါက ခါတိုင်းဖြစ်နေကျ အဖြစ်အပျက်ပဲ။ အဲဒီ အဖြစ်အပျက်ကလေးတွေကို လွမ်းနေမိတယ်။ အရူးအမူးပဲ လွမ်းနေမိတယ်။

ကျွန်မရဲ့ ငိုရှိုက်သံကို ကြားသွားရှာလေသလား။ ဒါမှမဟုတ် ယူအိကျိ ကိုယ်၌က ကြောက်စရာကောင်းတဲ့ အိပ်မက်ကြောင့်လေလား မပြောတတ်ဘူး။

ကျွန်မရဲ့ အလွမ်းအဆွေး ညဇာတ်လမ်းကလေးရဲ့ လိုက်ကာဟာ အလိုလိုကျပြီး မှောင်မည်းသွားတော့တယ်။

ကျွန်မတို့နှစ်ယောက် ဘယ်လောက်အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့တယ် မသိဘူး။ နောက်တစ်နေ့ ညနေစောင်းမှ နိုးလာခဲ့ကြတော့တယ်။ ဒီနေ့က ကျွန်မရဲ့ အလုပ်အားရက်ဆိုတော့ ပေါင်မုန့်ကို တဖွဲ့စီ ကိုက်စားရင်း သတင်းစာ ထိုင်ဖတ်နေခဲ့မိတယ်။ အဲဒီအချိန်မှာ ယူအိကျိလည်း အခန်းထဲကထွက်လာတယ်။ မျက်နှာကို ကပျာကယာ သစ်ပြီး ကျွန်မဘေးနားမှာ လာထိုင်ကာ နှားနို့ကို သောက်ရင်းက "အင်း အခု ကျောင်းသွားကြည့်ရရင် ကောင်းမလားပဲ"လို့ ပြောလာတယ်။

**"ကျောင်းသားကြီး ပြန်ဖြစ်ရတော့မယ်နော်** ပျော်စရာကြီး"

ကျွန်မက **အဲဒီလိုပြောပြီး လက်ထဲက** ပေါင်မုန့်ကို တစ်ဝက်ဖဲ့ ပေးလိုက်တယ်။



"ကျေးဇူးပဲ"လို့ ပြောရင်း ယူအိကျိဟာ ကျွန်မပေးတဲ့ပေါင်မုန့်ကို ပလုပ်ပလောင်း စားနေတော့သည်။ ကျွန်မတို့ နှစ်ယောက်သား ယှဉ်ထိုင်ပြီး ရှေ့ကတီဗွီကို ကြည့်နေရင်းက ဪ ငါတို့ဟာ တကယ့်ကို တစ်ကောင်ကြွက်တွေပါလား လို့လည်း တွေးလိုက်မိတယ်။

"မိခုငယ် ဒီည အိမ်ပြန်မှာလားဟင်"

ယူအိကျိ နေရာက ထရပ်ရင်း မေးလိုက်တယ်။

"အင်း ညစာစားပြီးရင် အိပ်ပြန်ရကောင်းမလားလို့"

"ဟယ် ဒါဆိုရင် ဒီနေ့ညစာ မိခငယ်ရဲ့လက်ရာကို စားရရင် ကောင်းမှာပဲ"

ယူအိကျိက ပြောလာတယ်။ သူ့ရဲ့အကြံကို ကျွန်မလည်း သဘောကျတယ်။

"ဟာ ဟုတ်ပြီး ညစာကောင်းကောင်းချက်စားကြစို့။ မသေမီတော့ စားလို့ကောင်းမဲ့ဟင်းတွေ ကျွန်မ ချက်ကျွေးပါ့မယ်"

ကျွန်မက ညနေစာအတွက် ဟင်းအမည်စာရင်းအပျံစားကို စဉ်းစားပြီး ရေးချလိုက်တယ်။ ပြီးတော့မှ လိုအပ်မယ့် ဟင်းချက်စရာတွေကို မှတ်စုစာရွက်ပေါ်မှာ ရေးပြီး ယူအိကျိကို ပေးလိုက်တယ်။

"ကဲ ကဲ ကားနဲ့ အမြန်ပြေးဝယ်ချေတော့။ တစ်ခုမှ မကျန်စေအောင် ဝယ်ခဲ့နော်။ ယူအိကျိ အကြိုက်တွေချည်း ရေးထားတာမို့ အပြန်ကျရင် စားပိုနိုင်အောင် စားပေတော့။ စောစောပြန်လာနော်"

"ဟင်း သူ့ကိုယ်သူ တကယ့်ကို အိမ်ရှင်မကြီးကျနေတာပဲ" ယူးအိကျိုက တညည်းညည်း တညူညူပြောရင်း အိမ်က ထွက်သွားတယ်၊

"ဘုန်း"ခနဲ တံခါးပိတ်သံနဲ့အတူ ကျွန်မတစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့အခါ အဝော့်ကို နွမ်းဟိုက်လာခဲ့တော့တယ်။ အခန်းတစ်ခုလုံး ငြိမ်ကျသွားတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး သက်ရှိဆိုလို့ ကျွန်မ တစ်ယောက်ပဲ ရှိတော့တယ်။ ကျွန်မကလွဲလို့ လှုပ်ရှားတဲ့ အရာဆိုလို့ တစ်ခုမှ မရှိတော့ဘူး။

"လူသေပြီးနောက် ကျန်ရစ်ခဲ့တဲ့ အခန်းတွေဟာ အမြဲတမ်း ဒီလိုမျိုးပဲ ထင်ပါရဲ့"

ကျွန်မဟာ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချရင်း ပြတင်းပေါက်ရဲ့ဟိုမှာဘက်က မီးခိုးရောင် မှုန်ဝါးဝါး ရှုခင်းကို ငေးကြည့်နေမိခဲ့တယ်။

ဒီမြို့ကလေးတစ်မြို့လုံးမှာရှိတဲ့ နေရာအားလုံးမှာကော၊ ပန်းခြံထဲမှာကော၊ လမ်းမပေါ်မှာပါ အေးစက်တဲ့ ဆောင်းလေထုက မြူတွေဆိုင်းနေသလို ခြုံသိုင်းနေတော့တယ်။ အဲဒီမြောက်ပြန်လေထုရဲ့ ဖိစီးနှိပ်စက်မှုကြောင့် အသက်တောင် ဝဝရှုလို့ မရတော့ဘူး။

အိမ်တစ်အိမ်မှာ ထူးမြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးရှိရင် အဲဒီလူပုဂ္ဂိုလ်ရဲ့ အရောင်အဝါကြောင့် အေးပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံးရဲ့ နှလုံးသားဟာလည်း နွေးထွေးတဲ့ အလင်းရောင်နဲ့ တောက်ပနေတတ်



ကြတယ်။ အဲရီကိုးဟာ မဖြစ်စလောက် ထူးမြတ်ခဲ့ပေမဲ့ သူ့ဆီက ဖြန့်ကျက်ခဲ့တဲ့ အလင်းရောင်ကိုတော့ ကျွန်မ ခုထက်ထိတောင့်တနေတုန်းပဲ။

ဆိုဖာပေါ်မှာ ပက်လက်လှန်ပြီး ဖြူဖွေးနေတဲ့ မျက်နှာကျက်ကို ငေးကြည့်နေရင်း ဒီမျက်နှာကျက်က ကျွန်မရဲ့ အထီးကျန်စိတ်ကို ကုစား ဖြေသိမ့်ပေးခဲ့တာတွေကို ပြန်ပြောင်းသတိရနေမိလာတယ်။ အဘွားဆုံးပြီးပြီးချင်း ဒီအိမ်ကို ရောက်လာတဲ့အချိန်တုန်းက ယူးအိကျိုကော အဲရီကိုးပါ အိမ်မှာမရှိကြတဲ့ အချိန်မှာ ကျွန်မဟာ အခုလိုပဲ မျက်နှာကျက်ကြီးကို မော့ကြည့်နေခဲ့ဖူးတယ်။ အဘွားဆုံးပြီးတဲ့နောက် သွေးသားတော်စပ်သူ တစ်ယောက်မှမရှိတော့တဲ့ ကျွန်မ ရဲ့ ဘဝဟာ ဒီလောကကြီးမှာ ဘာမှအသုံးမကျတော့သလို ခံစားခဲ့ရတယ်။ သန်းခေါင်ထက် ညဥ့်မနက်တော့ဘူးလို့ တွေးနေမိတဲ့ အချိန်မှာ ကျွန်မ ထက် သာလွန်ကြီးမြတ်တဲ့လူတွေကို တွေ့လာခဲ့ရ တော့တယ်။ အဲရီကိုးဟာ ကျွန်မဘဝအတွက် အလွန်ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်လာခဲ့ရတယ်။ ကံဆိုးတာ ကောင်းတာအပထား၊ အဲရီကိုက ကျွန်မကို သူ့သမီးကလေး အရင်းလိုချစ်ပြီး အလိုလိုက်ခဲ့တယ်။ ဒါတွေကိုတွေးမိတဲ့ အခါ ကျွန်မ ဘဝမှာ ဆက်လက်ရှင်သန်လိုတဲ့ ဆန္ဒတွေ ဖြစ်လာခဲ့ရတယ်လေ။

ဒါ့ကြောင့်လည်းပဲ ကျွန်မရင်ထဲမှာ လေးလံနေခဲ့ရတယ်။

လိမ္မော်ရောင် တောက်ပနေတဲ့ တိမ်ပါးပါးဟာ အနောက်ဘက် မိုးကောင်းကင်မှာ ဖျန့်ကျက်စပြုလာတယ်။ မကြာခင် စိမ့်နေအောင်

ချမ်းမယ့်ညက ရောက်လာတော့မယ်။ ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာတော့တယ်။ မျက်စိတွေကလည်း ငိုက်မြည်းလာကြတယ်။

အိပ်လို့ မဖြစ်သေးဘူး။ ခုနေ အိပ်ပျော်သွားရင် အိပ်မက်ဆိုးတွေ မက်မှာ သေချာတယ်။ ဒါနဲ့ ကျွန်မလည်း အားယူပြီး ထလိုက်ရတယ်။

ဒါနဲ့ပဲ မရောက်တာကြာပြီဖြစ်တဲ့ ထာနာဘဲအိမ်က မီးဖိုချောင်ထဲမှာ ရပ်နေမိတယ်။ ရုတ်တရက် အဲရီကိုးရဲ့ အပြုံးမျက်နှာကို မျက်စိထဲမှာ ကွက်ခနဲ မြင်လာမိတယ်။ ရင်ထဲမှာလဲ စူးခနဲ နာကျင်သွားတယ်။ ဒါပေမဲ့ ကျွန်မ တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ်လေ။ မီးဖိုချောင်ကလေးကိုကြည့်ရတာ အခုတလော သိပ်ပြီး အသုံးပြုခဲ့ပုံ မပေါ်ဘူး။ နည်းနည်းညစ်ပေနေပြီး မှောင်ပြုပြုဖြစ်နေတယ်။ ဒါနဲ့ ကျွန်မ သန့်ရှင်းရေးကို စပြီး လုပ်ခဲ့တယ်။ ဆပ်ပြာမှုန့်တွေနဲ့ ရေအင်တုံကို ဆေးတယ်။ ဂက်(စ်)မီးဖိုလေးကို ပွတ်တိုက်ပြီး စင်ပေါ်က ပန်းကန်အားလုံးကို ဆေးကြောတယ်။ သားလှီးဓားနဲ့ ဟင်းရွက်လှီးဓားတွေကိုလဲ ပြန်သွေးတယ်။ လက်သုတ်ပဝါတွေကို ဆပ်ပြာနဲ့လျှော်ဖွတ်ပြီး အခြောက်လှန်းတယ်။ အဲဒီလို ရှင်းလင်းပြီးတဲ့အခါ မီးဖိုချောင်ထဲက ပစ္စည်းကလေးတွေကို လိုက်ကြည့်ရင်း စိတ်ထဲမှာ ရွှင်မြူးလာတော့တယ်။ ဘာ့ကြောင့်များ ကျွန်မဟာ မီးဖိုချောင်ကလေးကို ချစ်နေရတာပါလိမ့်။ အတော့်ကို ထူးဆန်းတယ်။ မီးဖိုချောင်ကလေးတွေကို ကြည့်ရတာ ဟိုးအဝေးမှာ ထင်ဟပ်နေတဲ့ ကျွန်မရဲ့ နှလုံးသားပုံရိပ်လို ခံစားလာရတယ်။ မီးဖိုချောင်ထဲမှာ ရှိနေတဲ့အခါမျိုးမှာ ကျွန်မဘဝဟာ



အစစပြန်ပြီး ရှင်လာသလိုပဲ။ ပြီးတော့ ကျွန်မ တောင့်တနေတဲ့ အရာမှန်သမျှ ပြန်ရောက်လာသလိုပဲ ခံစားရတယ်။

***

ဒီနွေရာသီတစ်ခုလုံး ကျွန်မအဖို့ အချက်အပြုတ်သင်တန်းကိုပဲ မပြီးတက်နေမိခဲ့တယ်။

အချက်အပြုတ်ပညာမှာ ဘယ်လောက်တောင် အရှုံးအမှုးဖြစ်ခဲ့သလဲဆိုတော့ ကျွန်မဦးနှောက်ထဲမှာ အချက်အပြုတ်နဲ့ ပတ်သက်တဲ့ ကလပ်စည်းတွေ တိုးပွားလာသလားတောင် အောက်မေ့ရတယ်။

အခြေခံ၊ သဘောတရား၊ လက်တွေ့အသုံးချခြင်းဆိုတဲ့ စာအုပ်သုံးအုပ်ကို ဝယ်ပြီး တစ်အုပ်ပြီးတစ်အုပ် လေ့လာနေခဲ့မိတယ်။ ဘတ်စကားစီးတဲ့အခါမှာပဲဖြစ်ဖြစ် ဆိုဖာပေါ်မှာ လဲလျောင်းနေတဲ့အခါမှာပဲဖြစ်ဖြစ် ချက်နည်းပြုတ်နည်း သဘောတရားတွေကို သဲသဲမဲမဲ ဖတ်နေခဲ့မိတယ်။ ပြီးတော့ အဲဒီစာအုပ်ထဲမှာပါတဲ့ ကယ်လိုရီ၊ အပူချိန်၊ လိုအပ်တဲ့ ပစ္စည်း စတာတွေကိုလည်း အလွတ်ကျက်မှတ်နေခဲ့မိတယ်။ ပြီးတဲ့အခါ အချိန်အားတာနဲ့ မီးဖိုချောင်ထဲကို ဝင်ပြီး ဟင်းအမျိုးမျိုးကို စမ်းပြီး ချက်ကြည့်နေခဲ့မိတယ်။ အသုံးပြုပါများလွန်းလို့ ညစ်ထေးစုတ်ပဲ့နေပြီဖြစ်တဲ့ အဲဒီ ဟင်းချက်နည်း စာအုပ်သုံးအုပ်ကို အခုထက်ထိ ကျွန်မ အမြတ်တနိုး သိမ်းထားဆဲပဲ ရှိသေးတယ်။ ကျွန်မ ငယ်ငယ်တုန်းက စွဲစွဲလမ်းလမ်းဖတ်ခဲ့ဖူးတဲ့ ရုပ်ပြစာအုပ်ကလေးတွေလိုပဲ အဲဒီစာအုပ်သုံးအုပ်ရဲ့ ဘယ်စာမျက်နှာမှာ ဘယ်ပုံပါတယ်ဆိုတာကို ကျွန်မ အလွတ်ရနေခဲ့တယ်။

ဒါ့ကြောင့်မို့ ယူးအိကျိုနဲ့ အဲရီကိုကတောင် မိခင်ယ်တစ်ယောက် ကြောင်သွားပြီလို့ နောက်ပြောင်ခဲ့ကြတယ်။

သူတို့ ပြောမယ်ဆိုရင်လည်း ပြောလောက်တယ်လေ။ ကျွန်မက တစ်နေ့လုံး ဟင်းတစ်မျိုးပြီးတစ်မျိုး ချက်ပြီးရင်းချက်ကာ တစ်ချက်တည်း ချက်နေခဲ့တာကိုး။ ဟင်းချက်လို့ အဆင်မပြေရင် ပြန်ပြီးချက်ရတာနဲ့ ကျွန်မအချိန်ပို အလုပ်လုပ်ပြီး စုထားတဲ့ငွေကလေးလည်း ကုန်သလောက်ရှိနေပြီ။ အလွဲလွဲ အမှားမှားဖြစ်တဲ့အခါ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိဖြစ်ပြီး ပျာလောင်ခတ်ရင်းနဲ့ပဲ ဟင်းတွေကို တစ်ခွက်ပြီး တစ်ခွက် ချက်နေခဲ့မိတယ်။

အခုပြန်ပြီး စဉ်းစားကြည့်လိုက်တော့ အဲဒီဝါသနာကြောင့်ပဲ ကျွန်မတို့ သုံးယောက်ဟာ အဲဒီ နွေရာသီတစ်ခုလုံး စားကောင်းသောက်ဖွယ်တွေကို ပျော်ပျော်ပါးပါး စားခွင့်ကြုံခဲ့ရတယ်ဆိုတာ သိလာရတယ်။

ညနေခင်း လေညင်းကလေး တဖြူးဖြူး တိုက်ဝင်လာတဲ့ ပြူတင်းပေါက်ကနေ နွေရာသီရဲ့ အပြာနုရောင် ကောင်းကင်ကြီးကို မော့ကြည့်ရင်း ကျွန်မတို့တစ်တွေဟာ နူးညံ့အိစိမ့်နေတဲ့ ဝက်စတူးရေခဲစိမ်၊ တရုတ်ခေါက်ဆွဲပြုတ်နဲ့ လတ်ဆတ်တဲ့ သခွားသီးသုတ်တွေကို မြိန်ရည်ရှက်ရည် စားခဲ့ကြတယ်။ ကျွန်မလေ ကိုယ်ချက်သမျှကို ပျော်ပျော်ပါးပါး စားခဲ့တဲ့ အဲရီကိုးနဲ့ ဘာမှတစ်ခွန်းမှ မပြောဘဲ အားရပါးရ စားတတ်တဲ့ ယူအိကျိုအတွက် ဟင်းတွေအမျိုးမျိုး ချက်ကျွေးခဲ့ရတယ်။



အရသာမျိုးစုံပါတဲ့ အုံးမလက်ကြက်ဥမွှေကြော်နှင့် လှလှပပ ပြင်ဆင်ထားတဲ့ ဟင်းသီးဟင်းရွက်တင်ပူရာကို ကြော်ကျွေးဖို့ကျတော့ အချိန်အတော်ကြီးယူရတယ်။ ပြီးတော့ ဟင်းခတ်အမွှေးအကြိုင် အမှန်းအဆကလည်း သိပ်ပြီး မကောင်းတော့ ချက်သမျှ ဟင်းဟာ မှန်းထားသလောက် မကောင်းတာက များတယ်။

ဥပမာ–ဒယ်အိုးမပူခင် လောကြီးပြီး ဟင်းချက်စရာတွေ ထည့်မိတာတို့၊ ရေနွေးက ပွက်ပွက်ဆူနေပေမယ့် လိုးလို့ဖြတ်လို့ မပြီးသေးတာတို့ ဖြစ်နေလေတော့ ကျွန်မချက်တဲ့ ဟင်းက သာမန် အိမ်ရှင်မ တစ်ယောက် ချက်တဲ့ဟင်းထက် ညံ့မသွားပေမယ့် စာအုပ်ထဲမှာပါတဲ့ ဟင်းလျာတွေရဲ့ အရသာ စံနှုန်းနဲ့ အရောင်အသွေးကို မမီတာက များတယ်။

မတတ်သာတဲ့အဆုံး ကောင်းသထက်ကောင်းအောင် စိတ်ရှည်ရှည်နဲ့ သည်းခံပြီး ချက်ရတော့တာပေါ့။ ဒယ်အိုးကို စင်နေအောင် ပြန်သုတ်ပြီး ဟင်းခတ်အမွှေးကြိုင်ခပ်ပြီးတဲ့အခါ အဖုံးကို သတိထားပြီး ဖုံးရတယ်။ ပြီးမှ တစ်ဆင့်ပြီးတစ်ဆင့် အစီအစဉ်ကျနအောင် ချက်ပြုတ်နေရင်းက စိတ်မရှည်သလို ဖြစ်လာတဲ့အခါမျိုးမှာ အသက်ကို ပြင်းပြင်းရှူပြီး စိတ်ငြိမ်လာအောင် ပြန်လုပ်ရတယ်။ အစပိုင်းတုန်းက တော်တော်နဲ့ မအောင်မြင်နိုင်လို့ စိတ်ဓာတ်ကျခဲ့ရပေမယ့် နောက်ပိုင်းမှ တဖြည်းဖြည်း အောင်မြင်လာတဲ့အခါ အပျော်ကြီး ပျော်ခဲ့ရပြန်တယ်။

အခု ကျွန်မအနေနဲ့ လက်ထောက်စားဖိုမှူးအဆင့် ရောက်လာအောင် အတော်ကြီး ဒုက္ခခံ ကြိုးစားခဲ့ရတယ်။ ကျွန်မ ဆရာမက သာမန် စားဖိုမှူးတစ်ယောက်သာ မဟုတ်ဘဲ တီဗွီတို့ မဂ္ဂဇင်းတို့မှာပါ ချက်နည်းပြုတ်နည်းတွေကို ပါဝင်ရိုက်ကူးရေးသားနေရတာမို့ အတော့်ကို နာမည်ကြီးတယ်။ ဒါ့ကြောင့်မို့လည်း ဆရာမရဲ့သင်တန်းကို ဝင်ခွင့်ရဖို့ လူအများကြီးနဲ့ ယှဉ်ပြိုင်ပြီး ဖြေခဲ့ရတယ်။ နွေဥတုဆိုတဲ့ တိုတောင်းတဲ့ကာလအတွင်းမှာ အပတ်တကုတ် ကြိုးစားပြီး ဆရာမရဲ့ တပည့် ဖြစ်လာရတာကို ဂုဏ်ယူလို့မဆုံး ဖြစ်နေခဲ့မိတယ်။ ဒါပေမဲ့ တကယ်တမ်း သင်တန်းကိုလည်း တက်ကြည့်ရော တခြား သင်တန်းသူတွေနဲ့ ကျွန်မရဲ့ ခံယူချက်က အလွန်ကွာခြားနေတာကို တွေ့လာရတယ်။

သူတို့အတွေးနဲ့ ခံယူချက်က ပျော်ဖို့ပါးဖို့အတွက် အသက်ရှင်နေကြတာပဲ။ ဘယ်လောက်အရေးကြီးတဲ့ ပညာမျိုးဖြစ်ပါစေ၊ သူတို့ရဲ့အပျော်အပါးကိုတော့ အထိခိုက် မခံဘူး။ သူတို့ အဖေ၊ အမေတွေက အဲဒီလို သင်ကြားခဲ့ပုံရတယ်။ ဒါပေမဲ့ သူတို့တစ်တွေဟာ ပျော်ပါးမှုရဲ့ စစ်မှန်တဲ့ အဓိပ္ပာယ်တော့ သိပုံမရကြဘူး။ ဘယ်ဟာ ကောင်းတယ် မကောင်းဘူးဆိုဘာကိုလည်း စိတ်ရှုပ်ခံပြီး စဉ်းစားမနေကြဘူး။ အသက်ရှင်သန်နေသရွေ့ ပျော်ပျော်နေဖို့ပဲ စဉ်းစားနေတတ်ကြတယ်။ ချမ်းသာသုခဆိုကာဟာ ကိုယ့်ကိုကိုယ် တစ်ယောက်တည်းပါလား ဆိုတဲ့ အသိကို မေ့ထားနိုင်တာပဲလို့ ယူဆထားကြတယ်။ ကျွန်မလည်း သူတို့အယူအဆကို အားကျမိတယ်။ အေပရွန်လေးတွေကို ဝတ်မယ်။



ပန်းကလေးတွေလို ရယ်မောမယ်။ အချက်အပြုတ်ကို လေ့လာမယ်။ ပူစရာရှိရင် ပူမယ်။ တွေဝေစရာရှိရင် တွေဝေမယ်။ ဒီလိုနဲ့ပဲ ချစ်သူတွေနဲ့ တွေ့ပြီး အိမ်ထောင်ပြုသွားကြမယ်။ တယ်ဟုတ်ပါလားလို့လည်း အားကျမိတယ်။ သူတို့ဘဝက လှလည်း လှတယ်။ ကြင်နာမှုလည်း အပြည့်ရှိတယ်။ ကျွန်မ ဘဝကျတော့ သူတို့နဲ့လုံးဝမတူပြန်ဘူး။ အမြဲတန်း မောပန်းနွမ်းဟိုက်ရတတ်ပြီး အထီးကျန်နေတတ်တယ်။ တစ်ခုခုကြောင့် အနေရ အထိုင်ရခက် လာလို့ ပျင်းရိငြီးငွေ့လာလို့ သူငယ်ချင်းတွေဆီ ဖုန်းဆက်ကြည့်တဲ့အခါမျိုးမှာ သူတို့အားလုံး အပြင်ရောက်နေကြတဲ့အခါမျိုးမှာ ကျွန်မဟာ ကိုယ့်ကြီးပြင်း လာခဲ့ရတဲ့ဘဝကို စက်ဆုတ်ရွံရှာမိတတ်တယ်။ အလိုလိုနေရင်း ဝမ်းနည်းနေတတ်တယ်။

ဒါပေမဲ့ နွေရာသီတစ်လျှောက်လုံး မီးဖိုထဲမှာနေခွင့်ကြုံခဲ့ရတာကတော့ ကျွန်မအတွက် အတော့်ကို ဖိမ်ကျတယ်လို့ ပြောရလိမ့်မယ်။

ကျွန်မလေ လက်ကို ဆီပူလောင်မှာလည်း မမှုဘူး။ ညပေါင်းများစွာ အိပ်ရေးပျက်လည်း မဖြုံဘူး။ မီးဖိုထဲမှာသာ နေရမယ်ဆိုရင် နက်ဖန်မှာ ရောက်လာမယ့် အတွေ့အကြုံသစ်တွေကို မျှော်တလင့်လင့်နဲ့ ပျော်နေခဲ့မိတယ်။ စနစ်တကျ ဖုတ်လိုက်မိတဲ့ ကိတ်မုန့်ကြီးတွေကို ကြည့်ရတာကိုက ကျွန်မရဲ့ ဝိညာဉ်တွေထည့်ပြီး ဖုတ်ထားသလိုပဲ။ စူပါမားကက်မှာတွေ့ရတဲ့ နီနီရဲရဲခရမ်းချဉ်သီးတွေကို ကျွန်မ အရမ်းသဘောကျမိတယ်။

ကျွန်မကတော့ အဲဒီပုံစံမျိုးပဲ ပျော်တတ်ပြီး တခြား ဘယ်လို ပုံစံမျိုးနဲ့မှ မပျော်တတ်တော့ဘူး။

ပြီးတော့ ငါဟာ တစ်နေ့နေ့မှာ သေရမှာပဲလို့ အမြဲတွေးနေမိတယ်။ အဲဒီလိုမှ မတွေးဘူးဆိုရင် ကိုယ့်ကိုကိုယ်လည်း ရှင်သန်နေတယ်လို့ မထင်ရတော့ဘူး။ ဒါ့ကြောင့်လည်း ဒီဘဝမျိုး ရှောက်နေတာပေါ့လေ။

အမှောင်ထုအတွင်း နက်ရှိုင်းလှတဲ့ ချောက်ကမ်းပါးဘေးက လမ်းကလေးကို တရွေ့ရွေ့လျှောက်လှမ်းရင်း လမ်းမကြီးကို လှမ်းမြင်ရတဲ့အခါ သက်ပြင်းရှည်ကြီးကို ချလိုက်မိတယ်။ ပြီးတော့ ငါ အတော်ကြီး လျှောက်ခဲ့ရပြီပဲဆိုတဲ့ အသိနဲ့ ကောင်းကင်ထက်ဆီကို မော့ကြည့်လိုက်တဲ့အခါ မိုတ်တုတ်မိုတ်တုတ်နဲ့ လင်းလက်နေတဲ့ ကြယ်ကလေးတွေဟာ အသည်းထဲစိမ့်ဝင်သွားလောက်အောင် လှနေတာကို တွေ့လိုက်ရတော့တယ်။

***

သန့်ရှင်းရေးလုပ်ပြီးလို့ အားလုံး အဆင်သင့် ပြင်ဆင်ပြီးသွားတဲ့အခါ မိုးချုပ်လာတော့တယ်။

ရှေ့တံခါးမှာရှိတဲ့ လူခေါ်ခေါင်းလောင်းသံ မြည်လာတာနဲ့ တစ်ပြိုင်နက် ယူးအိကျိုဟာ ပလပ်စတစ်အထုပ်ကြီးတစ်ထုပ်ပိုက်ပြီး တံခါးကို မချိမဆန့်တွန်းရင်း ဝင်လာတာကို တွေ့လိုက်ရတယ်။ ကျွန်မက တံခါးဝအထိ သွားကြိုတဲ့အခါ



"အံ့ပါရဲ့ဗျာ"လို့ သူက ပြောလာတယ်။

"ဘာဖြစ်လို့လဲ" ကျွန်မက မေးလိုက်တယ်။

"မင်းမှာတာတွေ အကုန်လိုက်ဝယ်လိုက်တော့ ပစ္စည်းတွေက အများကြီးမို့ ဘယ်လိုမှ တစ်ယောက်တည်း သယ်လို့မရတော့ဘူးလေ"

"ဟယ် ဟုတ်လား"လို့ ကျွန်မက မသိသလို ဟန်လုပ်ပြောလိုက်ပြီးမှ သူ့ဒေါပွနေမှန်းရိပ်မိတဲ့အတွက် သူနဲ့အတူ ကားဂိုဒေါင်ဘက်ဆီကို ဆင်းပြီး လိုက်လာမိတယ်။

ကားထဲမှာက ရောမအထုပ်ကြီး နှစ်ထုပ် ကျန်သေးတယ်။ အဲဒါတွေကို ကားဂိုဒေါင်အပြင်ဘက်ရောက်အောင် သယ်ရတာကိုက ခါးရိုးကျိုးမတတ် ဖြစ်နေတယ်။

"အင်း ကျွန်တော်လည်း ကိုယ်သုံးချင်တဲ့ ပစ္စည်းလေးတွေပါ ရောဝယ်လိုက်လို့ ထင်ပါရဲ့"ပိုပြီး ကြီးတဲ့အထုပ်ကြီးကို ပိုက်ပြီး ယူးအိကျိုက ဆိုလာတယ်။ "ကိုယ်သုံးချင်တဲ့ပစ္စည်း"ဆိုလို့ ကျွန်မ သယ်လာတဲ့ အိတ်ကို ငုံ့ကြည့်လိုက်တဲ့အခါ ခေါင်းလျှော်ရည်ပုလင်းတွေ၊ မုတ်စုစာအုပ်တွေအပြင် ချက်ချင်း ရေနွေးနဲ့ ဖြုတ်စားလို့ရတဲ့ ခေါက်ဆွဲခြောက်ထုပ်တွေကို တွေ့လိုက်ရတယ်။ ဒါတွေကို ကြည့်ပြီး ယူအိကျိုတစ်ယောက် လတ်တလော ဘယ်လို စားသောက်နေတယ်ဆိုတာကို ခန့်မှန်းလိုက်မိတယ်။

"ကြည့်စမ်း နည်းတဲ့ဟာတွေ မဟုတ်ဘူး။ နှစ်ခေါက်သုံးခေါက် ဝယ်ရင်လည်း ရရဲ့သားနဲ့"

"ခုလို မင်းပါတစ်ခါတည်း လိုက်လာတော့ တစ်ကြိမ်တည်းနဲ့ ပြီးတာပေါ့။ ဟယ် ဟိုမှာကြည့်စမ်း လမင်းကြီးက သာနေလိုက်တာ"

ယူးအိကျိုက ဆောင်းရာသီရဲ့ ကောင်းကင်ပေါ်က ဖိုးရွှေလမင်းကြီးကို မော့ငေးပြီးရင်း ပြောလိုက်တယ်။

"ဟယ် ဟုတ်ပါရဲ့နော်"လို့ ကျွန်မက အလိုက်သင့် ပြောလိုက်တယ်။ အဆောင်ထဲဝင်ပြီးမှ နောက်ဘက်ကိုကြည့်လိုက်တော့ ဗိုင်းစက်နေတဲ့ လမင်းကြီးဟာ အစွမ်းကုန်သာနေတာကို တွေ့လိုက်ရတယ်။ တရိပ်ရိပ်တက်လာတဲ့ ဓာတ်လှေကားခန်းထဲမှ ယူးအိကျိုက ဆိုလာပြန်တယ်။

"တစ်ခုခုတော့ ဆက်စပ်နေပြီထင်တယ်"

"ဘာတွေများ ဆက်စပ်နေလို့လဲ"

"ဩော် လမင်းကြီးကလည်း ထိန်ထိန်သာနေတယ်။ အဲဒီ ထိန်ထိန်သာနေတဲ့ လမင်းကြီးနဲ့ လိုက်ဖက်မဲ့ အုဒွန်းခေါက်ဆွဲပြုတ်လဲ စားရတော့မယ်ဆိုတဲ့ နိမိတ်ပေါ့"

"ကလင်"ဆိုတဲ့ ခေါင်းလောင်းသံနဲ့အတူ ဓာတ်လှေကားက ရပ် သွားတယ်။ ရုတ်တရက် ကျွန်မရင်ထဲမှာ ဟာခနဲ ဖြစ်သွားတယ်။ ဝရန်တာမှာ လမ်းလျှောက်ရင်း ကျွန်မက မေးလိုက်တယ်။



"အဲဒီနိမိတ်ဆိုတာ ဘာလဲဟင်။ ခပ်ရှင်းရှင်း ပြောစမ်းပါရှင်"

သူပြောတဲ့ စကားက ဆင်ဇေ့ရန်ရှောင် နိုင်လွန်းလှတယ်။ ဒါနဲ့ စိတ်မရှည်နိုင်ဘဲ မေးလိုက်မိတယ်။

"ဒီလိုပါကွာ။ မင်းသာ အနုပညာသည်တစ်ယောက် ဖြစ်မယ်ဆိုရင် မင်းရဲ့ အမြတ်နိုးဆုံးအနုပညာဟာ အချက်အပြုတ် ဖြစ်မှာပဲ။ မင်းက မီးဖိုချောင်ထဲမှာ အလုပ်လုပ်ရတာကို သိပ်ပြီး နှစ်ခြိုက်တယ် မဟုတ်လား။ ကောင်းပါတယ်ကွာ"

ယူးအိကျိုက သူပြောချင်တာတွေကို တစ်ယောက်တည်း လျှောက်ပြောနေတော့တယ်။ ဒါနဲ့ ကျွန်မက "သူ သိပ်ကလေးဆန်တာပဲနော်" လို့ တွေးရင်း ရယ်လိုက်မိတယ်။ စောစောက ဟာခနဲဖြစ်သွားတဲ့ အတွေးဟာ ဦးနှောက်ထဲကို စကားလုံးအဖြစ် ဝင်ရောက်ဖြတ်သန်းသွားတော့တယ်။ (ယူးအိကျိုသာ အနားမှာရှိနေမယ်ဆိုရင် ကိုယ့်ဘဝမှာ ဘာလိုသေးတော့လို့လဲကွယ်) အဲဒီ ခဏတာအတောအတွင်းမှာ ကျွန်မခေါင်းတွေ ရှုပ်ထွေးကုန်တော့တယ်။ သူ့မျက်လုံးတွေက လာတဲ့ ဝင်းလက်နေတဲ့ အလင်းရောင်ကြောင့် ကျွန်မမျက်လုံးတွေ ပြာဝေကုန်တော့တယ်။

အဲဒီနောက် ညစာချက်ပြုတ်လိုက်တာ နှစ်နာရီလောက် ကြာသွားတယ်။ ယူးအိကျိုကတော့ တီဗွီကြည့်လိုက် အာလူးခွာလိုက်နဲ့ လုပ်နေတယ်။ သူ့လက်က သိပ်မြန်တာပဲ။

ကျွန်မအတွက် အဲရီကိုး သေသွားခဲ့ပြီဆိုတဲ့ကိစ္စက အဝေးကြီးမှာပဲ ရှိသေးတယ်။ သိပ်လက်ခံလို့ မရသေးဘူး။ ရုတ်တရက် ကြားလိုက်ရလို့ လန့်ဖျတ်သွားခဲ့ရာကနေ တဖြည်းဖြည်း သိနားလည်စပြုရုံပဲ ရှိသေးတယ်။ ဒါပေမဲ့ ယူးအိကျိအဖို့တော့ မိုးသက်မုန်တိုင်းတွေအောက်က ဝက်သစ်ချပင်လိုပဲ အယိမ်းယိမ်း အယိုင်ယိုင် ဖြစ်နေရှာတယ်။

ဒီလိုနဲ့ ကျွန်မတို့တစ်တွေဟာ အဲရီကိုး သေဆုံးသွားတဲ့ကိစ္စနဲ့ပတ်သက်လို့ ဘာတစ်ခုမှ မပြောဖြစ်ကြဘဲ တိတ်ဆိတ်ငြိမ်သက်တဲ့နေရာမှာ အနာဂတ်မှာ ဘာတွေဖြစ်လာမယ်ဆိုတာကို မေ့ထားရင်းက နှစ်ယောက်သား ငြိမ်သက်နေခဲ့ကြတယ်။ ရှေ့မှာတွေ့လာရမယ့် အခက်အခဲတွေကို ကြိုမတွေးဘဲ နေခဲ့ကြတော့တယ်။

ညဦးတော်တော်ကြီးနက်လာတဲ့အခါ ချက်ပြုတ်ပြီးသွားတဲ့ ညနေစာကို ကျွန်မတို့နှစ်ယောက်သား စ စားရတော့တယ်။ ပန်းသီးဆော့လဒ်အသုတ်တွေ၊ ပိုင်းလို့ခေါ်တဲ့ မုန့်တွေ၊ ဝက်စတူးတွေ၊ ကိုရိုကဲလို့ခေါ်တဲ့ အာလူးကတ်တလိတ်တွေ၊ ပဲပြားကြော်တွေ၊ ဟင်းရွက်ပြုတ်တွေ၊ ပဲသီးကြက်သားဟင်းတွေ၊ ကြက်သား ကြာဆံကြော်တွေ၊ ဝက်သားချိုချဉ်ဟင်းတွေ၊ ဒင်းမ်ဆန်းတွေ၊ ဟော့ပေါ့တွေ စလို့ စားစရာမျိုးစုံကို ဝိုင်အရက်ကိုသောက်ရင်းက အချိန်အကြာကြီးထိုင်စားမိခဲ့ကြတယ်။ ယူးအိကျိကတော့ အတော်ကြီးမူးနေပြီ။ တစ်ခါမှ ဒီလောက် မမူးဖူးပါဘူးလို့ သေသေချာချာကြည့်လိုက်တော့ ဆိုဖာပေါ်မှာ အရက်တစ်ပုလင်းလုံး ကုန်နေပြီ။ ကျွန်မ ဟင်းချက်နေတုန်း ပုလင်းကိုဖွင့်ပြီး အကုန်ခိုးသောက်ထားတာ ဖြစ်မယ်။



"ဟင် ကြည့်စမ်း ယူးအိကျိ အရက်တစ်ပုလင်းကုန်အောင် သောက်ပစ်တယ်"

ယူးအိကျိက ဆိုဖာပေါ်မှာ ပက်လက်လှန်ရင်း အမြီးဖတ်ကို တစ်ဖတ်ချင်း ကိုက်စားရင်းက "အင်း"လို့ ဖြေလိုက်တယ်။

"ဒါတွေ အကုန်လုံးကုန်အောင် ခိုးသောက်ခဲ့တာပေါ့လေ"

ကျွန်မက အဲဒီလို ခပ်မာမာပြောလိုက်တဲ့အခါ သူ့မျက်နှာကလေးညိုးကျသွားဘယ်။ ကျွန်မလည်း အရက်မူးနေတဲ့လူနဲ့ ဆက်ပြီး စကားပြောရမှာ စိတ်ညစ်သွားနဲ့။ ဒါနဲ့ "ဒါက ဘာဖြစ်ရတာလဲ"လို့ မေးလိုက်တယ်။

အဲဒီအခါ သူ့မျက်နှာဟာ တင်းမာသွားပြီး "အားလုံးက ကိုယ့်ကို တစ်လလုံးလုံး သွားပုတ်လေလွင့် ပြောကြတယ်လေ။ ကိုယ့်ရင့်ထဲမှာ နာလွန်းလို့ပါကွာ"

"အားလုံးဆိုတာက တက္ကသိုလ်အသိုင်းအဝိုင်းကို ပြောတာလား"

"အင်း"

"ဒါနဲ့ တစ်လလုံးလုံး အရက်တွေချည်း မပြီးသောက်နေခဲ့တယ်ဆိုပါတော့"

"အင်း"

"ဩော် ဒါ့ကြောင့်မို့ ကျွန်မဆီကို တယ်လီဖုန်းဆက်ဖို့ စိတ်မပါတော့ဘူးဆိုပါတော့"

ကျွန်မ မဲ့ပြုံးပြုံးရင်း ရယ်လိုက်တယ်။

"တယ်လီဖုန်းကတော့ လင်းနေပါတယ်ကွာ"

သူကပါ ပြန်ရယ်ရင်း ပြောလာတယ်။

"ညည အရက်မူးပြီး အိမ်ကိုပြန်လာတဲ့အခါမှာ လမ်းက အများသုံး တယ်လီဖုန်းအိမ်ထဲမှာ တယ်လီဖုန်းကလေးတွေ လင်းလက်နေတာကို တွေ့ရပါတယ်ကွယ်။ လမ်းတစ်လျှောက်လုံး မှောင်မိုက်နေပေမယ့် အဲဒီတယ်လီဖုန်းကလေးတွေ လင်းနေတာကို အဝေးကြီးက မြင်နေရပါတယ်။ ဒါနဲ့ တယ်လီဖုန်းအိမ်ထဲဝင်ပြီး တယ်လီဖုန်းကတ်ကို စက်ထဲထည့်ပြီး မီခငယ်ရဲ့အိမ်ကို တယ်လီဖုန်းဆက်ဖို့ နံပါတ်တွေကို အကြိမ်ကြိမ်နှိပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခု ကိုယ်က ဘယ်နေရာကစပြီး ဘာတွေ ပြောရမှာပါလိမ့်လို့ စဉ်းစားမိလိုက်တော့ စိတ်ဓာတ်ကျသွားပြီး မဆက်ဖြစ်တော့ဘူး။ ဒါနဲ့ အိမ်ကိုပြန်ပြီး အိပ်ပျော်သွားတဲ့အခါ အိပ်မက်ထဲမှာ မီခငယ်က တယ်လီဖုန်းစကားပြောရင်း ငိုနေတာ၊ ဒေါပွနေတာကို အကြိမ်ကြိမ် မက်နေခဲ့တော့တယ်။

"ဒါက ရှင်သက်သက်ထင်တာပဲ။ ထင်တာနဲ့ တကယ့်လက်တွေ့က အများကြီးကွာခြားပါတယ်ရှင်"

"ဟုတ်တယ် မင်းပြောတာ မှန်တယ်။ အခုတောင် ပျော်သလိုလိုဖြစ်လာပြီ ဟီ ဟီ"

ယူးအိကျိုဟာ သူ့ကိုယ်သူ ဘာတွေပြောနေမှန်း သိတော့မယ် မထင်ဘူး။ အိပ်ချင်မူးတူးနဲ့ ဗလုံးဗထွေး ပြောနေတော့တယ်။



"မီခငယ်က မာမီမရှိတော့တဲ့နောက် အခုလိုပဲ ကိုယ့်ရဲ့မျက်စိအောက်ကို ရောက်လာလိမ့်မယ်။ အဲဒီနောက် ကိုယ့်အဖြစ်အပျက်ကို ကြည့်ပြီး ဒေါပွကာ အဆက်ဖြတ်သွားလိမ့်မယ်။ ဘယ်တတ်နိုင်ပါ့မလဲ။ အဲဒီဒဏ်ကို ခံနိုင်ရည်ရှိဖို့ အသင့်ပြင်ဆင်ထားတာပေါ့။ အမှန်တော့ ကိုယ်တို့သုံးယောက် ဒီအခန်းလေးထဲမှာ ပျော်ပျော်ပါးပါးနေခဲ့ကြတာတွေကို ပြန်တွေ့တဲ့အခါ ရင်ထဲမှာ စူးပြီးနာကျင်လာတယ်။ ဒါ့ကြောင့်မို့ ကိုယ်လေ မင်းကိုတွေ့တောင် မတွေ့ချင်တော့ဘူး"

ယူးအိကျိုက အသက်ကို ပြင်းပြင်းရှူထုတ်လိုက်ရင်း သူ့ကိုယ်သူ ပြောနေသလို ဆက်ပြောပြန်တယ်။

"ကိုယ်လေ ဟောဒီဧည့်ခန်းက ဆိုဖာကလေး အခင်းဖြူဖြူကလေး အုပ်ထားတဲ့ ဆိုဖာကလေးပေါ်မှာ လူတစ်ယောက်ယောက်က လာတည်းမယ်ဆိုရင် အမြဲပဲပျော်နေတတ်တယ်။ အဲဒီအခါမျိုးမှာ ကိုယ့်အိမ်ထဲမှာ နေရပေမယ့် သဘောကြီးစီးပြီး အပျော်ခရီးထွက်နေရသလို ခံစားနေမိတယ်"

"ဒါပေမဲ့ ခုတော့ ဒီနေရာမှာ ကိုယ်တစ်ယောက်တည်းဖြစ်နေရပြီလေ။ ကိုယ် ဘာမှ စားချင်တဲ့စိတ်လည်း မရှိတော့ဘူး။ တစ်ခါတလေကျတော့လည်း ကိုယ်တိုင်ချက်စားဖို့ ကြိုးစားကြည့်ပါသေးတယ်။ ထမင်းချက်တာဟာလည်း တယ်လီဖုန်းဆက်တာလိုပဲ မျှော်လင့်ချက်အလင်းရောင်တွေ ဆိတ်သုဉ်းသွားတာပဲ။ ဒါနဲ့ ဘာမှ မစားတော့ဘဲ အရက်ကိုချည်း မဲသောက်နေမိတယ်။"

"တကယ့်ကို ကိုယ့်ခံစားချက်တွေကို မိခငယ်ကို ရင်ဖွင့်လိုက်ရရင် မိခငယ်လည်း အိမ်ကိုမပြန်ဘဲ ကိုယ်နဲ့အတူ လာနေမှာပဲလို့လည်း စိတ်ကူးယဉ်ခဲ့မိတယ်။ ယုတ်ဆွအဆုံး ကိုယ့်ခံစားချက်တွေကို သည်းခံပြီး နားထောင်ပေးမှာပဲလို့ မျှော်လင့်ခဲ့မိတယ်။

"ဒါပေမဲ့ ကိုယ်လေ အဲဒီပျော်ရွှင်ချမ်းမြေ့ဖို့ကောင်းတဲ့ မျှော်လင့်ချက်ကလေးကိုတောင် ရဲရဲတင်းတင်း မမျှော်လင့်ရဲခဲ့ပါဘူးကွယ်။ ကိုယ်က ကိုယ့်ရဲ့ မျှော်လင့်ချက်ကို ဖွင့်ပြောပြလိုက်လို့ မိခငယ်ကသာ စိတ်ဆိုးသွားမယ်ဆိုရင်တော့ ဒီထက်စိတ်ပျက်ဖို့ကောင်းတဲ့ ချောက်ထဲကို ကျသွားတော့မှာ သေချာတယ်။ သည်တော့ ကိုယ်လေ အဲဒီအကြောင်းတွေကို ထုတ်ပြောရဲတဲ့သတ္တိကော၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုကော လုံးဝမရှိတော့ဘူး"

"ဒါကတော့ ရှင့်အတွေးနဲ့ ရှင်ကိုး"

ကျွန်မရဲ့ လေသံက ဒေါသတွေ လွှမ်းနေပေမဲ့ မျက်လုံးတွေက သနားတဲ့စိတ်တွေနဲ့ ပြည့်နေခဲ့တယ်လေ။ သူနဲ့အတူ နှစ်ယောက်တည်း အချိန်အကြာကြီးနေခဲ့ကြတဲ့ အကောအတွင်းမှာ ကျွန်မတို့အချင်းချင်းဟာ အဝေးက စိတ်ချင်းဆက်နွယ်နေခဲ့သလို တစ်ယောက်ရဲ့ ခံစားချက်ကို တစ်ယောက် နက်နက်ရှိုင်းရှိုင်း နားလည်ပေးခဲ့ကြတယ်။ အဲဒီလိုရှုပ်ထွေးစွာခံစားနေရတဲ့ ကျွန်မရဲ့စိတ်ကို မူးရူးနေတဲ့ ယူ့အိကျိလည်း ရိပ်စားမိပုံ ပေါ်တယ်။ ဒါနဲ့ သူက ဆက်ပြောပြန်တယ်။



"ကိုယ်လေ ဒီနေ့ကို မကုန်ဆုံးစေချင်တော့ဘူး။ ညကိုလည်း ဒီအတိုင်းပဲ ဆက်ပြီး ရှည်သွားစေချင်တော့တယ်၊ ဒီကို ပြန်ပြောင်းလာခဲ့ပါလား မိခငယ်ရယ်"

"အွန်း ပြန်လာပြီး နေလို့လည်း ရပါတယ်"

ကျွန်မက အမူးသမားကို ဖြေသိမ့်တဲ့သဘောနဲ့ ပြောလိုက်တယ်။

"ဒါပေမဲ့ အခု ဒီအိမ်မှာ အဲရီကိုးလည်း မရှိတော့ဘူးလေ။ ကျွန်မက သူငယ်ချင်းတစ်ယောက်အနေနဲ့ လာနေရမှာလား၊ ချစ်သူတစ်ယောက်အနေနဲ့ နေရမှာလား" အဲဒီတော့ ယူ့အိကျိက ပြုံးလိုက်ပြီး "မင်းပြောတဲ့သဘောက ဒီဆိုဖာကြီးကို ပြန်ရောင်းပစ်လိုက်ပြီး နှစ်ယောက်အိပ်ကုတင်ဝယ်ရမယ်လို့ ဆိုလိုတာလား"လို့ ပြောလိုက်ပြန်တယ်။ ပြီးမှ တည်သွားပြီး "ကိုယ်လည်း ဘယ်လိုပြောရမှန်း မသိတော့ပါဘူးကွာ"လို့ ပြောတယ်။

အဲဒီထူးခြားတဲ့ သူ့စရိုက်ကိုက ကျွန်မရင်ကို ခိုက်သွားစေခဲ့တယ်။ ဒါနဲ့ သူက ဆက်ပြောတယ်။

"အခုတော့ ဘာမှ မစဉ်းစားရသေးပါဘူး။ မိခငယ်က ကိုယ့်ဘဝမှာ ဘယ်လိုအနေအထားမျိုး ရှိရမယ်။ ကိုယ်ကိုယ်နှိုက်က အနာဂတ်မှာ ဘယ်လို ပြောင်းလဲသွားမယ်။ အခုအချိန်အထိ ဘာတွေက ဘယ်လို ခြားနားလာတယ်ဆိုတာတွေကို လုံးလုံး နားမလည်နိုင်သေးပါဘူး။ ပြီးတော့ အခုလို စိတ်အခြေအနေမျိုးမှာ ဘာကိုမှ တိတိကျကျ ပိုင်းဖြတ်လို့ရဦးမှာ မဟုတ်ဘူးလေ။ ဒီက မြန်မြန်ထွက်သွားတာပဲ

ကောင်းပါတယ်။ သွားလည်း သွားချင်လှပါပြီ။ မင်းကိုလည်း ကိုယ့်ရဲ့ဘဝထဲကို ဆွဲမခေါ်ချင်ဘူး။ တို့နှစ်ယောက်ဟာ သေခြင်းတရားရဲ့ အလယ်မှာ အတူတူနေကြပေမယ့်လဲ မိခင်အတွက်တော့ ဘယ်လိုမှ ပျော်နိုင်မှာ မဟုတ်ပါဘူး။ ပိုပြီး စိတ်အားငယ်စရာပဲ ရှိမှာပါ"

"ယူးအိကျိကလဲ ကိုယ့်ဘာသာတစ်ဖက်သတ် လျှောက်တွေးမနေပါနဲ့။ ပျော်စရာကောင်းချင်လည်း ကောင်းနေမှာပေါ့" ကျွန်မက ငိုသံပါကြီးနဲ့ အော်ပြောလိုက်မိတယ်။

"ဟုတ်တယ် အတိတ်ဆိုတာ နောက်တစ်နေ့ မျက်လုံးပွင့်လာတာနဲ့ မေ့ကုန်တာပဲ။ အခုတလော ဒီလိုချည်း ဖြစ်ဖြစ်နေတယ်။ နောက်တစ်နေ့အထိ ဆက်စရာဆိုလို့ ဘာမှရှိတော့သလိုပဲ"

ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် မှောက်လျက်လှဲရင်းက ယူးအိကျိက အဲဒီလို ပြောလိုက်ပြီးတဲ့နောက် "ဒုက္ခပါပဲ"လို့ ညည်းလိုက်ပြန်တယ်။

အခန်းတစ်ခန်းလုံးဟာလည်း ညဥ့်နက်သန်းခေါင်ချိန်မို့လား မပြောတတ်ဘူး။ ငြိမ်ကျနေပြီး ယူးအိကျိပြောသမျှကို နားထောင်သလိုပဲ ထင်မှတ်ရတယ်။ အိမ်ခန်းတစ်ခန်းလုံးဟာ အဲရီကိုးမရှိတဲ့နောက်မှာ ယောင်အအဖြစ်နေရှာတယ်။ ညဥ့်ကလည်း နက်သည်ထက် နက်လာတယ်။ ဘာဆိုဘာမှ သဲသဲကွဲကွဲ မမြင်ရတော့ဘူး။



ကျွန်မနဲ့ ယူအိကျိတို့ဟာ တစ်ခါတစ်ခါ မိုက်မှောင်လှတဲ့ မဟူရာညချမ်းအချိန်မှာ လေကားတစ်ခုရဲ့ ထိပ်ကို ပြိုင်တူတက်ပြီး အဝီစိမှာရှိတဲ့ ငရဲအိုးကို ငုံ့ကြည့်နေတတ်ကြတယ်။ မျက်နှာတွေကို နီရဲလာအောင် အပူဟပ်နေတဲ့ ပွက်ပွက်ဆူနေတဲ့ မီးပင်လယ်ကြီးကို ငေးကြည့်နေမိကြတယ်။ အဲဒီအချိန်မျိုးမှာ ဟောဒီလောကကြီးအလယ်မှာ အနီးစပ်ဆုံးဖြစ်ပြီး အစားထိုးလို့မရအောင် ရင်းနှီးကြသူ သူငယ်ချင်းများ ဖြစ်တဲ့တိုင်အောင် ယူးအိကျိနဲ့ ကျွန်မတို့ဟာ လက်ချင်းမဆက်မိခဲ့ကြဘူး။ ဘယ်လောက်ပဲ ဝမ်းနည်းကြေကွဲနေပါစေ၊ ဘယ်လောက်ပဲ စိတ်အားငယ်နေပါစေ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်သွားမယ်ဆိုတဲ့ မာနတွေ ကိုယ်စီ ရှိနေကြတယ်။ ဒါပေမဲ့ ကျွန်မဟာ အခုလို သောကမီးတွေ အလောင်ခံနေရတဲ့ ယူးအိကျိရဲ့ မျက်နှာကို ငေးကြည့်ရင်း သနားသလိုလို ဖြစ်လာမိတယ်။

ကျွန်မတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ကျား–မ မခွဲခြားဘဲ မောင်နှမလို ရှိနေကြပေမယ့် ရှေးအစဉ်အလာသဘောအရ ပြန်စဉ်းစားကြည့်ရင်း ယောကျ်ားဟာ ယောကျ်ား၊ မိန်းမဟာ မိန်းမပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနေရာက ဆိုးရွားလွန်းလှတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ပေါင်းစပ်ယှက်နွယ်ပြီး အေးချမ်းမှုကို တည်ဆောက်နေတဲ့နေရာ မဟုတ်ဘူး။ ကျွန်မက မော်အတတ်နဲ့ ဗေဒင်ဟောနေတာမှ မဟုတ်ပဲလေ။

ကျွန်မဟာ အဲဒီလိုအတွေးခေါင်နေပြီးမှ ရုတ်တရက် အတွေးပေါက်လာပြီး ရယ်လိုက်မိပြန်တယ်။ အခုလို အဝီစိမှာရှိတဲ့ ငရဲအိုးကို

ငုံ့ကြည့်နေတဲ့ ယောက်ျားလေးနဲ့ မိန်းကလေးဟာ သူတို့ရဲ့ရင်ထဲမှာ တစ်ခုခု စိတ်ကူးနေပြီး သေများသွားခဲ့ရင် သူတို့ရဲ့ အချစ်ဟာလည်း ငရဲပြည်အထိ ပါသွားမှာပဲလို့ တွေးလိုက်မိတဲ့အခါ အတောမသတ် ရယ်မောနေချင်မိတော့တယ်။

ယူးအိကျိုကို လှည့်ကြည့်လိုက်တော့ ဆိုဖာပေါ်မှာ တခေါခေါနဲ့ အိပ်ပျော်နေပြီ။ ကျွန်မအရင် အိပ်ပျော်သွားရလို့လား မပြောတတ်ဘူး။ အိပ်ပျော်နေတဲ့ သူ့ရဲ့မျက်နှာဟာ အတော်ကြီးအေးချမ်းနေတယ်။ သူ့ရဲ့ကိုယ်ပေါ်ကို စောင်လွှမ်းခြုံပေးလိုက်တာတောင် တုတ်တုတ်မျှ မလှုပ်တော့ဘူး။ ကျွန်မလည်း ပန်းကန်တွေတပြုံကြီးကို ရေသံ မပြည်အောင် ဂရုတစိုက်ဆေးရင်းက မျက်ရည်တွေ လျှံတက်လာတော့သည်။

တစ်ယောက်တည်း များပြားလှတဲ့ ပန်းကန်တွေကို ဆေးနေရလို့ မဟုတ်ဘဲ ရင်ထဲမှာ နုံးချည့်လာအောင် စိတ်အားငယ်ဖို့ကောင်းတဲ့ အခုလိုညမျိုးမှာ တစ်ယောက်တည်း အိပ်မပျော်ဘဲ ကျန်ရစ်ခဲ့တဲ့အဖြစ်ကြောင့် ဝမ်းနည်းရင်းမျက်ရည်တွေ အတောမသတ်အောင် ယိုစီးကျနေတော့တယ်။

***

နောက်တစ်နေ့နေ့ခင်းမှာ အလုပ်ဆင်းရမှာမို့ နာရီနှိုးစက်ကို သံပတ်ပေးထားခဲ့မိတယ်။ "ကလင် ကလင် ကလင်"နဲ့ ဆူညံအောင် မြည်လာတာကြောင့် ကျွန်မက နာရီနှိုးစက်ဆီကို လက်နဲ့စမ်းကြည့်



လိုက်တဲ့အခါ အခုမြည်နေတဲ့အသံက နာရီနှိုးစက်က မဟုတ်ဘဲ တယ်လီဖုန်း လူခေါ်ခေါင်းလောင်းသံ ဖြစ်နေတယ်လေ။ ဒါနဲ့ စကားပြောခွက်ကို ကောက်ကိုင်လိုက်တယ်။

"ဟဲလို"

အဲဒီလို ပြောလိုက်ပြီးမှ ဟယ် ဒါသူများအိမ်က တယ်လီဖုန်းပါလားလို့ အသိဝင်လာတယ်။ ကျွန်မလည်း မထူးတော့ပါဘူးလေလို့ တွေးလိုက်ပြီး–

"ထနာဘဲ ယူးအိကျိုအိမ်က စကားပြောနေပါတယ်ရှင်"လို့ ဆက်ပြောလိုက်မိတယ်။

အဲဒီအခါမှာ တစ်ဖက်က တယ်လီဖုန်းက ဂျောက်ခနဲ ချသွားတယ်။ "ဟယ် အသိမိန်းကလေး ထင်ပါရဲ့"လို့ အိပ်ချင်မူးတူးနဲ့ ယူးအိကျိုကို လှမ်းကြည့်လိုက်တော့ သူက တခေါခေါနဲ့ အိပ်ပျော်နေတုန်းပဲ။ ဒါဆိုလည်း ပြီးတာပါပဲလေလို့ တွေးလိုက်ပြီး အိပ်ရာတွေကိုသိမ်းကာ အလုပ်ဆီကို ထွက်လာခဲ့ရတော့တယ်။ ဒီနေ့ည ဒီမှာပဲ ပြန်အိပ်သင့် မသင့်ကိုတော့ အလုပ်ထဲကျမှ သေသေချာချာ စဉ်းစားရမှာပေါ့လေ။

***

ကျွန်မ အလုပ်ခွင်ကို ပြန်ရောက်လာခဲ့တော့တယ်။ ကျွန်မ လုပ်တဲ့ နေရာက အဆောက်အအုံကြီးတစ်ခုရဲ့ အောက်ထပ်တစ်ခုလုံးပဲ။

အဲဒီအထပ်မှာ ကျွန်မရဲ့ဆရာမ ထိုင်တဲ့ရုံးခန်းရယ်၊ စာသင်ခန်းရယ်၊ ဓာတ်ပုံစတူဒီယိုခန်းရယ်ကို ခမ်းခမ်းနားနား ပြင်ဆင်ထားတယ်။ ကျွန်မရောက်သွားတော့ ဆရာမဟာ သူရေးထားတဲ့ဆောင်းပါးတွေကို ပြန်ဖတ်နေတယ်။ ကျွန်မဆရာမက အချက်အပြုတ်မှာ နာမည်ရရုံတင်မကဘူး ရုပ်လည်းချောတယ်။ ပြီးတော့ ထက်လည်းထက်တယ်။ ကျွန်မကို မြင်လိုက်တာနဲ့ ဆရာမဟာ ပြုံးပြပြီးမျက်မှန်ကိုချွတ်ကာ ဒီနေ့လုပ်စရာရှိတဲ့ အလုပ်တွေကို ညွှန်ကြားတော့တယ်။

ဒီနေ့ညပိုင်း အချက်အပြုတ်သင်တန်းက ကြိုတင်ပြင်စရာ အလုပ်တွေ အတော်များပြီး ၃–နာရီလောက်ကစပြီး သူနဲ့ ဝိုင်းကူလုပ်ဖို့ အလုပ်ပြီးမှ အိပ်ပြန်ဖို့ မှာကြားတယ်။ ပြီးတော့ သူ့ရဲ့ အဓိက လက်ထောက်ဆရာမကလည်း တခြားအတန်းတွေဆက်ပြီး ပြရဦးမှာမို့ လုပ်စရာရှိတာတွေ စောစောပြီးအောင် လုပ်ထားဖို့ လိုနေတယ်။ ခေါင်းထဲမှာ ငြီးစီစီဖြစ်နေတဲ့အချိန်နဲ့ ဆရာမက အခုလို အလုပ်တွေ အများကြီးပေးလာတော့ အတော်ပဲ ဖြစ်သွားတယ်။

“ဆာကုရအီစံ၊ သန်ဘက်ခါ ဆရာမတို့ အီဇူဘက်ကိုသွားပြီး လေ့လာဖို့ရှိတယ်။ သုံးညအိပ်လောက် ကြာမယ်။ ဖြုန်းစားကြီး ပြောလိုက်ရတာကတော့ စိတ်မကောင်းပါဘူးကွယ်။ ဆရာမနဲ့အတူတူ လိုက်နိုင်ပါ့မလား”

“ဟယ် အီဇူ မဂ္ဂဇင်းကိစ္စအတွက်လား ဆရာမ”

ကျွန်မကတော့ တအံ့တသြ မေးလိုက်တယ်။



“အေးကွယ့်၊ တခြားကလေးမတွေက ဆရာမနဲ့လိုက်ဖို့ အဆင်မပြေတာနဲ့ အဲဒီစာအုပ်မှာရှိတဲ့ဟော်တယ်တွေ၊ အင်းတွေကို သွားပြီး အထူးစီစဉ် ရောင်းချပေးနေတဲ့ အစားအသောက်တွေကို လေ့လာဖို့ပါ။ ဘယ်လိုလဲကွယ့် ဆရာမတို့ ဟိုတယ်အကောင်းစား၊ တည်းခိုးခန်း အကောင်းစားတွေမှာ တည်းရမှာကွယ့်။ အဲဒီအခါကျတော့ ဆာကူရအီ အတွက်လည်း အခန်းသီးသန့်တစ်ခန်း ငှားပေးမယ်လေ။ လိုက်နိုင် မလိုက်နိုင် ဒီည နောက်ဆုံးထားပြီး ဆရာမကို အကြောင်းပြန်စေ ချင်တယ်”

ဆရာမက စကားမဆုံးခင်မှာပင် ကျွန်မက အဖြေ ပေးလိုက် တယ်။

“လိုက်ခဲ့ပါမယ် ဆရာမ”

“ဟယ် ဟန်ကျလိုက်တာ”

ဆရာမက ဝမ်းသာသွားတဲ့ပုံမျိုးနဲ့ ပြုံးနေတယ်။ ကျွန်မလည်း အချက်အပြုတ် သင်တန်းခန်းမကို လျှောက်သွားရင်း ရတ်တရက် ရင်ထဲမှာ ပေါ့သွားသလို ခံစားလိုက်ရတယ်။ အခုအချိန်မျိုးမှာ တိုကျိုမြို့ကြီးနဲ့ ခွဲခွာပြီး၊ ယူးအိကျိနဲ့ ခွဲခွာပြီး ခဏတဖြုတ် အဝေး တစ်နေရာကို သွားနေရတာ ပိုကောင်းလိမ့်မယ်လို့ တွေးလိုက်မိတယ်။

ခန်းမကြီးရဲ့တံခါးကို ဖွင့်လိုက်ရော အထဲမှာ ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက်တွေဖြစ်တဲ့ နိုရိကျန်နဲ့ ခူရိကျန်တို့က ပြင်ဆင်နေ ကြတာကို တွေ့လိုက်ရတယ်။

"မီခငယ်ကျန်၊ အီဇူကို ခရီးထွက်ဖို့ကြောင်း ကြားပြီးပြီလား"

ကျွန်မကို မြင်မြင်ချင်း ခူရီကျန်က မေးလိုက်တယ်။ "ဟန်ကျူ လိုက်တာနော်၊ ဟိုကျရင် မီခငယ်ကျန်တော့ ပြင်သစ်ဟင်းလျာတွေ ပင်လယ်အစားအစာတွေ အစုံစားရမှာ"

နိုရိကျန်က ဝမ်းသာအားရ ပြောပြန်တယ်။

"ဒါနဲ့ ဘာဖြစ်လို့ ကျွန်မကို ခေါ်ရတာလဲဟင်"

ကျွန်မက အဲဒီလို မေးလိုက်တဲ့အခါ

"စိတ်မကောင်းပါဘူးကွယ်။ အစ်မတို့နှစ်ယောက်စလုံး ဂေါက်ရိုက်လေ့ကျင့်ဖို့ ချိန်းထားပြီးလို့ပါကွယ်။ ဒါပေမဲ့ မီခငယ်ကျန်က အဆင်မပြေဘူးဆိုရင် အစ်မတို့အထဲက တစ်ယောက်ယောက်ခွင့်ယူရမှာပေါ့ မဟုတ်ဘူးလား ခူရီကျန်"

"ဟုတ်တယ်ကွယ့် မီခငယ်ကျန်၊ ပွင့်ပွင့်လင်းလင်း ပြောသာ ပြောပါကွယ်၊ အားမနာပါနဲ့"

သူတို့နှစ်ယောက်စလုံး ကျွန်မရဲ့ အစ်မတွေလိုပဲ သိပ်သဘောကောင်းကြပါတယ်။ ဒါနဲ့ ကျွန်မက "ကျွန်မအတွက် အဆင်ပြေပါတယ် အစ်မတို့ရယ်"လို့ ပြန်ပြောလိုက်ရတယ်။

သူတို့နှစ်ယောက်စလုံး တက္ကသိုလ်က အတူတူထွက်ပြီး ဆရာမ ဆီမှာ အချက်အပြုတ်သင်တန်းကို လေ့လာခဲ့တာ ၄-နှစ်လောက်တောင်ရှိပြီလေ။ သိပ်ကျွမ်းနေကြပြီပေါ့။



ခူရီကျန်က တက်တက်ကြွကြွရှိပြီး ချစ်စရာကောင်းသလို နိုရိကျန် ကလည်း အတော့်ကိုချောတယ်။ ပြီးတော့ သူတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် သိပ်ပြီး ချစ်ကြတယ်။ သူတို့က အမြဲတမ်းဆိုသလို ခေတ်ဆန်ဆန် လှလှပပ အဝတ်အစားတွေကို အမြဲဝတ်လေ့ရှိတော့ သူတို့ကို မြင်တဲ့သူတိုင်း ငေးမကြည့်ဘဲ မနေနိုင်ဘူး။ အလုပ်လည်း ကြိုးစားကြတယ်။ သဘောကောင်းပြီး သည်းခံတတ်လို့ သူတို့နှစ်ယောက်လုံးဟာ အချက်အပြုတ်လောကမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တွေ ဖြစ်နေကြတယ်။

နိုရိကျန်ရဲ့မေမေက မကြာခဏဆိုသလို အလုပ်ခွင်ကို ဖုန်းဆက်လေ့ရှိတယ်။ အတော့်ကို အံ့သြဖို့ကောင်းအောင် ယဉ်ကျေးပျူငှာတဲ့အမျိုးသမီးကြီးပဲ။ ပြီးတော့ သမီးဖြစ်သူရဲ့ တစ်နေ့တာ အစီအစဉ်တွေကိုလည်း ကြိုပြီး သိထားပုံရတယ်။ ဒီကမ္ဘာလောကကြီးမှာရှိတဲ့ "အမေ"တွေဟာ ဒီလိုပင် ထင်ပါရဲ့လို့ အောက်မေ့လိုက်မိတယ်။

နိုရိကျန်က လေထဲမှ တလွင့်လွင့်လူနေတဲ့ သူ့ရဲ့ ဆံပင်ရှည်ကြီးကို လက်နဲ့သပ်ရင်း ခြုံလုံးသံကလေးနဲ့ သူ့မေမေကို ချွဲနေတတ်တယ်။

ကျွန်မအဖို့ ဘဝချင်း အတော်ကြီးကို ကွာခြားနေတဲ့တိုင်အောင် သူတို့နှစ်ယောက်ကိုတော့ အတော့်ကိုခင်တွယ်နေမိတယ်။ ဟင်းကလေး မွှေပေးတာလောက် ကူညီလိုက်တယ်ဆိုရင်ပဲ သူတို့ပါးစပ်က "ကျေးဇူးပါပဲကွယ်" "ကျေးဇူးပါပဲကွယ်"နဲ့ ပြောလို့မဆုံးတော့ဘူး။ တကယ့်လို့ ကျွန်မအအေးမိပြီး ဖျားလာခဲ့ရင်လည်း "ဘာမှ စိတ်မပူပါနဲ့ကွယ်။ မကြာခင် ပြန်ကောင်းသွားမှာပါ"လို့ နှစ်သိမ့်ပေးကြရတယ်။ နေရောင်

အောက်မှာ ဖြူဖွေးနေတဲ့ အေပရွန်ကလေးတွေကို ကိုယ်စီဝတ်ပြီး ပြုံးနေတဲ့သူတို့ရဲ့ မျက်နှာကလေးတွေကို ကြည့်ရတာ အတော့်ကို ကြည်နူးဖို့ကောင်းတယ်။ သူတို့တစ်တွေနဲ့ အလုပ်အတူလုပ်ရတာ ကျွန်မရဲ့ရင်ထဲမှာ အတော်ကြီးအေးချမ်းပြီး ပျော်ရွှင်နေမိတယ်။

ဟင်းချက်စရာတွေကို လှီးဖြတ်ပြီး ဇလုံတွေထဲကို ခွဲထည့်လိုက် ရေနွေးအိုးတွေတည်လိုက် ဟင်းအိုးအပူရှိန် တိုင်းတာလိုက်နဲ့ပဲ ညနေ ၃–နာရီအချိန်မှာ လုပ်စရာရှိတဲ့အလုပ်တွေ ပြီးသွားတော့တယ်။

နေရောင်ခြည်တွေ အလုံအလောက်ရတဲ့ အခန်းကျယ်ကြီးထဲမှာတော့ မီးဖိုတွေ၊ အသားကင်စင်တွေ၊ ဂတ်စ်အိုးတွေ တင်ထားတဲ့စားပွဲကြီးတွေ တန်းစီနေတာကို တွေ့ရတော့ တက္ကသိုလ်က အိမ်တွင်းမှု သိပ္ပံခန်းမကြီးကို ပြန်ပြီး အမှတ်ရလာမိတယ်။ ကျွန်မတို့တစ်တွေဟာ ထွေရာလေးပါး ပြောရင်းပျော်ပျော်ပါးပါးပဲ လုပ်စရာရှိတာတွေကို လုပ်နေခဲ့ကြတယ်။

ဒီလိုနဲ့ နေ့ခင်း ၂–နာရီလောက်မှာ အခန်းတံခါးကို ခပ်ပြင်းပြင်း ခေါက်သံကို ကြားလာရတယ်။

"ဟယ် ဆရာမ လာပြီထင်တယယ်"

နိုရိကျန်က စောင့်ငဲ့ကြည့်ရင်း ပြောလိုက်ပြီး

"ဟုတ်ကဲ့ ဝင်ခဲ့ပါရှင်"လို့ ရှိရှိသေသေ ဖိတ်ခေါ်လိုက်တယ်။

ခူရိကျန်က ရုတ်တရက် "ဟယ် လက်သည်းနီလည်း မဖျက်ရသေးဘူး ဒုက္ခပါပဲ။ ဆရာမ အဆူခံထိတော့မှာပဲ"လို့ ညည်းညူနေတဲ့



အတွက် ကျွန်မက လက်ကိုင်အိတ်ကိုဖွင့်ပြီး လက်သည်းနီဖျက်ဆေးကိုရှာနေတုန်းမှာပေါ့။

တံခါးပွင့်လာတာနဲ့ တစ်ပြိုင်နက် မိန်းမပျိုတစ်ဦးရဲ့ အသံကို ကြားလာရတော့တယ်။

"ဒီမှာ ဆာကူရအိ မိခငယ်ဆိုတာရှိလား"

ရုတ်တရက် ကျွန်မနာမည်ကို အခေါ်ခံလိုက်ရတဲ့အတွက် ကျွန်မဟာ အတော်ကြီး အံ့အားသင့်သွားပြီး ထရပ်လိုက်မိတယ်။ တံခါးဝမှာရပ်နေတဲ့ သူကတော့ ကျွန်မလုံးဝသိမထားတဲ့ မိန်းမပျိုတစ်ဦးပါပဲ။ သူ့ကိုကြည့်ရတာ ငယ်မူငယ်သွေးတွေက မပျောက်သေးတော့ ကျွန်မထက် အသက်နည်းနည်းငယ်ပုံ ရတယ်။ အရပ်က ပုပြတ်ပြတ်၊ မျက်လုံးက ခပ်ဝိုင်းဝိုင်းနဲ့ အဝါရောင်ဆွယ်တာ ခပ်ပါးပါးပေါ်မှာ အညိုရောင်ကုတ်အင်္ကျီကို ဝတ်ထားတယ်။ ကာကီရောင်သားရေပျော့ ဘီနပ်ကလေးကို စီးထားပြီး တံခါးဝမှာ ခပ်မတ်မတ်ရပ်နေတယ်။ သူ့ရဲ့ ခြေသလုံးတွေက နည်းနည်းတုတ်သယောင်ရှိတာကလွဲလို့ ဆွဲဆောင်မှုအပြည့်ရှိနေကြတယ်။ တစ်ကိုယ်လုံးကို ခြုံကြည့်ရင်တော့ ပုပုဝိုင်းဝိုင်းကလေးဖြစ်နေတယ်။ မျက်နှာကို သေသေချာချာကြည့်လိုက်တဲ့အခါ နဖူးပြားပြားကျဉ်းကျဉ်းကလေးအပေါ်မှာ ဆံမြိတ်တွေကို နောက်လှန်ပြီး ဖြီးထားတယ်။ ဝန်းဝိုင်းတဲ့ မျက်နှာပေါ်မှာတော့ နီရဲနေအောင်ဆိုးထားတဲ့ ပါးလွှာတဲ့ နှုတ်ခမ်းနှစ်လွှာဟာ ဒေါသရဲ့အရှိန်ကြောင့် အောက်ဘက်ကို ကောက်ကွေးနေကြတယ်။

နီရိုကျန်နဲ့ ခူရိုကျန်တို့ဟာ ကျွန်မရဲ့နောက်ကနေ စိုးရိမ်တကြီးနဲ့ ငေးကြည့်နေကြတယ်။

ကျွန်မကလည်း မတတ်သာတဲ့အဆုံး အကျိုးအကြောင်းကို မေးကြည့်လိုက်မိတယ်။

"စိတ်တော့ မရှိပါနဲ့ရှင်။ ဘယ်သူများပါလိမ့်"

"ကျွန်မနာမည် အိုစုနိုလို့ ခေါ်ပါတယ်။ ရှင်နဲ့ စကားပြောစရာရှိလို့ ဒီကို တမင်လာခဲ့တာ"

သူက ခပ်မာမာ ခပ်တင်းတင်းပြန်ပြောလာတယ်။ "ဝမ်းနည်းပါတယ်ရှင်။ အခု ဒီမှာ ကျွန်မရဲ့ အလုပ်ခွင်မှာဆိုတော့ ညဘက်ဖြစ်ဖြစ် တယ်လီဖုန်းဆက်လိုက်ပါလား"

ကျွန်မရဲ့စကားအဆုံးတာနဲ့ သူက

"အိမ်ဆိုတာ ထာနာဘဲခွန်ရဲ့အိမ်ကို ပြောတာလား" လို့ ခပ်ပြတ်ပြတ် မေးလာပြန်တယ်။ ဟုတ်ပြီ။ ကျွန်မ သဘောပေါက်ပြီ။ မနက်စောစောပိုင်းက ဖုန်းဆက်တာ သူပဲ ဖြစ်ရမယ်။ ဒီတော့ ကျွန်မကလည်း ယုံကြည်မှုအပြည့်နဲ့ ပြန်ပြောလိုက်တယ်။

"အဲဒါ ကျွန်မအိမ် မဟုတ်ဘူးရှင့်"

"မိခင်ယယ်ကျန်၊ ကိစ္စရှိရင်လည်း အပြင်မှာ ထွက်ပြောလေ။ ဆရာ မလာရင် ခရီးထွက်တဲ့အခါ လိုအပ်မယ့်ပစ္စည်းလေးတွေ သွားဝယ်တယ်လို့ မမ ပြောပေးမယ်"



နီရိုကျန်က အဲဒီလို ဝင်ပြောရှာတယ်။

"အပြင်သွားဖို့ မလိုပါဘူး။ အခုလေးတင် ပြီးမှာပါ"

သူက အဲဒီလို ပြောလိုက်ပြန်တယ်။ ဒါနဲ့ ကျွန်မက စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး မေးလိုက်တယ်။

"ဒါနဲ့ ရှင်က ထာနာဘဲခွန်ရဲ့ မိတ်ဆွေလား"

"ဟုတ်ပါတယ်။ ကျွန်မက ထာနာဘဲခွန်နဲ့ တစ်တန်းတည်းသားတွေပါ။ ဒီနေ့ ရှင့်ကို တောင်းပန်စရာတစ်ခုရှိလို့ ဒီလိုလာခဲ့တာပဲ။ ခပ်ရှင်းရှင်းပြောရရင် ရှင် နောက်ကို ထာနာဘဲနဲ့ မဆက်သွယ်ပါနဲ့"

သူက အဲဒီလို ပြောလာတဲ့အခါ ကျွန်မ ပါးစပ်က အခုလို ထွက်သွားတယ်။

"ဒါက ထာနဘဲခွန်က ဆုံးဖြတ်ရမယ့်ကိစ္စပါ။ ကျွန်မ ထာနာဘဲခွန်ရဲ့ ရည်းစားဖြစ်နေရင်တောင် ရှင်နဲ့ အနေသာကြီးပဲ"

ဒီအခါမှာ သူ့ရဲ့မျက်နှာဟာ ဒေါသကြောင့် ပိုပြီး နီရဲလာတယ်။

"ရှင်မရှက်ဘူးလား။ ရှင့်ကိုယ်ရှင် ထာနာဘဲခွန်ရဲ့ ရည်းစား မဟုတ်ပါဘူးလို့ပြောပြီး သူ့အိမ်ကို အချိန်မတော် သွားလည်လိုက် ညအိပ်လိုက်နဲ့ ထင်သလို လုပ်နေတာ။ ရှင့်အဖြစ်က လက်မထပ်ဘဲ သွားနေတဲ့ Living together ထက်တောင် ပိုဆိုးသေးတယ်"

ပြောရင်းဆိုရင်းသူ့မျက်လုံးတွေမှာ မျက်ရည်တွေ အိုင်ထွန်းလာတော့သည်။

"ကျွန်မကတော့ ရှင့်လို သူနဲ့တစ်ခန်းထဲမှာ အတူမအိပ်ဖူးတော့ သူ့အကြောင်းကို ရှင့်လောက် မသိဘူးဆိုပါတော့လေ။ ဒါပေမဲ့ ကျွန်မလည်း ကျွန်မအလျောက် သူနဲ့ အတန်းထဲမှာ တွဲပါများလာတော့ သံယောဇဉ်တွယ်ပြီး ချစ်ခဲ့မိတာပေါ့ရှင်။ တလောက သူ့အမေ ဆုံးသွားပြီးတဲ့နောက် ကျွန်မသူနဲ့တွေ့ပြီး နှစ်သိမ့်ပေးခဲ့ရသေးတယ်။ ခုတလော သူ့ကိုကြည့်ရတာ ကျွန်မနဲ့ တွဲဖို့ စိတ်မပါသလိုဖြစ်ပြီး အိမ်ကိုချည်းစောစောပြန်နေလို့ ကျွန်မက မေးကြည့်တော့ သူက "အိမ်မှာ မိခငယ်စံ ရှိနေလို့ပါ"လို့ ပြောလာတယ်။ ဒါနဲ့ ကျွန်မက "မိခငယ်စံက ရှင့်ရည်းစားလား"လို့မေးတော့ "ဒါဟာ အခုအချိန်မှာ ပြောရမယ့်စကား မဟုတ်ပါဘူးကွာ"လို့ ပြောလာတယ်။ ရှင်နဲ့ ထာနာဘဲနဲ့ တစ်ခန်းထဲမှာ အတူနေကြတယ်ဆိုတဲ့ သတင်းကလည်း တက္ကသိုလ်တစ်ခုလုံးမှာ ပျံ့နေပြီ။ ဒါ့ကြောင့်မို့ ကျွန်မ သူ့ကို စိတ်နာနာနဲ့ တမင်အဆက်ဖြတ်ခဲ့တာပဲ"

"အခု ကျွန်မမှ သူတို့အိမ်မှာ မနေတော့တာ"

ကျွန်မက သူ့စကားကို ဖြတ်ပြီး ဝင်ပြောလိုက်တယ်။ ဒါပေမဲ့ ကျွန်မ စကားကို နားမထောင်ဘဲ ဆက်ပြောနေပြန်တယ်။

"ဒါပေမဲ့ မိခငယ်စံ၊ ရှင်ဟာ ချစ်သူတစ်ယောက်ရဲ့တာဝန်ကို တော့ လုံးလုံး မေ့ထားတယ်။ ရှင်က အချစ်ကို ပျော်စရာတစ်ခုလို သဘောထားပြီး ခပ်ပေါ့ပေါ့ပဲ သဘောထားလို့ ထာနာဘဲခွန်ဟာ အခုလို ကြောင်တောင်တောင် ဖြစ်သွားရတာပဲ မဟုတ်လား။ အဲဒီ ရှင့်ရဲ့သွယ်ပျောင်းတဲ့ ခြေချောင်း လက်ချောင်းတွေနဲ့ မူယာမာယာ



အမျိုးမျိုး လုပ်ပြလိုက်၊ ဆံပင်တွေကို ဖြန့်ပြလိုက်နဲ့ ညှို့ယူဖမ်းစားခဲ့လို့ ထာနာဘဲခွန်တစ်ယောက် အရူးတစ်ပိုင်းဖြစ်နေရတာ မဟုတ်လား။ ရှင့်အဖို့ ထာနာဘဲခွန်ကို ပွေးလိုက်ခွာလိုက်နဲ့ အရူးလုပ်နေရတာကို ပျော်နေတယ်ဆိုပါတော့။ ဒါပေမဲ့ အချစ်ဆိုတာဟာ အပျော် သက်သက်ချည်း မဟုတ်ဘဲ တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ဖို့ ပြုစုဖို့ တာဝန်လည်း ရှိပါတယ်ရှင်။ ရှင်က အဲဒီတာဝန်ကိုတော့ လျစ်လျူရှုပြီး ကိုယ့်ကိုကိုယ် လည်လှပြီလို့ အောက်မေ့နေတာပေါ့လေ။ ကျွန်မ တောင်းပန်ပါတယ်ရှင်။ သူနဲ့ ဝေးဝေးနေပေးပါ။ အခုလိုသာ ရှင် သူ့အိမ်ကို သွားသွားနေမယ်ဆိုရင် ထာနာဘဲခွန် ကြာရင် ရူးပြီး သေသွားလိမ့်မယ်"

သူ့စကားတွေကို နားထောင်ကြည့်တာနဲ့ ကိုယ့်ဘက်ကိုယ်ယက် နေတဲ့ သဘောဆန်နေတဲ့အပြင် တစ်ခါတလေ ကျွန်မရဲ့ အရှိက်ကို ထိသွားတဲ့အတွက် ရင်ထဲ အသည်းထဲကပါ နာကျင်လာမိတော့ တယ်။ ဒီလိုနဲ့ နောက်ထပ်စကားဆက်ဖို့ပါးစပ်ဟလိုက်တာနဲ့ ကျွန်မ

"STOP!"လို့ အော်ပြောလိုက်မိတယ်။ အဲဒီအခါကျမှ သူလည်း လန့်ဖျတ်ပြီး ငြိမ်ကျသွားတော့တယ်။ ဒါနဲ့ ကျွန်မက ဆက်ပြောလိုက်တယ်။

"ရှင်ပြောတာကို ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမဲ့ လူ ဆိုတာက ကိုယ့်ဘက်ကိုကြည့်ပြီး အသက်ရှင်နေတတ်ကြတာပေါ့ရှင်။ ရှင်ပြောတဲ့စကားတွေကို ကျွန်မ လုံးဝစိတ်မဝင်စားတာတော့ အမှန်ပဲ။

ဒါနဲ့ ကျွန်မက သူ့အပေါ်မှာ လုံးဝစိတ်မဝင်စားမှန်းကို အခုမှ တွေ့ခါစ ရှိသေးတဲ့ ရှင်က ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"ဘာဖြစ်လို့များ ဒီလောက်တောင် ရက်ရက်စက်စက် ပြောထွက်ရတာလဲရှင်"

သူက မျက်ရည်သုတ်ရင်း ပြန်မေးလိုက်တယ်။ "ရှင်က ယူးအိကျို ကို ချစ်ပါတယ် ချစ်ပါတယ်လို့ ပါးစပ်က တဖွဖွပြောနေပေမဲ့ ကျွန်မကတော့ လုံးဝမယုံဘူး။ ယူးအိကျိုရဲ့အမေ ဆုံးသွားပြီဆိုတာ ကြားလို့ သွားမေးရင်း အဲဒီမှာ အိပ်ဖြစ်ခဲ့တာပဲ။ သူနဲ့ ကျွန်မက ကြိုက်နေကြတာလဲ မဟုတ်ဘူး"လို့ ကျွန်မက ပြန်ပြောလိုက်တယ်။ ယူးအိကျိုရဲ့အမေဟာ တကယ်တော့ ယောကျ်ားသားကြီးဖြစ်နေတဲ့ အကြောင်း၊ သူတို့အိမ်ကို ကျွန်မရောက်သွားတုန်းက အဲရီကိုးဟာ ဘယ်လောက်တောင် ဝမ်းသာရှာခဲ့တဲ့အကြောင်း၊ အခုအခါ ကျွန်မနဲ့ ယူးအိကျိုတို့ရဲ့ဆက်ဆံရေးဟာ ဘယ်လောက်တောင် ရှုပ်ထွေးလာပြီး ပြတ်လုတဲတဲ ဖြစ်နေကြောင်း စတာတွေကိုလည်း သူသိချင်မှာ မဟုတ်ဘူး။ ကျွန်မကို တမင်အပြစ်တင်ဖို့ သက်သက် ဒီလိုလာခဲ့တာပဲ ဖြစ်မယ်။ မနက်တုန်းက တယ်လီဖုန်းဆက်ပြီးတာနဲ့ တစ်ပြိုင်နက် ကျွန်မရဲ့အကြောင်းတွေ၊ ကျွန်မအလုပ်လုပ်နေတဲ့နေရာတွေကို စုံစမ်းပြီး ဟိုးအဝေးကနေ အလောသုံးဆယ်လိုက်လာခဲ့တာပဲ ဖြစ်မယ်။ သူ့ရဲ့ လုပ်ဆောင်ချက်အားလုံးဟာ ဘယ်လိုမှ စိတ်သက်သာမှုကို မပေးနိုင်တဲ့ စိတ်ပျက်စရာ လုပ်ရပ်တွေချည်းပဲ။ အကျိုးအကြောင်းကို မဆင်ခြင်ဘဲ အခြောက်တိုက် ဒေါပွပြီးလာတဲ့သူကို ကျွန်မက အတော့်ကို သနားလိုက်မိတယ်။



"ဒါပေမဲ့ ကျွန်မလည်း နှလုံးသားရှိတဲ့ လူသားတစ်ယောက်ပဲ" ကျွန်မက ဆက်ပြောလိုက်တယ်။ "ကိုယ်နဲ့ ခင်မင်နေတဲ့ မိတ်ဆွေတစ်ယောက် ဆုံးရှုံးသွားရတာကိုတော့ စိတ်မကောင်းဖြစ်မိတာပဲပေါ့။ ဒါတွေ ထားလိုက်ပါတော့ရှင်။ ဒီနေရာက အလုပ်ခွင်ရှင့်၊ နောက်နောင် ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ပြောချင်ရင် ကျွန်မက အိမ်ကို တယ်လီဖုန်းဆက်ပါ"လို့ ပြောမလို့ လုပ်ပြီးခါမှ "ကျွန်မ ရှင့်ကို ငိုပြီး ဓားနဲ့ ထိုးမိလိမ့်မယ်"လို့ ပြောချလိုက်မိတယ်။ ကျွန်မ ပြောတာ သိပ်ပြီးရက်စက်လွန်းရာကျသွားတယ်လို့ အောက်မေ့လိုက်မိတယ်။ သူက ကျွန်မကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး မဲ့ပြုံးပြုံးကာ

"မလိုတော့ပါဘူး။ အခုပြောချင်တာတွေ အကုန်ပြောပြီးပြီပဲ။ ကဲ သွားလိုက်ပါဦးမယ်"လို့ ခပ်ရွဲ့ရွဲ့ပြောရင်း တံခါးဝနားကို တဘောက်တောက်နဲ့ လျှောက်သွားတယ်။ တံခါးဝရောက်တော့ ဝုန်းခနဲ ဆောင့်ပိတ်ပြီး ထွက်သွားတော့တယ်။

ဘာမှ အရှုံးအမြတ်မထွက်တဲ့ ထိပ်တိုက်ရင်ဆိုင်မှုတစ်ခုဟာ ခါးသီးစွာနဲ့ပဲ အဆုံးသတ်သွားခဲ့တော့တယ်။

"မိခငယ်ကျန့် အဲဒီလိုပြောလိုက်တာ လုံးဝမမှားဘူး"

ခုရိကျန်က ကျွန်မဘေးမှာ လာရပ်ပြီး အဲဒီလို နှစ်သိမ့်လိုက်တယ်။

"အင်း ဒီမိန်းမ ရူးများရူးနေသလား မပြောတတ်ဘူး။ မနာလို စိတ်နဲ့ မွှန်နေတာ ထင်ပါရဲ့ကွယ်။ ဘာမှ စိတ်ဓာတ်ကျစရာ မလိုပါဘူးကွယ်။ အားတင်းထားလိုက်စမ်းပါ"

နိုရိကျန်ကလည်း ကျွန်မကို ကြင်ကြင်နာနာနဲ့ အကဲခတ်ကြည့်ရင်း အားပေးရှာတယ်။

ညနေဆည်းဆာရဲ့ ရောင်ခြည်တွေဖြာနေတဲ့ စားသောက်ခန်းမကြီးထဲမှာ ရပ်နေတဲ့ ကျွန်မဟာ အတော်ကြီးကို ရင်မောလာခဲ့ရတော့တယ်။

***

မျက်နှာသုတ်ပဝါနဲ့ သွားတိုက်တံက ယူးအိကျိတို့အိမ်မှာထားခဲ့တဲ့အတွက် ညနေပိုင်းမှာ အဲဒီကို တစ်ခေါက်ပြန်ခဲ့ရတယ်။ ကျွန်မရောက်တော့ ယူးအိကျိကို အိမ်မှာမတွေ့တော့ဘူး။ အပြင်ထွက်နေပုံရတယ်။ ကျွန်မက ကိုယ့်သဘောနဲ့ကိုယ် ကားရေးရိုက်စ်ဟင်းကို ချက်စားလိုက်တယ်။

ကျွန်မအဖို့ ဒီအိမ်မှာ ထမင်းဟင်းချက်ပြုတ်ပြီး စားသောက်တာက နေသားကျပြီး ရိုးနေခဲ့ပြီလေ။ အဲဒီအချိန်မှာပဲ ယူးအိကျိ ပြန်ရောက်လာတယ်။

"ဟယ် ပြန်ရောက်လာပြီ"

ကျွန်မက ခေါင်းငုံ့ပြီး နှုတ်ဆက်လိုက်တယ်။

ယူးအိကျိအနေနဲ့ ဘာဆိုဘာမှ မသိတဲ့အပြင် မကောင်းတာလည်း တစ်ခုမျှမလုပ်ခဲ့သည့်တိုင် ကျွန်မကတော့ ယူးအိကျိကို မော့မကြည့်ရဲတော့ဘူး။



"ယူးအိကျိ၊ ကျွန်မ သန်ဘက်ခါကစပြီး အိဇုဘက်ကို အရေးပေါ် ခရီးထွက်စရာရှိတယ်။ အိမ်မှာကလည်း ဘာမှ သိမ်းဆည်းမထားရသေးလို့ ဒီနေ့ အိမ်ကိုပြန်လိုက်ဦးမယ်။ ကားရေးရိုက်စ်(curry rice) ထမင်းတွေ အများကြီး ကျန်သေးတယ်။ စားလိုက်ပါလား"

"ဟယ် ဟုတ်လား။ ဒါဆို ကိုယ် ကားနဲ့ လိုက်ပို့မယ်လေ"လို့ ပြောပြီး ယူးအိကျိက ပြုံးလိုက်တယ်။

ယူးအိကျိနဲ့ ကျွန်မစီးလာတဲ့ ကားကလေးဟာ မြို့လယ်ခေါင်ကို ဖြတ်သန်းပြေးလွှားလာပြီးတဲ့နောက် ၁၀-မိနစ်လောက်အကြာမှာ ကျွန်မနေတဲ့အိမ်ကို ရောက်လာခဲ့ကြတယ်။

"ယူးအိကျိ"

ကျွန်မက ခေါ်လိုက်တယ်။

"ဟင်" ယူးအိကျိက မော်တော်ကား စတီယာရင်ကို ကိုင်ထားရင်း ပြန်ထူးတယ်။

"တစ်နေရာသွားပြီး လက်ဖက်ရည် ထွက်သောက်ချင်တယ်"

"ခရီးထွက်ဖို့ ပစ္စည်းတွေ ပြင်ဆင်ထုတ်ပိုးဖို့ ရှိသေးတယ်မဟုတ်လား။ ကိုယ့်အတွက်က ဘာမှ အရေးမကြီးပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အခု လက်ဖက်ရည်သိပ်သောက်ချင်နေတယ်"

"ကဲ ဒါဆို သွားစို့။ ဘယ်ဆိုင်ကို သွားမလဲ"

"အင်း ဟုတ်ပြီ ဟုတ်ပြီ။ ဟို အလှပြင်ဆိုင်ရဲ့ အပေါ်ထပ်က ဘာလီ လက်ဖက်ရည်ဆိုင်ကို သွားကြစို့"

"အဲဒီနေရာက မြို့စွန်ဆိုတော့ မဝေးလွန်းဘူးလား"

"ဒါပေမဲ့ ကျွန်မ အဲဒီဆိုင်လေးကို သိပ်သဘောကျတယ်"

"အင်း ဒါဆို သွားကြစို့"

ဘာကြောင့်ရယ် မသိဘူး။ ယူးအိကျိုဟာ ကျွန်မကို အရမ်း အလိုလိုက်နေတယ်။ တကယ်လို့များ ကျွန်မက အာရပ်နိုင်ငံကို သွားပြီး လမင်းကြီးကိုကြည့်ရအောင်လို့ တောင်းဆိုရင်လည်း သူက တော့ "အင်း"လိုက်မှာ သေချာတယ်။

ဒုတိယထပ်မှာရှိတဲ့ အဲဒီဆိုင်ကလေးဟာ အနည်းငယ် ကျဉ်းပေမယ့် လင်းပြီး ငြိမ်သက်နေတယ်။ အဖြူရောင်နံရံတွေရဲ့ အတွင်းမှာတော့ ထိုင်ခုံတွေကို သပ်သပ်ရပ်ရပ် ခင်းထားပြီး နွေးထွေးလို့ နေတယ်။ ကျွန်မတို့နှစ်ယောက်ဟာ အတွင်းဘက်ကျကျ စားပွဲခုံကို ရွေးပြီး ထိုင်လိုက်ကြတယ်။ အခန်းထဲမှာ လူရှင်းနေတယ်။ မြူးကြွတဲ့ ရပ်ရှင်သီချင်းသံကလေးလောက်ပဲ တိုးတိုးညင်သာ ထွက်ပေါ်နေတယ်။

"ယူးအိကျို၊ သေသေချာချာ စဉ်းစားလိုက်တော့ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်း လက်ဖက်ရည်ဆိုင်ကိုဝင်ပြီး ထိုင်တာ ဒါဟာ ပထမဆုံးအကြိမ် ထင်ပါရဲ့နော်"



ကျွန်မက ပြောလိုက်တယ်။

"ဟုတ်သားပဲနော်"

ယူးအိကျို မျက်လုံးအဝိုင်းသား ဖြစ်သွားတယ်။ သူက ကျွန်မ အင်မတန်မုန်းတဲ့ အယ်လ်ဂရေးလို့ခေါ်တဲ့ အနံ့ပြင်းပြင်း လက်ဖက် ရည်ကို မှာသောက်တယ်။ သူတို့အိမ်မှာ ကျွန်မတည်းတုန်းက ညကြီးသန်းခေါင် ဒီဆပ်ပြာစော်နံတဲ့ လက်ဖက်ရည်နံ့တွေ ထောင်းခနဲ ထလာတာကို ပြန်ပြီး အမှတ်ရလာမိတယ်။ ကျွန်မက ငြိမ်ပြီး တီဗွီ ထိုင်ကြည့်နေတဲ့ အချိန်မျိုးမှာ ယူးအိကျိုဟာ ကျွန်မဘေးနားလာထိုင် ပြီး အဲဒီလက်ဖက်ရည်တွေကို ထည့်ပေးတတ်တယ်။

မသေချာ မရေရာတဲ့ ခံစားမှုနဲ့ အချိန်တွေရဲ့ စီးဆင်းမှုအောက် မှာ လူတစ်ဦးတစ်ယောက်ရဲ့ ဘဝဖြစ်စဉ်အာရုံတွေဟာ ရုတ်တရက် ထင်ဟပ်လာခဲ့တယ်။ သိပ်ပြီး အရေးမကြီးလှတဲ့ ပြန်ပြီး အစားထိုးလို့ မရတဲ့အကြောင်းအရာတွေဟာ ချမ်းအေးလှတဲ့ လက်ဖက်ရည်ဆိုင်လေး အတွင်း ပြန်လည်ပြီး အရိပ်ထင်ဟပ်လာတော့တယ်။

"မင်းနဲ့ကိုယ် အတူထိုင်ပြီး လက်ဖက်ရည်သောက်ခဲ့ကြတာ လည်း အကြိမ်ပေါင်းမရေတွက်နိုင်တော့ဘူးဆိုတော့ အခုလို အတူတူ လက်ဖက်ရည်ဆိုင်မှာ နှစ်ယောက်တည်းထိုင်တာ ပထမဆုံးဆိုတဲ့ စကားကို အစပိုင်းမှာ မယုံချင်သလိုလို ဖြစ်နေခဲ့မိတယ်။ အဲ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ တကယ်ပဲနော်"

"အတော့်ကို အံ့သြဖို့ကောင်းတယ်နော်" ကျွန်မက ပြုံးပြရင်း ပြန်ပြောလိုက်တယ်။

"ခုတလော ဘာပဲ လုပ်လုပ် ကိုယ့်အတွက် အဆင်ပြေတာရယ်လို့ မရှိပါဘူးကွာ"

ယူးအိကျိုက နံရံမှာချိတ်ထားတဲ့ အလှဆင် မီးလုံးကလေးကို ငေးကြည့်ရင်း ဆိုလာသည်။

"အင်း အခုတော့ ကိုယ် အတော်ကြီးကို ပင်ပန်းနွမ်းဟိုက်လာသလိုပဲ ခံစားရတယ်"

"အွန် ဒါတော့ ဒါပေါ့ရှင်"

ကျွန်မက အနည်းငယ်အံ့သြတဲ့ပုံစံမျိုးနဲ့ ပြောလိုက်တယ်။

"မင်းရဲ့အဘွားဆုံးသွားတုန်းကလည်း ကိုယ်လိုပဲ ခံစားခဲ့ရမှာပဲနော်။ ကိုယ် အခုထက်ထိ ကောင်းကောင်းမှတ်မိနေသေးတယ်။ မင်းနဲ့ကိုယ် နှစ်ယောက်သား တီဗွီထိုင်ကြည့်နေတုန်း မင်းက ကိုယ့်ကို "တီဗွီထဲမှာ ဘာတွေပြောသွားတာပါလိမ့်"လို့ မကြာခဏ မေးတဲ့အခါ ကိုယ်က မင်းထိုင်နေတဲ့ ဆိုဖာပေါ်ကို လှမ်းကြည့်လိုက်တဲ့အခါ မင်းဟာ ရင်ထဲမှာ ဘာမှမရှိတော့သလို အကြောင်သား ငေးကြည့်နေတာကို တွေ့ရတယ်။ အဲဒီတုန်းက မင်းရဲ့ ခံစားချက်ကို ကိုယ် ခုမှ ကောင်းကောင်းကြီး သဘောပေါက်တော့တယ်။

"ယူးအိကျို" ကျွန်မက ပြောလိုက်တယ်။



"ကျွန်မလေ ရှင် အခုလို စိတ်ကို အေးအေးဆေးဆေးထားပြီး ကိုယ်ခံစားရသမျှတွေကို ဖွင့်ဟပြောပြနေတာကို နားထောင်ရတာ သိပ်ပျော်မိတာပဲ။ တကယ့် ကို အရမ်းပျော်တာပါပဲရှင်။ ပျော်လွန်းကို နံရံထိပ်ကနေ ပျော်တယ်၊ ပျော်တယ်လို့ အော်နေရသလိုပဲ"

"ဘာတွေ လျှောက်ပြောနေတာလဲ။ မင်းစကားက အင်္ဂလိပ်စာကို ဘာသာပြန်ပြီး ပြောနေသလိုပဲ။ ကိုယ် ကောင်းကောင်း နားမလည်ဘူး"

နံရံက မီးလုံးရဲ့အလင်းရောင်အောက်မှာ ယူးအိကျိုက ပြုံးရယ်ရင်း ပြန်မေးလိုက်တယ်။ ပြီးတော့ ကြည်ပြာရောင်ဆွယ်တာအောက်ကနေ သူ့ပခုံးကို တစ်ချက်တွန်းလိုက်တယ်။

"ယူးအိကျို၊ ကျွန်မကို ပြောချင်တာတွေ အားမနာတမ်း အကုန် ဖွင့်ပြောနော်။ ကျွန်မက ကူညီနိုင်တဲ့ အတိုင်းအတာဆိုရင် ကူညီမယ်"လို့ ပါးစပ်က ထွက်တော့မယ် လုပ်ပြီးမှ ကျွန်မက စိတ်ထဲမှာပဲ မြိုသိပ်ထားလိုက်မိတယ်။ အခုလို လင်းထိန်နေတဲ့အခန်းထဲမှာ သူ့ကို ငေးကြည့်ရင်း လက်ဖက်ရည်ပူပူကိုသာ ငုံ့သောက်နေမိတယ်။ အခုလို နှစ်ယောက်သား နီးနီးကပ်ကပ် ရှိနေတာကိုကပဲ သူ့ရဲ့ သောကတွေကို တစ်နည်းတစ်ဖုံ ပြေပျောက်နိုင်ပါစေလို့ ဆုတောင်းလိုက်မိတယ်။

နှုတ်ဖျားကထွက်လာတဲ့ စကားလုံးတွေဟာ သိပ်ပြီး တိုက်ရိုက်ဆန်လွန်းတဲ့အပြင် အခု ကျွန်မတို့ ခံစားနေရတဲ့ နွေးထွေးမှုကလေးကိုလည်း ဖျက်ဆီးပစ်နိုင်တယ်လေ။

အပြင်ဘက်ကို ထွက်လာကြတော့ ညဦးနက်နေပြီဖြစ်တဲ့အတွက် နက်ပြာရောင်ကောင်းကင်ကြီးမှာ ကြယ်ကလေးတွေ တလက်လက် တောက်ပနေကြတယ်။ တစ်ကိုယ်လုံး ထုံကျင်လာမတတ် ချမ်းလာ တယ်။

ကား[illegible]ကို ရောက်လာတော့ သူဟာ ခါတိုင်းလိုပဲ တစ်ဖက်က တံခါးကို ကျွန်မအတွက် အရင်ဖွင့်ပေးပြီးမှ သူ့နေရာကို သူ တက်ထိုင်တယ်။ ကားစထွက်သွားတော့မှ ကျွန်မက အခုလို ပြောလိုက် တယ်။

"အခုခေတ်မှာ မိန်းကလေးတွေကို ကားတံခါးဖွင့်ပေးတဲ့ ယောက်ျားကလေးတွေ အတော်ရှားသွားပြီနော်။ ယူးအိကျိုက သိပ် ကြင်နာတတ်တာပဲ"

"မာမီ အဲရီကိုး သင်ပေးတဲ့ ကျေးဇူးလို့ ဆိုရမလားပဲ"

ယူးအိကျိုက ပြောရင်း ရယ်လိုက်တယ်။

"မာမီက ကျွန်တော်က အဲဒီလိုသာ ဖွင့်မပေးရင် ဘယ်တော့မှ ကားထဲကို ဝင်မထိုင်ဘူးလေ"

"ယောက်ျားတန်မဲ့ကြီးနဲ့နော်"

ကျွန်မက ရယ်ပြီး ပြောလိုက်တယ်။

"ဟုတ်ပါဗျာ။ ယောက်ျားဖြစ်ရဲ့သားနဲ့"



အဲဒီနောက်မှာတော့ ကျွန်မတို့ ရုတ်ချည်း ငြိမ်ကျသွားတယ်။

လမ်းတစ်လမ်းလုံး မှောင်နေခဲ့ပြီ။ ကားရဲ့ ရှေ့မီးရောင်အောက် မှာ လမ်းဆုံမီးပွိုင့်က မီးစိမ်းအပြကို စောင့်နေကြတဲ့ လူတွေထဲမှာ တော့ ကုမ္ပဏီအလုပ်သမား လခစားတွေ၊ ရုံးစာရေးမတွေ၊ သက်ကြီး ရွယ်အိုတွေနဲ့ လူပျိုလူရွယ်တွေဟာ အလင်းရောင်ကြောင့် တောက်ပ နေပြီး မြင်မြင်သမျှဟာ လှနေတော့တယ်။ ငြိမ်သက်စွာ ငေးစိုက်နေတဲ့ ညလေထုရဲ့အောက်မှာ သူတို့တစ်တွေဟာ ဆွယ်တာအင်္ကျီ ကုတ်အင်္ကျီ တွေကို ဝတ်ထားကြပြီး နွေးထွေးတဲ့နေရာကို ရှာဖွေသွားလာနေကြတဲ့ အချိန်ပဲ ဖြစ်တယ်။

အဲဒီအချိန်မှာ ရုတ်တရက် ကျွန်မခေါင်းထဲကို အတွေးတစ်ခု ဝင်လာတယ်။ ညနေပိုင်းက ကျွန်မဆီကိုလာပြီး ဒေါသတကြီး ရန်တွေ့သွားတဲ့ အမျိုးသမီးကိုလည်း ယူးအိကျိုက ကျွန်မလိုပဲ ကားတံခါးကို ဖွင့်ပေးခဲ့မှာပဲလို့ တွေးမိတဲ့အခါ ကျွန်မထိုင်နေတဲ့ ကားထိုင်ခုံခါးပန်းကြီးက ပိုပြီး တင်းကျပ်လာသလိုပဲ ခံစားလာရတယ်။ နောက်မှ သြော် ငါ အခြောက်တိုက် မနာလိုဖြစ်နေတာပါလားလို့ တွေးမိလိုက်တဲ့အခါ အံ့ဩလို့ မဆုံးအောင် ဖြစ်လာမိတော့တယ်။ ကျွန်မရဲ့ ရင်ထဲမှာတော့ ကလေးဘဝတုန်းက ခါချဉ်နက် အကိုက်ခံရ သလို စူးခနဲ နာကျင်သွားခဲ့ရတယ်။ အဲရီကိုး ဆုံးသွားပြီးကတည်းက ကျွန်မတို့နှစ်ယောက်ဟာ မည်းမှောင်တဲ့အာကာသတွင်းက အလင်းမြစ် ကြီးထဲမှာ လွင့်မြောနေခဲ့ရာက အခုအခါ လမ်းဆုံလမ်းခွကို ရောက်နေခဲ့ ကြတယ်။

ကျွန်မ နားလည်ခဲ့ပြီလေ။ ကောင်းကင်ကြီးရဲ့အရောင်၊ လမင်းကြီးရဲ့ ပုံသဏ္ဌာန်၊ ကျွန်မတို့ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းပေါ်က ညဥ့်နက်သန်းခေါင် ကောင်းကင်ကြီးရဲ့ အမှောင်တွေက ကျွန်မကို နားလည်အောင် ကူညီပေးခဲ့ကြတယ်။ အဆောက်အအုံတွေနဲ့ လမ်းတွေပေါ်မှာတော့ မီးရောင်တွေဟာ စူးစူးရဲရဲ တောက်ပနေကြတယ်။

ကျွန်မရဲ့အိမ်ရှေ့ရောက်တဲ့အခါ ကားကို ရပ်လိုက်ပြီး

“အပြန်ကျရင် လက်ဆောင်ဝယ်ခဲ့ဖို့ မမေ့နဲ့နော်”လို့ ယူးအိကျိုက ပြောပြီး နှုတ်ဆက်လိုက်တယ်။ အခုဆိုရင် သူတစ်ယောက်တည်း အဲဒီအခန်းကို ပြန်ရတော့မယ်ပေါ့။ အခန်းပြန်ရောက်တဲ့အခါ ပန်းပင်ကလေးတွေကို ရေလောင်းနေမှာ သေချာတယ်။

“ဘာလဲ ငါးချဉ်ကြော်ပဲ ဝယ်လာရမှာလား”

ကျွန်မက ပြုံးပြီး ပြောလိုက်တယ်။ လမ်းမီးအလင်းရောင်တွေက သူ့ရဲ့ ဘေးတိုက်မျက်နှာပေါ်ကို ထိုးကျနေကြတယ်။

“ငါးချဉ်ကြော်ကတော့ တိုကျိုဘူတာရုံက ဝယ်လာရင်လည်း ရပါတယ်ကွာ”

“ဒါဆို လက်ဖက်ခြောက် ကောင်းကောင်း ဝယ်ခဲ့ရမလား”

“အင်း ဝါဆာဗီ ငရုတ်ကောင်း ဝယ်ခဲ့ပါလား”

“ဟယ် ဝါဆာဗီက မမွှန်ဘူးလား။ ရှင်က ကြိုက်လို့လား”

“အင်း ကိုယ်က စပ်တာမွှန်တာဆို သိပ်ကြိုက်တယ်”

“ကဲ ဒါဆို အဲဒါကိုပဲ ဝယ်ခဲ့ပါမယ်ရှင်”



ကျွန်မက ရယ်လိုက်ပြီး ကားတံခါးကို ဖွင့်လိုက်တယ်။ အဲဒီအခါမှ နွေးထွေးနေခဲ့တဲ့ ကားရဲ့အတွင်းခန်းကို အေးစက်နေတဲ့လေတွေက တိုးဝှေ့ဝင်ရောက်လာကြတော့တယ်။

“အမေ့ ချမ်းလိုက်တာ” ကျွန်မက အလန့်တကြား အော်လိုက်တယ်။

“ယူးအိကျို၊ ချမ်းတယ်ကွယ် ချမ်းတယ်၊ ချမ်းတယ်”

ကျွန်မက ယူးအိကျိုရဲ့ လက်မောင်းကို တင်းတင်းကြပ်ကြပ်ဖက်ရင်း သူ့ရင်ခွင်ထဲမှာ မျက်နှာကို နှစ်ထားလိုက်မိတယ်။ သူဝတ်ထားတဲ့ဆွယ်တာအင်္ကျီက ဆောင်းဦးမှာ ကြွေကျလာတဲ့ ရွက်ဝါလေးတွေရဲ့အနံ့မျိုးတွေ သင်းနေကြတယ်။

“အခုသွားမယ့် အီဇူးက ပိုပြီး နွေးမှာပါကွယ်”

ယူးအိကျိုဟာ အဲဒီလိုပြောရင်း ကျန်လက်တစ်ဖက်နဲ့ ကျွန်မရဲ့ ခေါင်းနဲ့ပခုံးကို သိုင်းဖက်ထားတယ်။

“ဟိုမှာ ဘယ်လောက်ကြာမှာလဲဟင်”

ယူးအိကျိုက မလှုပ်မယှက်ဘဲ မေးလိုက်တယ်။ သူမေးလိုက်တဲ့ စကားသံဟာ သူ့ရဲ့ရင်ထဲကနေ တုန်ခါလာပြီး ကျွန်မရဲ့ နားထဲကို ဝင်လာတယ်။

“သုံးညအိပ်လေးရက်ထဲပါ”

ကျွန်မက သူ့ရင်ခွင်ကခွာရင်း ပြန်ဖြေလိုက်တယ်။

"အခုလို ခရီးထွက်လိုက်ရတော့ ပိုပြီး လန်းဆန်းလာမှာပေါ့ ကွယ်။ ပြန်လာတဲ့အခါကျမှ အခုလိုပဲ တစ်နေရာရာကို ထွက်ပြီး လက်ဖက်ရည် သောက်ကြဦးစို့လား"

ယူးအိကျိုက ကျွန်မကို စိုက်ကြည့်ပြီး ပြုံးလိုက်တယ်။ "အင်း" လို့ပြောပြီး ကျွန်မက ကားပေါ်ကဆင်းကာ လက်ကို ဝှေ့ယမ်းပြလိုက်တယ်။

"ဒီနေ့ ကြုံတွေ့ခဲ့ရတဲ့ ခါးသီးတဲ့ အဖြစ်အပျက်ကို မေ့လိုက်တာပဲ ကောင်းပါတယ်လေ" ဝူးခနဲ မောင်းထွက်သွားတဲ့ ကားကလေးကို ငေးကြည့်ရင်း ကျွန်မက အဲဒီလို တွေးလိုက်မိတယ်။

ကျွန်မနဲ့ ဟိုမိန်းမ ဘယ်သူကနိုင်လို့ ဘယ်သူက ရှုံးတယ်ဆိုတာကို ဘယ်လိုပြောရမယ် မသိတော့ဘူးလေ။ ဘယ်သူကများ ကျွန်မ့်နဲ့သူ ဘယ်သူက အသာစီးရနေပြီလို့ ပြောပြနိုင်မှာပါလိမ့်။ တိုင်းတာရမဲ့ စံကိုလည်း ရှာလို့တွေ့နိုင်မယ် မထင်ဘူး။ ဒီလောက် ချမ်းအေးလှတဲ့ ညမျိုးမှာ ဘယ်ဆုံးဖြတ်လို့ ရပါ့မလဲ ကျွန်မအဖို့ ဘယ်လိုတွေးတွေး တွေးလို့ မရတော့ဘူးလေ။

***

အဲရီကိုးရဲ့အကြောင်းကို ပြန်ပြီးအမှတ်ရလာပြန်တယ်။ လောကမှာ ဝမ်းနည်းပူဆွေးမှု အများဆုံးလူတစ်ယောက် အကြောင်းကိုပေါ့။



ပန်းပင်၊ သစ်ပင်ကလေးတွေ အများကြီး ပြူတင်းပေါက်အောက်မှာထားပြီး ရေလောင်းပြုစုပေးနေခဲ့တဲ့သူဟာ သူ့ပိုက်ဆံနဲ့ ပထမဆုံး ဝယ်လာတဲ့ ပန်းအိုးကျတော့ ထူးထူးခြားခြား နာနတ်ပင်ကလေး စိုက်ထားတဲ့ ပန်းအိုးကလေး ဖြစ်နေတယ်။

နာနတ်ပင်နဲ့ ပတ်သက်ပြီး သူက ဒီလိုပြောပြဖူးတယ်။

"သိပ်ချမ်းတဲ့ ဆောင်းတွင်းကြီးမှာပေါ့ကွယ်။ မိခင်ယိစ်ရေ အဲဒီတုန်းက အန်တီက ယောက်ျားဘဝပဲ ရှိသေးတာပေါ့ကွယ်။ ယောက်ျားတစ်ယောက်အနေနဲ့တော့ ခန့်ချောချောတယ် ဆိုမလား။ ဒါပေမဲ့ အဲဒီတုန်းက မျက်ရစ်မပါတဲ့ပြင် နှာခေါင်းကလည်း နည်းနည်းပြားတယ်။ အခုလို မျက်နှာကို ခွဲစိပ်ပြီး ပြင်မှ မပြင်ရသေးဘဲကိုး။ အဲဒီတုန်းက အန်တီရဲ့မျက်နှာကို အန်တီတောင် အခုပြန်မမှတ်မိတော့ဘူး"

ကျွန်မတို့ စကားပြောနေချိန်က နွေရာသီ အရုဏ်ဦးအချိန်မို့ ချမ်းစိမ့်စိမ့် ဖြစ်နေတယ်။ ယူးအိကျိုက အပြင်ထွက်နေလို့ အိမ်မှာ မရှိဘူး။ အဲရီကိုးက ညပိုင်း အလုပ်က အပြန်မှာ ဧည့်သည်တွေ လက်ဆောင်အဖြစ်ပေးလိုက်တဲ့ အသားပေါက်စီတွေကို ယူလာခဲ့တယ်။ ကျွန်မက ထုံးစံအတိုင်း နေ့ခင်းပိုင်းတုန်းက ဗွီဒီယို အောက်စက်နဲ့ ကူးထားတဲ့ 'စားမြိန်ဟင်း' အစီအစဉ်ကို ကြည့်ပြီး မှတ်စုတွေ ရေးနေခဲ့တယ်။ ကြည်ပြာရောင် နံနက်ခင်းရဲ့ အရှေ့ဘက် ကောင်းကင်ဟာ တစ်စထက်တစ်စ ထိန်လင်းလို့ လာခဲ့တော့တယ်။ "ကဲ ကဲ ပူတုန်းလေး စားကြစို့လား" ဆိုပြီး အဲရီကိုးဟာ မုန့်ပန်းကန်ကို ချ

ခင်းပြီး စံပယ်နံ့သင်းတဲ့ လက်ဖက်ရည်ပွဲကို ပြင်လိုက်တယ်။ အဲဒီနောက် ရုတ်တရက် အခုလိုစပြောလာတယ်။ ကျွန်မလည်း ရုတ်တရက် အံ့အားသင့်သွားပေမယ့် ဆိုင်မှာတွေ့ခဲ့တဲ့ အတွေ့အကြုံပဲ နေမှာပါလေလို့ အောက်မေခဲ့တယ်။ အိပ်ချင်မူးတူးနဲ့ မကြားတစ်ချက် ကြားတစ်ချက် နားထောင်နေခဲ့တယ်။ သူ့အသံက အိပ်မက်ထဲမှာ ပြောနေသလား အောက်မေ့ရတယ်။

"ဟိုးအရင်တုန်းကပေါ့ကွယ်။ ယူးအိကျိုရဲ့အမေ ဆုံးတဲ့အချိန်လောက်ကပေါ့။ အမေဆိုလို့ အန်တီတော့ မဟုတ်ပါဘူးကွယ်။ ယူးအိကျိုကို မွေးတဲ့အမေ။ အန်တီ ယောကျ်ားဘဝတုန်းက အန်တီရဲ့ ဇနီးအကြောင်းပေါ့ကွယ်။ သူဟာ ကင်ဆာရောဂါ စွဲကပ်ခဲ့တာပေါ့ကွယ်။ ကင်ဆာရောဂါဆိုတာကလည်း အတော်ဆိုးတာပါကလား။ ကြည့်ရင်း ကြည့်ရင်းက ကျန်းမာရေးက ချို့ယွင်းလာခဲ့ရှာတော့ ယူးအိကျိုကလေးကို အိမ်ဘေးနားမှာ အပ်ထားပြီး အန်တီဟာ နေ့တိုင်းပဲ ဆေးရုံကို သွားနေခဲ့တာပေါ့။ အဲဒီတုန်းက ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေတော့ အန်တီဟာ အလုပ်မသွားမီနဲ့ အလုပ်က အပြန်မှာပဲ သွားရတယ်လေ။ တနင်္ဂနွေနေ့ဆိုရင်တော့ ယူအိကျိုကိုပါ ဆေးရုံကို ခေါ်သွားရတာပေါ့။ ဒါပေမဲ့ ကလေးပေါက်စကလေးဆိုတော့ ဘာဆိုဘာမှ နားမလည်ရှာဘူးပေါ့ကွယ်။ လူနာရဲ့ အခြေအနေက သိပ်အားရစရာမကောင်းတော့ပေမယ့် နည်းနည်းတွေ မျှော်လင့်နေသေးတာပေါ့ကွယ်။ အန်တို့ဘဝမှာ နေ့တိုင်းဆိုသလိုကို မျှောင်မိုက်နေခဲ့ရတာပေါ့ကွယ်။ အဲဒီအချိန်တုန်းက မတွေးမိခဲ့ပေမယ့် တကယ့်ကို ကံဆိုးမိုးမှောင်ကျခဲ့တာပေါ့ကွယ်"



အဲရီကိုးက မျက်တောင်ကလေးကို မှေးပြီး တစိမ့်စိမ့်တွေးရင်း ခပ်ဖြည်းဖြည်းလေး ပြောပြနေတယ်။ ကြည်ပြာရောင် ကောင်းကင်ကြီးကို နောက်ခံထားတဲ့ သူ့ရုပ်သွင်ဟာ ရင်ဖိုလောက်အောင် ချောမောလှပနေတော့တယ်။

"တစ်နေ့ကျတော့ အန်တို့မိန်းမက အခုလိုပြောလာတယ်လေ။ (ဆေးရုံမှာနေတုန်း ရှင်သန်နေတဲ့ပစ္စည်းကလေးတစ်ခုလောက်တော့ လိုချင်လိုက်တာ) ရှင်သန်နေတဲ့ပစ္စည်းဆိုတာဟာ နေမင်းကြီးနဲ့ ဆက်စပ်နေကြတာပဲ။ ဟာ ဟုတ်ပြီ သစ်ပင် သစ်ပင်ပဲ ဖြစ်မှာပဲ။ ကျန်းမာစဉ်တုန်းကဆိုရင် ဘာမှ မပူဆာတတ်တဲ့ မိန်းမဟာ အခုလို မကျန်းမမာဖြစ်တဲ့အခါမျိုးမှာ ယောကျ်ားကို ချွဲချင်ရှာတာနေမှာပဲလို့ တွေးပြီး အန်တီဟာ ပန်းဆိုင်ကိုအပြေးလေး သွားခဲ့တယ်။ အဲဒီတုန်းက ယောကျ်ားသိပ်ဆန်နေတော့ "ဘင်ဂျာမင်"တို့ "စိန်ပိုလီယာ"တို့ စတဲ့ ထူးခြားလှပတဲ့ ပန်းတွေကို ဘယ်သိပါ့မလဲကွယ်။ ပြီးတော့ အန်တီက ရှားစောင်းပင်ပေါက်ကလေးတွေကို မကြိုက်ဘူး။ ဒါ့ကြောင့် နာနတ်ပင်ကလေးကိုပဲ ဝယ်ခဲ့မိတာပေါ့။ အသီးရောင်ကလေးက အပင်ထိပ်မှာ ပါနေတော့ နာနတ်ပင်မှန်း လွယ်လွယ်နဲ့ သိခဲ့တယ်လေ။ အဲဒီပန်းအိုးကလေးကို ရင်မှာ ပိုက်ပြီး ဆေးရုံထဲကို ယူသွားတဲ့အခါ သူ့ခမျာ မျက်နှာကလေးဝင်းလက်လာပြီး "ကျေးဇူးတင်လိုက်တာ မောင်ရယ်" "ကျေးဇူးပါပဲ မောင်ရယ်"လို့ ပါးစပ်က တဖွဖွ ပြောလို့ မဆုံးတော့ဘူး။

နောက်ဆုံးမှာတော့ အခြေအနေက အဆုံးစွန်ကို ရောက်လာပြီး သတိမေ့မြောမသွားမီ ၃–ရက်လောက်အလိုမှာပေါ့။ အန်တီက အိမ်ကိုပြန်မယ်အလုပ်မှာ သူက ရုတ်တရက်ပြောလာတယ်။ "နာနတ်သီးပင်ကလေးကို အိမ်ကို ယူသွားပေးပါလားဟင်" ရုတ်တရက်ကြည့်လိုက်ရင် ထင်သလောက် အခြေအနေက ဆိုးဝါးလာပုံမရသေးတဲ့အပြင် အန်တီတို့ကလည်း သူ့ရောဂါကို ကင်ဆာလို့ ပြောမထားသေးဘူးလေ။ ဒါပေမဲ့ သူကတော့ သိနေတဲ့ပုံမျိုးနဲ့ နောက်ဆုံးဆန္ဒကို တောင်းဆိုတဲ့အနေနဲ့ တိုးတိုးလေး ပြောနေရှာတယ်။ ဒါနဲ့ အန်တီကလည်း အံ့အားသင့်သွားပြီး "ဘာဖြစ်လို့လဲ သူ့ဘာသာ ညှိုးပြီးသေချင်လည်း သေပစေပေါ့။ ဒီမှာပဲ ထားတာ မကောင်းဘူးလား" လို့ ပြောလိုက်မိတယ်။ အမှန်တော့ သူ့ကိုယ်သူတောင် မသယ်နိုင်တော့တဲ့လူနာ က ဘယ်လိုလုပ်ပြီး နာနတ်ပင်ကလေးကို ရေလောင်းပေးနိုင်ရှာမှာလဲ။ ဒါနဲ့ ဇနီးဖြစ်သူက "နွေးထွေးပြီး အလင်းရောင်ရတဲ့တောင်အရပ်က ဒီအပင်ကလေးကို ညှိုးခြောက်ပြီး သေမသွားခင် အိမ်ကို ယူသွားပေးပါမောင်ရယ်" လို့ ငိုပြီး ပြောရှာတယ်။ မတတ်သာတဲ့အဆုံး အိမ်ကိုပြန်ယူခဲ့ရတာပေါ့။ ရင်ခွင်ထဲမှာ ပိုက်လို့လေ။

ဆေးရုံအပြင်ရောက်တော့ အန်တီဟာ ယောကျ်ားတန်မဲ့ ရှိုက်ကြီးတငင်ငိုခဲ့ရတယ်။ စိမ့်နေအောင် ချမ်းနေတာတောင် တက္ကစီပေါ်ကို တက်မစီးနိုင်တော့ဘူး။ ယောကျ်ားဖြစ်ရတာ မဟာန်ပါလားလို့ အဲဒီအချိန်ကစပြီး အတွေးဝင်လာခဲ့တော့တယ်။ နောက်မှ စိတ်ကတည်ငြိမ်လာပြီး ဘူတာရုံထဲအထိ လျှောက်လာမိခဲ့တယ်။ ဘူတာရုံ



နားက အရက်ဆိုင်မှာ တစ်ခွက်လောက်ဝင်သောက်ပြီးတော့မှ အိမ်ကိုဓာတ်ရထားနဲ့ပြန်ဖို့ ဆုံးဖြတ်လိုက်မိတယ်။ ဘူတာရုံရောက်တော့ ပလက်ဖောင်းပေါ်မှာ လူတွေကရှင်းနေတယ်။ မြောက်ပြန်လေအေးတွေကလည်း တဟူးဟူးနဲ့ တိုက်ခတ်နေတယ်။ ဆူးကလေးတွေ တန်းစီထွက်နေတဲ့ နာနတ်ရွက်ကလေးတွေကို ပါးနဲ့ကပ်ရင်း ပန်းအိုးကလေးကို ထွေးပိုက်ကာ ခိုက်ခိုက်တုန်နေမိတော့တယ်။ ဒီကမ္ဘာလောကကြီးမှာ အချင်းချင်းနားလည်ပေးနိုင်တာဆိုလို့ ငါနဲ့ နာနတ်ပင်ကလေးပဲရှိတော့ပါလား ဆိုတဲ့ အတွေးက နှလုံးသားဆီကနေထွက်ပေါ်လာခဲ့တယ်။ မျက်လုံးကိုစုံမှိတ်ရင်း အအေးဓာတ်ကို အံတုတဲ့အနေနဲ့ အထီးကျန်ဘဝကို မျှဝေခံစားနိုင်တာဆိုလို့ ငါနဲ့ နာနတ်ပင်ကလေးပဲ ရှိတာပါလားလို့လည်း ဆင်ခြင်နေမိတယ်။ သူများတကာထက် အန်တီအပေါ်မှာ နားလည်ခွင့်လွှတ်ပေးနိုင်ခဲ့တဲ့ ဇနီးသည်ဟာ အခုတော့ အန်တီထက်ကော၊ နာနတ်ပင်လေထက်ပါ သေမင်းအပေါ်မှာ ပိုပြီး ခင်တွယ်သွားခဲ့ပြီလေ။

"နောက်ပိုင်းမှာတော့ အန်တီ ဇနီးသည်ဟာ ရုတ်ချည်းဆိုသလိုဆုံးသွားတော့တယ်။ နာနတ်ပင်ကလေးလည်း ချက်ချင်းညှိုးခြောက်သွားတယ်။ အဲဒီတုန်းက အန်တီက သစ်ပင်တွေကို မပြုစုတတ်လေတော့ ရေများ အလောင်းလွန်သွားသလား မပြောတတ်ဘူး။ နာနတ်ပင်ကလေးကို ခြံထောင့်တစ်နေရာရဲ့ မြေကြီးထဲမှာ ထိုးစိုက်မိခဲ့တယ်။ အဲဒီအပင်ကလေး ဘာကြောင့် သေသွားတယ်ဆိုတာ မသိပေမယ့် ပါးစပ်ကထုတ်မပြောနိုင်တဲ့တိုင်အောင် တကယ်တမ်း နားလည်လိုက်

တာ တစ်ခုတော့ရှိတယ်။ ပါးစပ်နဲ့ ပြောကြည့်ရင်လည်း သဘောပေါက်လွယ်ပါတယ်။ ဟောဒီလောကကြီးဟာ အန်တီအတွက် ရှိနေတာ မဟုတ်ဘူးဆိုတာကို အန်တီ ကောင်းကောင်းကြီး နားလည်လိုက်တယ်။

"သုခနဲ့ဒုက္ခအချိုးအစားတွေကို ပြောင်းလဲဖို့ အန်တီ ဘယ်လိုမှ ကြိုးစားလို့ မရတော့ဘူး။ ဒါ့ကြောင့်မို့ ဖြစ်သမျှအကြောင်းကို အကောင်းလို့သာ သဘောထားပြီး ပျော်ပျော်ကြီးနေသွားတော့မယ် ဆိုတဲ့ အတွေးက ဝင်လာတော့တယ်။ ဒီလိုနဲ့ အန်တီဟာ မိန်းမဘဝကို ပြောင်းခဲ့ရတော့တာပဲ။ အခု မိခငယ် မြင်နေရတဲ့အတိုင်းလေ"

အဲဒီတုန်းက ကျွန်မဟာ အဲရီကိုး ဘာကိုဆိုလိုတယ်ဆိုတာကို သဘောပေါက်သလို ရှိခဲ့တယ်။ ပျော်ရွှင်ချမ်းမြေ့မှုဆိုတာ ဒါပါလား လို့မြင်လာသယောင်ပဲ။ ဒါပေမဲ့ အခုတော့ ကျွန်မ အားလုံးကို ပြတ်ပြတ်သားသား နားလည်လာခဲ့ပြီလေ။ ဘာကြောင့်များ လူတွေဟာ ရွေးချယ်ပိုင်ခွင့်တွေ ကင်းမဲ့နေရပါလိမ့်။ လူတွေဟာ တီကောင်တွေ၊ ပက်ကျိကြီးတွေလို အရာရာမှာ အရှုံးနဲ့ချည်း ရင်ဆိုင်ရင်း ထမင်းဟင်းတွေကို ရှာဖွေချက်ပြုတ်စားနေကြရသေးတယ်။ အိပ်ပျော်အောင် အိပ်နေကြရသေးတယ်။ ကိုယ်ချစ်ခင်မြတ်နိုးတဲ့ လူတွေက သေခွဲခွဲသွားကြပြီ။ ဒါပေမဲ့ ကျွန်မအဖို့ ဆက်ပြီး ရှင်သန်နေရဦးမယ်လေ။

ဒီနေ့ညမှာလည်း အမှောင်ထုက ကျွန်မကို အသက်ရှူကြပ်အောင် စိုးမိုးနေပြန်တယ်။ ကျွန်မဟာ လေးလံထိုင်းမှိုင်းစွာ အိပ်ပျော်



သွားရင်း အိပ်မက်ထဲမှာ တိုက်ပွဲတစ်ခုပြီးတစ်ခု ဆက်လက် ဆင်နွှဲနေခဲ့မိတယ်။

***

နောက်တစ်နေ့ နံနက်ပိုင်းကျတော့ ရာသီဥတုဟာ အတော်ကြီး ကြည်လင်သာယာနေခဲ့တယ်။

ခရီးထွက်ဖို့အတွက် ပြင်ဆင်ထုပ်ပိုးပြီးတဲ့နောက် အဝတ်လျှော်နေတုန်း တယ်လီဖုန်းက မြည်လာတယ်။

၁၁-နာရီခွဲ။ ဒီအချိန်မျိုးမှာ တယ်လီဖုန်းလာတာ အတော်ထူးဆန်းတယ်။ ဒါနဲ့ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်တဲ့အခါ-

"ဟဲလို မိခငယ်ကျန်၊ တို့များ မတွေ့ရတာ အတော်ကြာသွားပြီနော်"ဆိုတဲ့ အသံပြာပြာကို ကြားလိုက်ရတယ်။

"ဟယ် ကျီကကျန်"

ကျွန်မက တအံ့တသြဖြစ်ကာ ပြောလိုက်တယ်။ တယ်လီဖုန်းစကားပြောသံထဲမှာ ကားသံတွေပါ ရောပါနေတဲ့အတွက် အပြင်ဘက်အများသုံး တယ်လီဖုန်းက ပြောနေတာကို ခန့်မှန်းလိုက်မိတယ်။ ဒါပေမဲ့ အသံရှင်ကိုတော့ ကျွန်မ ကောင်းကောင်းကြီးမှတ်မိပြီး သူ့ရဲ့မျက်နှာကိုပါ မျက်စိထဲမှာ မြင်ယောင်လာတော့တယ်။

ကျိုကကိုးဟာ အဲရီကိုး အလုပ်လုပ်နေတဲ့ စားသောက်ဆိုင်က စားဖိုမှူးဖြစ်ပြီး သူလဲ အဲရီကိုးလို မိန်းမလျာတစ်ယောက်ပဲ။ အရင်တုန်းကဆိုရင် ထာနာဘဲ ယူးအိကျိုတို့အိမ်မှာ မကြာခဏ တည်းဖူးတယ်။ အဲရီကိုး ဆုံးသွားပြီးတဲ့နောက်မှာလည်း သူမဟာ အဲဒီဆိုင်မှာပဲ ဆက်ပြီး အလုပ်လုပ်နေတယ်။ သူမလို့ပြောပေမယ့် ကျိုကကိုးဟာ အဲရီကိုနဲ့ နှိုင်းကြည့်လိုက်ရင် ဘယ်နေရာကပဲကြည့်ကြည့် ယောကျ်ားနဲ့ ပိုတူနေတယ်။ ဒါပေမဲ့ သူက ပိုပြီးအလှပြင်တတ်တဲ့အပြင် ကိုယ်လုံးက ပိန်ပိန်သွယ်သွယ်နဲ့ အရပ်လည်း ပိုမြင့်တယ်။ တစ်ခါတုန်း က ရထားပေါ်မှာ ကျောင်းသားကလေးတစ်ယောက်က စတဲ့အနေနဲ့ သူ့ရဲ့ စကတ်ကို လှန်လိုက်တဲ့အခါ ရှက်လွန်းလို့ ကြုံကြုံပါအောင် ငိုလို့ မဆုံးတော့ဘူး။ သူက သိပ်အားငယ်တတ်တယ်။ ဒါကြောင့်မို့ သူနဲ့အတူရှိနေတဲ့အချိန်မှ ကျွန်မက ပိုပြီး ယောကျ်ားဆန်နေသလို ထင်လာမိတယ်။

"ဒီမယ် အခု မမ ဘူတာရုံကနေ ဆက်နေတာ။ ခဏလောက် အပြင်ထွက်လာလို့ မရဘူးလား။ ပြောစရာလေးရှိလို့ နေ့လယ်စ  ဘာ စားပြီးပြီလား"

"မစားရသေးဘူး"

"ဒါဆို ခုချက်ချင်း 'ဆာရရှိန' စားတော်ဆက်ကို လာခဲ့လေ"

သူက အဲဒီလိုပြောပြီး တယ်လီဖုန်း စကားပြောခွက်ကို ချပစ်တယ်။ ကျွန်မလည်း မတတ်သာတဲ့အဆုံး လှန်းလက်စ အဝတ်တွေ



ကို ဒီအတိုင်းထားခဲ့ပြီး အလောသုံးဆယ် ထွက်လာခဲ့ရတယ်။ အရိပ်မဲ့တဲ့ ဆောင်းဦးမွန်းတည့်နေရဲ့အောက်မှာပဲ ကျွန်မဟာ မြို့ထဲကို ဖြတ်လျှောက်လာခဲ့မိတယ်။ ဘူတာရုံရှေ့က ဆိုင်တန်းကို ရောက်သွားတဲ့အခါ သူမှာတဲ့ဆိုင်ကို ရှာတွေ့တာနဲ့ အထဲကိုဝင်လိုက်တယ်။ ဆိုင်ထဲက ထိုင်ခုံတစ်နေရာမှာတော့ ကီမိုနိုဝတ်ထားတဲ့ ကျိုကကျန်ဟာ ဆောဘခေါက်ဆွဲနဲ့ တင်ပူရာအကြော်ကို မှာစားရင်း စောင့်နေတာကို တွေ့လိုက်ရတယ်။

"ကျိုကကျန်" ကျွန်မက သူ့အနားကိုသွားရင်း ခေါ်လိုက်တယ်။ အဲဒီအခါ "ဟယ်ကြည့်စမ်း။ တသွေးတမွေးကြီး လှလာလိုက်တာ" လို့ အသံအကျယ်ကြီးနဲ့ ပြောလိုက်တယ်။ ကျွန်မအဖို့ သူနဲ့မတွေ့ရတာကြာသွားပြီဖြစ်တဲ့အတွက် ရှက်ရမှန်းတောင် မသိတော့ဘူး။ ပြီးမှ အပြစ်ကင်းလှတဲ့ သူ့ရဲ့ အပြုံးမျက်နှာကလေးကို ကြည့်ရင်း "ကြက်သားခေါက်ဆွဲပြုတ် တစ်ပွဲပေးပါ"လို့ လှမ်းမှာလိုက်တယ်။ နေ့လယ်ခင်းလူကျချိန်မို့ ဆိုင်ထဲက စားပွဲထိုးမလေးတွေ ပျားပန်းခတ်အောင် အလုပ်ရှုပ်နေကြတယ်။ ခဏကြာတော့ အစ်မကြီးတစ်ယောက်က ကျွန်မအရှေ့မှာ ရေအေးအေးတစ်ခွက် လာချပေးတယ်။

"ဘာများ အရေးတကြီး ပြောစရာရှိလို့လဲ ကျိုကကျန်ရဲ့"

ကျွန်မက မုန်ညှင်းချဉ်တစ်ဖတ်ကို ကောက်စားရင်း မေးလိုက်တယ်။ ကျိုကကျန်က "ပြောစရာရှိလို့"လို့ ပြောတိုင်း အရေးတကြီးတိုင်ပင်စရာ ကိစ္စတွေကို ဖွင့်ပြောပြတတ်တာမို့ ခုတစ်ကြိမ်လည်း

ဒီလိုပဲ နေမှာပဲလို့တွေးပြီး မေးလိုက်မိတယ်။ အဲဒီအခါမှာ ကျီကကျန်က သိပ်ပြီး အရေးကြီးတဲ့ ပုံစံမျိုး တိုးတိုးလေးပြောလာတယ်။

"ဟုတ်တယ်၊ ယူးအိကျိရဲ့အကြောင်းကို ပြောစရာရှိလို့"

ကျွန်မရဲ့ရင်ထဲမှာ ဒိတ်ခနဲခုန်သွားတယ်။ "ဒီသူငယ် မနေ့ညက မမတို့ဆိုင်ကို ရောက်လာပြီး 'အား အိပ်လို့လည်း မရပါဘူးဗျာ' လို့ ညည်းရှာတယ်။ နေရတာငြီးစီစီကြီးဖြစ်နေလို့ စိတ်ပြေလက်ပျောက် အနေနဲ့ တစ်နေရာရာကို သွားစို့လား" လို့ ပြောလာတယ်။ အဲအဲ မမကိုတော့ အထင်မလွဲနော်။ မမက သူ့ကို ဟိုး ကလေးပေါက်စအရွယ် ကတည်းက သိတာ။ သူနဲ့ မမက မရိုးမသား မဟုတ်ပါဘူးကွယ်။ သားအမိလို ဆက်ဆံတာပါ။ အမေနဲ့ သားလိုလေ"

"ဟုတ်ကဲ့ ကျွန်မ သဘောပေါက်ပါတယ်" ကျွန်မက ပြုံးပြီး ပြောလိုက်တယ်။ ကျီကကျန်က ဆက်ပြန်တယ်။

"မမဖြင့် အတော်ကြီးကို အံ့သြသွားမိတယ်။ မမက လူက ထုံအအဆိုတော့ လူတစ်ဖက်သားရဲ့အတွင်းစိတ်ကို သိပ်ပြီး အကဲမခတ်တတ်တာတော့ မှန်ပါတယ်။ ဒီသူငယ်က ဘယ်တုန်းကမှ ကိုယ့်ရဲ့ အားနည်းချက်ကို တစ်ဖက်သားကို အသိမခံခဲ့ဘူးကွယ့်။ အခုတော့ သူဟာ အရင်တုန်းကနဲ့ လုံးလုံးမတူဘဲ မျက်ရည်တွေ ဒလဟော စီးကျပြီး "တစ်နေရာရာကို သွားကြစို့ဗျာ" လို့ အတင်းပူဆာနေခဲ့တယ်။ မမကလည်း သူနဲ့အတူလိုက်သွားချင်ပါတယ်။ မမတို့ဆိုင်က အခုမှ ပုံစံအသစ်ပြောင်းထားတာဆိုတော့ လူတိုင်းလူတိုင်း အလုပ်များ



တဲ့အပြင် ငယ်သားတွေနဲ့ထားပြီး ဆိုင်ကို ပစ်မသွားချင်ဘူးလေ။ 'မမလိုက်လို့ မဖြစ်ပါဘူးကွယ်' လို့ ပြောလိုက်တဲ့အခါ 'သြော် ဒီလိုလား၊ ဒါဆို တစ်ယောက်တည်းပဲ သွားရတာပေါ့လေ' လို့ ပြောပြီး ငိုင်နေရှာတယ်။ မမလည်း မတတ်သာတဲ့အဆုံး မမသိတဲ့ တည်းခိုးခန်းကောင်းကောင်းတွေကို ပြောလိုက်ရတာပေါ့"

"သြ သြ"

"ဒါနဲ့ မမက နောက်သလို ပြောင်သလိုနဲ့ 'မငယ်ကျန်နဲ့ သွားပါလား' လို့ ပြောလိုက်မိတယ်။ တကယ် စလိုက်တာပါကွယ်။ အဲဒီအခါမှာ သူဟာ တည်သွားပြီး 'သူ အခု အိဖူဘက်ကို အလုပ်ကိစ္စတစ်ခုနဲ့ သွားနေတယ်လေ။ ပြီးတော့ ကျွန်တော့်ရဲ့ သောက ပြဿနာတွေထဲကို ဒီထက်ပိုပြီး သူ့ကို ဆွဲသွင်းလို့ မကောင်းပါဘူးလေ။ သူက သူ့အလုပ်မှာ အောင်မြင်နေတာဆိုတော့ ကျွန်တော် မနှောင့်ယှက်ချင်တော့ပါဘူးဗျာ' လို့ ပြောလာတယ်။ အဲဒီအခါ မမမျက်စိထဲမှာ ဝင်းခနဲ လာသလို အသိတစ်ခုဝင်လာတယ်။ 'အချစ်' လေ။ ဟုတ်တယ်။ ဒါဟာ အချစ်ရဲ့ အရိပ်လက္ခဏာပဲ။ မဟုတ်ဘူးလား။ မိခငယ် မမ သူတည်းမဲ့ တည်းခိုခန်းရဲ့လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကို မှတ်ထားတယ်။ သူ့ဆီ ဖုန်းဆက်ပြီး လိုက်သွားပါလားဟင်"

"ကျီကကျန်" ကျွန်မက စကားဖြတ်ပြောလိုက်တယ်။ "ကျွန်မ နက်ဖြန် ခရီးထွက်ရာရှိနေတယ်။ အလုပ်ကိစ္စနဲ့သွားရမှာ" ပြောမယ့်သာ ပြောလိုက်ရတယ်။ ရင်ထဲမှာတော့ ခုန်နေတုန်းပဲ။

ကျွန်မ ယုအိကျိုရဲ့ အတွင်းစိတ်ထားကို ကောင်းကောင်းသိတယ်။ ကောင်းကောင်းကြီး နားလည်ထားတယ်လို့လည်း ထင်တယ်။ အခုအချိန်မှာ ယုအိကျိုဟာ ကျွန်မထက် အဆ ရာပေါင်းများစွာ အဝေးကို လွင့်သွားလိုတဲ့စိတ်တွေ ပြင်းပြနေရှာတယ်။ ဘာဆိုဘာမှ တွေးတောဖို့ မလိုတဲ့နေရာမျိုးကို သူက တစ်ယောက်တည်း ထွက်သွားနေချင်ခဲ့တယ်။ ကျွန်မအပါအဝင် လူအားလုံးနဲ့ ဝေးတဲ့နေရာတစ်ခုခုကို သွားချင်နေရှာမလား မပြောတတ်ဘူး။ ဒါတော့ သေချာတယ်။ သူ့အကြောင်း ကျွန်မ ကောင်းကောင်းသိတယ်။

"ဘာတွေများ ဒီလောက် အလုပ်များနေရတာလဲကွယ်"လို့ ပြောလိုက်ပြီး ကျိုကကျန်က ကျွန်မအနားကို တိုးလာပြီး အခုလို ပြောလာတယ်။

"ဒီလိုအချိန်မျိုးမှာ မိန်းကလေးတစ်ယောက်အတွက် လုပ်သင့်တဲ့အလုပ်က တစ်ခုတည်းရှိပါတယ်ကွယ်။ ဒါမှ မဟုတ်ရင် ဘာတဲ့ အခုအချိန်အထိ ကျိုကကိုးတို့က . ဘာမှ မဖြစ်ကြသေးဘူးလား။ သြော် သြော် သိပြီ သိပြီ အချစ်နယ်ကျွံလာကြပြီးပြီကိုး"

အဲဒီလို အပြောခံလိုက်ရလို့ ကျွန်မ ကျိုကကျန်ကို စိတ်မဆိုးပါဘူး။ လူတိုင်းလူတိုင်း ကျိုကကျန်လို သဘောထားရိုးဖြောင့်ကြရင် ကောင်းမှာပဲလို့လည်း တွေးလိုက်မိတယ်။ အမှန်တော့ ကျိုကကျန်ရဲ့ မျက်စိထဲမှ ကျွန်မနဲ့ ယုအိကျိုတို့ကို လက်တွေ့ဘဝထက် ပိုပြီး ချမ်းသာသုခတွေ ပြည့်စုံမှာပဲလို့ မြင်ထားတယ်လေ။



"ကျွန်မ သေသေချာချာ စဉ်းစားကြည့်ပေမယ့်" ကျွန်မက စကား စလိုက်တယ်။ "ကျွန်မအဖို့ အဲရီကိုးရဲ့အကြောင်းကို ကြားလိုက်တာနဲ့ ခေါင်းထဲမှာ ပွထသွားတယ်။ ယုအိကျိုဆိုရင် ပိုပြီး ခံစားရရှာမှာပေါ့။ ဒီလို အချိန်မျိုးမှာ ဘူးလေးရာ ဖရုံဆင့်ဆိုသလို ဘူးကို သွား နှောင့်ယှက်လို့ မသင့်ဘူးထင်တယ်"

ကျိုကကိုးက ခေါက်ဆွဲကို ငုံ့စားရင်းက ကျွန်မကို မော့ကြည့်လိုက်တယ်။

"ဟုတ်တော့လည်း ဟုတ်ပါတယ်ကွယ်။ အဲဒီညတုန်းက မမက ဆိုင်မှာ မရှိဘူးကွယ့်။ အဲရီကိုး အသတ်ခံရတာကို မမ မမြင်ခဲ့ရဘူး။ ဒါ့ကြောင့်မို့ အဲရီကိုး သေသွားပြီဆိုတာ ခုထိ လက်ခံလို့ မရသေးဘူး။ ဒါပေမဲ့ အဲဒီလူရဲ့ မျက်နှာကိုတော့ မမ ကောင်းကောင်း မှတ်မိတယ်။ သူက မမတို့ဆိုင်လာပြီး အဲရီကိုးကို နေ့တိုင်းဆိုသလို ရစ်နေခဲ့တာ။ တကယ်လို့များ အဲရီကိုးက မမကို ဖွင့်ပြီး တိုင်ပင်လာခဲ့ရင် မမ ကတော့ အဲဒီလိုလူမျိုးကို မကြိုက်ဖို့ ကန့်ကွက်မိမှာ သေချာတယ်။ ယုအိကျိုကျန်လည်း အတော်ကြီးကို အခံပြင်းနေခဲ့ရှာတယ်။ သူ့စိတ်က အရင်တုန်းကဆိုရင် သိပ်နူးညံ့တာ။ အခုတော့ ပြောင်းလဲလာခဲ့ပြီလေ။ တစ်ခါတုန်းက မမနဲ့အတူ တီဗွီကလာတဲ့ 'လူသေမှု သတင်း'ကို ကြည့်ရင်း မျက်နှာကြီး ရှုံ့တွလာပြီး "ဟင်း လူလူချင်းမညှာမတာ သတ်ရက်တဲ့သူတွေ သေသွားကုန်ရင်ကောင်းမယ်"လို့ ပြောရှာတယ်။ ယုအိကျိုကတော့ တကယ့်ကို တစ်ကောင်ကြွက် ဖြစ်သွားရရှာတာပေါ့ ကွယ်။ အဲရီကိုးကတော့ သူ့ဓာတ်ကို သူသိမ်းသွားတာ မှန်ပေမယ့်

ကျန်ရစ်ခဲ့တဲ့ ယူးအိကျိုမျာတော့ အတော့်ကို သနားစရာကောင်းတာပါပဲကွယ်"

ကျိုကကိုးရဲ့ ရွှန်းလဲ့တောက်ပနေတဲ့ မျက်လုံးအစုံက မျက်ရည်ပေါက်ကြီးတွေ တစ်ပေါက်ပြီးတစ်ပေါက် လိမ့်ဆင်းလာကြတယ်။ ကျွန်မက "ဟယ်"လို့ ပြောတဲ့အချိန်မှာ ကျိုကကိုးဟာ တအစ်အစ်နဲ့ ရှိုက်ငိုနေတော့တယ်။ ဆိုင်ထဲက လူတွေက ကျွန်မတို့ကို ဝိုင်းကြည့်နေကြတယ်။ ကျိုကကိုကျန်ဟာ ပခုံးကလေး တသိမ့်သိမ့် တုန်ခါရင်း ငိုကြွေးနေတဲ့အတွက် သူ မျက်ရည်ပေါက်တွေ ဟာ ခေါက်ဆွဲပန်းကန်ထဲကို တစ်ပေါက်ချင်း ကျဆင်းနေတယ်။

"မိခယ်ကျန်ရယ်။ မမတော့ သိပ်ပြီး ခံစားရတယ်။ ဘာဖြစ်လို့များ ဒီအဖြစ်ဆိုးတွေနဲ့ချည်း ကြုံတွေ့နေရတာပါလိမ့်ကွယ်။ မမတို့ကို ကယ်တင်မယ့် နတ်သိကြားတွေလည်း မရှိကြတော့ဘူး ထင်ပါရဲ့။ အခုဆို မမတို့ အဲရီကိုး တွေ့ရတော့မှာ မဟုတ်ဘူးနော်။ ဘယ်တော့မှ ဆုံကြတော့မှာ မဟုတ်ဘူး"

တော်တော်နဲ့ အငိုမရပ်တဲ့အတွက် ကျွန်မက သူ့ပခုံးကို ဖက်ပြီး ဆိုင်ထဲကထွက်လာကာ ဘူတာဘက်ကို လျှောက်လှမ်းလာခဲ့ရကြတယ်။

"ဆောရီးပဲ မိခယ်ကျန်"လို့ပြောပြီး လက်မှတ်ပေါက် ရောက်တဲ့အခါ ကျိုကကိုးကျန်က ယူးအိကျို သွားတည်းခိုနေတဲ့ တည်းခိုဆောင်ရဲ့ လိပ်စာနဲ့ တယ်လီဖုန်းနံပါတ်ကို မှတ်ထားတဲ့ စာရွက်ကလေးကို ကမ်းပေးလာတယ်။ သာမန် စားသောက်ဆိုင်မှာ လုပ်တာမှန်ပေမဲ့



ကျိုကကိုကျန်ရဲ့ အမြော်အမြင်ကြီးမားမှုကို ချီးကျူးလို့ မဆုံးအောင်ဖြစ်နေမိတယ်။ ဒီလိုနဲ့ ကျွန်မလည်း ထွက်ခွာသွားတဲ့ သူ့ရဲ့ကျောပြင်ကြီးကို ငေးကြည့်ရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့တယ်။

ကျွန်မအနေနဲ့ ကျိုကကိုးရဲ့ အတိတ်ဘဝကို ကောင်းကောင်းသိထားတယ်။ တစ်ချိန်က အောင်မြင်တဲ့ လုပ်ငန်းရှင်တစ်ယောက်ဖြစ်ခဲ့ပေမယ့် စီးပွားကျသွားပြီးတဲ့နောက်ပိုင်းမှာ သူ့ဘဝကို တစ်မျိုးတစ်ဖုံ ပြောင်းလဲ ရှင်သန်ခဲ့ရရှာတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနေ့က သူ့မျက်ဝန်းတွေက ကျလာကြတဲ့ မျက်ရည်ဥပုလဲလုံးကလေးတွေဟာ အတော့်ကို လှနေခဲ့တယ်။ ဒီပုလဲလုံးကလေးတွေက လူသားတိုင်းရဲ့ နှလုံးသားထဲမှာ အဖိုးထိုက်တန်လှတဲ့ ရတနာတွေ ရှိတတ်ကြောင်း ညွှန်ပြခဲ့တယ်။

ဆောင်းဥတုရဲ့ ပြာမောင်းတဲ့ ကောင်းကင်ကြီးအောက်မှာတော့ လေအေးတွေက တဟူးဟူး တိုက်ခတ်နေတယ်။ ကျွန်မအဖို့ ဘာဆက်လုပ်ရမှန်း မသိအောင် ယောင်ချာချာ ဖြစ်နေခဲ့ရတော့တယ်။

ကောင်းကင်ကြီးက ပြာမောင်းနေတယ်။ ရွက်ကြွေတောက သစ်ကိုင်းခြောက်တွေကြားကို တိုးဝှေ့တိုက်ခိုက်လာတဲ့ လေအေးတွေက တရှီးရှီးနဲ့ မြည်သံပေးနေကြတယ်။

"ဘုရားသခင်တွေ၊ နတ်သိကြားတွေဆိုတာ တကယ်ကော ရှိမှ ရှိကြရဲ့လား"

ကျွန်မရင်ထဲမှာ အဲဒီလို အတွေးမျိုး ဝင်လာမိတော့တယ်။

ကျွန်မဟာ နောက်တစ်နေ့ကျတော့ စီစဉ်ထားတဲ့အတိုင်း အိဖူဘက်ကို ထွက်လာခဲ့ရတယ်။

ဆရာမက ဝန်ထမ်းအနည်းငယ်ရယ်၊ ကင်မရာမင်းတစ်ယောက်ရယ်ပဲ ခေါ်လာခဲ့အတွက် အခုတစ်ကြိမ် ခရီးထွက်ရတာ စိတ်လက်ပေါ့ပါးပြီး ပျော်စရာကောင်းမှာပဲလို့ မျှော်လင့်ထားပုံရတယ်။ ပြီးတော့ ဘယ်နေ့ ဘာလုပ်ရမယ်ဆိုတဲ့ အစီအစဉ်ကိုလည်း ကြိုပြီး ဆွဲမထားဘူး။

ကျွန်မကတော့ အခုလိုပဲ တွေးမိတယ်။ အခုထွက်လာတဲ့ခရီးဟာ ကျွန်မအတွက် အိပ်မက်ခရီးနဲ့ တူနေတယ်။ ကံကောင်းထောက်မလို့ ရတောင့်ရခဲ ရလိုက်တဲ့ ပျော်စရာခရီးနဲ့လည်း တူနေတယ်။ ပြီးခဲ့တဲ့ ၆–လလုံးလုံး ခံစားနေတဲ့ သောကဝဲဂယက်ထဲက လွတ်မြောက်လာသလိုလည်း ခံစားနေရတယ်။

အဲဒီ ၆–လအတွင်း အဘွားဆုံးသွားရာကစပြီး အဲရီကိုး သေသွားတဲ့အထိ ကျွန်မနဲ့ ယူးအိကျိတို့ဟာ အပေါ်ယံအားဖြင့် အပြုံးမပျက် ရှိခဲ့ကြပေမယ့် နှစ်ဦးစလုံးရဲ့ ရင်ထဲမှာတော့ ဗလောင်ဆူနေအောင် ခံစားခဲ့ကြရတယ်။ အဆုံးစွန် ပျော်လိုက်ကြ၊ ဝမ်းနည်းကြေကွဲလိုက် တစ်မျိုးပြီးတစ်မျိုးခံစားခဲ့ရပြီး အဲဒီ ခံစားမှုနှစ်ခုကို ဘယ်လိုမှ ညှိယူလို့ မရတဲ့အဆုံး စိတ်နှလုံးအေးချမ်းမယ့်နေရာမျိုးကို ကြိုးစားပြီး ရှာလာခဲ့ကြတော့တယ်။ အဲဒီနေရာမှာတော့ အဲရီကိုးဟာ တောက်ပတဲ့နေမင်းကြီးလို ကျွန်မတို့အပေါ် အလင်းရောင်ဖြန့်ကျက်ပေးခဲ့ရတယ်။



အဲဒီ အတွေ့အကြုံအားလုံးက ကျွန်မရဲ့ နှလုံးသားအတွင်း စုပြုံကိန်းအောင်းလာကြပြီးတဲ့နောက်မှာတော့ ကျွန်မကိုယ်နှိုက်ကလည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့တော့တယ်။ ကိုယ့်ကိုယ်ကို မှန်ထဲမှာ ပြန်ကြည့်လိုက်တဲ့အခါ အရင်က အဲရီကိုးပါးစပ်က တဖွဖွ ချီးကျူးခဲ့သလို မင်းသမီးရုပ်ကလေးနဲ့ လုံးဝမတူတော့ဘူး။

မော်တော်ကား ပြူတင်းပေါက်မှာ တရိပ်ရိပ် ပြေးလွှားနေတဲ့ သာယာတဲ့ ရှုခင်းတွေကိုကြည့်ပြီး ကျွန်မအဖို့ ဝေးလံလှတဲ့ ခရီးကို လျှောက်လှမ်းလာမိသလို ခံစားရတော့တယ်။

ကျွန်မအဖို့ အတော်ကြီးနွမ်းဟိုက်လို့နေပြီ။ ပြီးတော့ ယူးအိကျိနဲ့ ဝေးရာကို ပြေးသွားပြီး ပျော်ပျော်ကြီး စိတ်လွတ်ကိုယ်လွတ် နေချင်လှပြီ။ စိတ်မကောင်းစရာဖြစ်ပေမယ့် အမှန်တကယ်ပဲ အဲဒီလို ခံစားနေရတယ်။

အဲဒီညတုန်းကပေါ့။

ကျွန်မဟာ ရေချိုးပြီး လဲထားတဲ့အဝတ်အစားတွေနဲ့ပဲ ဆရာမရဲ့ အခန်းကိုဝင်ပြီး အခုလို ပြောခဲ့မိတယ်။

“ဆရာမ ကျွန်မ ဗိုက်ဆာလွန်းလို့ သေရတော့မယ်။ အပြင်ထွက်ပြီး တစ်ခုခု ဝယ်စားလို့ရမလားဟင်” အဲဒီအခါမှာ ဆရာမနဲ့ တစ်ခန်းတည်း တည်းနေတဲ့ အစ်မကြီးက

“ဟယ် ဆာကုရအိကျန်၊ ညနေစာကျွေးတုန်းက ဘာတစ်ခုမှ မစားခဲ့ဘူးထင်တယ်။ သနားပါတယ်”ဟု ပြောကာ ဆရာမနဲ့အတူ

ဝိုင်းရယ်လိုက်ကြတယ်။ ဆရာမနဲ့ အဲဒီအစ်မကြီးတို့ဟာ ညအိပ်ရာဝင်ဖို့ ခင်းကျင်း အဝတ်အစားလဲပြီး မွေ့ရာပေါ်မှာ ထိုင်နေကြတယ်။

ကျွန်မ ဗိုက်ထဲမှာတော့ အတော်ကြီး ဟာနေခဲ့တယ်။ အဲဒီဟိုတယ်ရဲ့ အထူးစပယ်ရှယ်ဆိုတဲ့ ဟင်းကလည်း ဟင်းသီးဟင်းရွက်တွေချည်း များပြီး ကျွန်မ အင်မတန်မုန်းတဲ့ စိမ်းရွှေရွှေ အနံ့တွေက ထောင်းနေတော့ ကျွန်မဖြင့် တစ်တို့တောင်တို့လို့ မရခဲ့ဘူး။ ဆရာမက ပြုံးပြုံးကြီး ခေါင်းညိတ်ပြရင်း ခွင့်ပြုခဲ့တယ်။

နာရီကိုကြည့်လိုက်တော့ ည ၁၀ နာရီထိုးပြီးနေပြီ။ ရှည်လျားလှတဲ့ ဝရန်တာကိုဖြတ်ပြီး လျှောက်သွားရင်း ကျွန်မတစ်ယောက်တည်းနေတဲ့အခန်းကို ဝင်ပြီး အဝတ်အစားလဲကာ အပြင်ကို ထွက်ခဲ့မိတယ်။ ရှေ့ပေါက်ကထွက်ရင်း အပြန်မှာ ဘယ်သူမှ ဖွင့်ပေးမှာ မဟုတ်တဲ့အတွက် နောက်ဘက်က အရေးပေါ် အပေါက်ကနေ ဘယ်သူမှ မသိအောင် တံခါးဂျက်ကို ဖွင့်ပြီး အသာလေး ထွက်လာခဲ့ရတယ်။

ကဲ ဒီည အော့နှလုံးနာစရာ ဟင်းနဲ့ ဆုံခဲ့ရပေမယ့် နောက်တစ်နေ့ တခြားဟိုတယ်ကို ပြောင်းတည်းမှာမို့ တစ်ညတလေ ဒီလိုပဲ သည်းခံရမှာပဲလေလို့ ဖြေသိမ့်လိုက်ရတယ်။ လရောင်အောက်မှာ လျှောက်လှမ်းရင်းက ကျွန်မရဲ့ နှလုံးသားအတွင်းဘက်ဆီကနေပြီး အခုလို ခရီးတွေချည်း ဆက်တိုက်ထွက်နေရရင် ကောင်းမှာပဲလို့လည်း တောင့်တနေမိပြန်တယ်။

အခုလို ခရီးထွက်ပြီး ပြန်စရာအိမ်ရှိခဲ့ရင်တော့ ပျော်စရာကြီးဖြစ်ပေမဲ့ လောကကြီးမှာ ကျွန်မတစ်ယောက်တည်း ကျန်တော့ပါ



လားဆိုတဲ့ အသိကြောင့် ပိုပြီး အားငယ်လာမိပြန်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို ခရီးထွက်နေရတာပဲ ကျွန်မဘဝနဲ့ အလိုက်ဖက်ဆုံးလို့လဲ ထင်လာမိပြန်တယ်။ အခုလို ခရီးထွက်လေတိုင်း ညအချိန်ရောက်တဲ့အခါ လေနုထွေးကလေးက အေးမြလန်းဆန်းပြီး သာယာနေတတ်တယ်။ ဒါကြောင့်လည်း ဘယ်နေရာမှာမှ ကျွန်မကို စောင့်မျှော်နေမယ့်သူ တစ်ယောက်မှ မရှိဘူးဆိုရင်တောင် အခုလို အေးအေးချမ်းချမ်း ခရီးထွက်နေရရင် ကျေနပ်လှပြီလို့လည်း တွေးလိုက်မိတယ်။ ဒါပေမဲ့ ကျွန်မရင်ထဲမှာ ယူး[illegible]ဂျိရဲ့ ရင်ခုန်သံကို ကြားနေရတယ်လေ။ ဖြစ်နိုင်ရင် သူရှိတဲ့နေရာကနေ အဝေးကြီးကို ပြေးသွားလိုက်ချင်ပါရဲ့။

ကျွန်မဟာ တည်းခိုခန်းနဲ့ စားသောက်ဆိုင်ခန်း တန်းစီနေတဲ့ လမ်းကျဉ်းကလေးအတိုင်း လျှောက်လာမိခဲ့တယ်။ တောင်တန်းကြီးတွေရဲ့ အရိပ်မည်းကြီးတွေက လွှမ်းခြုံထားတဲ့အတွက် ညဟာ ပိုပြီး နက်မှောင်နေတော့တယ်။ ညဝတ်အင်္ကျီအပေါ်မှာ အပေါ်ဖုံး ကုတ်အင်္ကျီကြီးတွေ ဝတ်ထားကြတဲ့ အမူးသမားခရီးသည်တွေကလည်း လမ်းပေါ်မှာ အော်ကြီးဟစ်ကျယ် ရယ်မောသွားကြတယ်။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာတော့ ထူးထူးခြားခြား ပေါ့ပါးလန်းဆန်းနေတော့တယ်။ ကျွန်မလေ ကြယ်တွေစုံတဲ့ညချမ်းမှာ တစ်ရပ်တစ်ကျေးကို ရောက်နေတာတောင် စိတ်ထဲမှာ အလိုလိုနေရင်း ပျော်နေမိပြန်တယ်။

မီးတိုင်တစ်တိုင်ကိုဖြတ်ကျော်လေတိုင်း ရှည်လာလိုက် တိုသွားလိုက် ဖြစ်နေတဲ့ ကိုယ့်အရိပ်ကို ကိုယ်နင်းပြီး ဆက်လျှောက်နေမိတယ်။ ဆူညံပွက်လောရိုက်နေတဲ့ အရက်ဆိုင်တွေကို ခပ်ဝေးဝေးက ရှောင်ရင်း

လျှောက်လာလိုက်တာ ဘူတာရုံရဲ့အနီးကို ရောက်လာတော့တယ်။ လမ်းတစ်လျှောက်လုံး မည်းမှောင်နေတဲ့ လက်ဆောင်ပစ္စည်းဆိုင်တွေရဲ့ မှန်ပြူတင်းပေါက်တွေ တစ်ခုပြီးတစ်ခု လျှောက်ကြည့်ရင်းက မီးလင်းနေတဲ့ စားသောက်ဆိုင်ကလေးတစ်ဆိုင်ကို တွေ့ လာရတော့တယ်။

နှင်းမှုန်ကလေးတွေ သန်းနေတဲ့ မှန်ပြူတင်းကနေ အထဲကို လှမ်းကြည့်လိုက်တဲ့အခါ ညီသည်တစ်ယောက်တည်း ကောင်တာနားမှာ ထိုင်နေတာကို တွေ့လိုက်ရတဲ့အတွက် စိတ်အေးသွားတယ်။ ဒါနဲ့ ကျွန်မလည်း ဆိုင်ရဲ့လျှောတံခါးကို တွန်းဖွင့်ပြီး အထဲကို ဝင်လိုက်တယ်။ ဗိုက်ပြည့်မယ့် အစားအစာကို စားမှပဲလို့ တွေးလိုက်ပြီး ဝက်သား ထမင်းပေါင်း (ကတ်စုဒွန်း)ကို မှာလိုက်တယ်။

“ကတ်စုဒွန်း တစ်ပွဲလောက် ပေးပါရှင်”

အဲဒီတော့ ဆိုင်ရှင်က “ကတ်စုဒွန်းဆိုရင်တော့ ဝက်သားက အခု ကြော်ရမှာ။ စောင့်နိုင်ပါ့မလား”လို့ မေးလာတဲ့အတွက် ကျွန်မက ခေါင်းညိတ်ပြလိုက်တယ်။ ဆိုင်ခန်းကလေးထဲမှ ခင်းကျင်းထားတဲ့ သစ်သားခုံဖြူဖြူကလေးတွေဆီက သင်းပျံ့တဲ့ ရနံ့ကလေးတွေကြောင့် ဆိုင်အသစ်ဖွင့်တာ မကြာသေးဘူးထင်တယ်။ အခန်းအဆင်အပြင်ကလည်း အတော့်ကို သပ်ရပ်ပြီး လှပတယ်။ ဒီလိုဆိုင်မျိုးက အစားအသောက်တွေဟာ ကောင်းတတ်တယ်။ ကျွန်မလည်း ဟင်းအချက်ကို ထိုင်စောင့်ရင်းက မလှမ်းမကမ်းမှာ ပန်းရောင်တယ်လီဖုန်းကလေးကို တွေ့လိုက်ရတယ်။



ဒါနဲ့ စကားပြောခွက်ကို မလိုက်ပြီး ကျွန်မလက်က အလိုလို မှတ်စုစာရွက်ကိုထုတ်ပြီး ယူးအိကျိတည်းနေတဲ့ တည်းခိုခန်းရဲ့ ဖုန်းနံပါတ်ကို လှည့်လိုက်မိတယ်။

တည်းခိုခန်းက အမျိုးသမီးက ယူးအိကျိရဲ့ အခန်းကို ဖုန်းပြောင်းပေးနေတဲ့အချိန်မှာ ကျွန်မဟာ ရုတ်တရက် တွေးလိုက်မိတယ်။

အဲရီကိုး ဆုံးသွားပြီဖြစ်တဲ့အကြောင်း ကျွန်မကို အကြောင်းကြားလာပြီးတဲ့နောက်ပိုင်းမှာ ယူးအိကျိအတွက် ခံစားရတဲ့ အားငယ်စိတ်ဟာ တယ်လီဖုန်းနဲ့ အတော်တူနေတယ်။ အဲဒီနောက်ပိုင်းမှာ ယူးအိကျိက ကျွန်မရှေ့မှာ ထိုင်နေတဲ့တိုင်အောင် သူဟာ တယ်လီဖုန်းစကားပြောလိုင်းရဲ့အခြားဘက် အစွန်အဖျားမှာ ရောက်သလို အဝေးကြီးလို့ ထင်လာရတယ်။ အဲဒီအစွန်အဖျားက အခု ကျွန်မ ရှင်သန်နေထိုင်တဲ့နေရာထက် အများကြီးမှောင်မိုက်နေပြီး နက်ရှိုင်းလှတဲ့ ပင်လယ်ကြီးရဲ့ကြမ်းပြင်ကြီးလို ဖြစ်နေတယ်။

“ဟဲလို”

ယူးအိကျိရဲ့ အသံက တယ်လီဖုန်းစကားပြောခွက်မှ ပေါ်လာတယ်။

“ယူးအိကျိလားဟင်”

ကျွန်မရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရင်း ပြန်ပြောလိုက်တယ်။

“မီးခငယ်လား၊ မင်းဘယ်လိုလုပ်ပြီး ကိုယ်ဒီမှာရှိနေတယ်ဆိုတာ သိတာလဲဟင်။ အား အာ ကျိုကကိုးစံက ပြောခဲ့တာထင်တယ်”

ဟိုးအဝေးအရပ်ကနေ ပြောနေတဲ့ အဲဒီတည်ငြိမ်လှတဲ့ စကားသံဟာ တယ်လီဖုန်းကြိုးကို မိုင်ပေါင်းများစွာ ဖြတ်သန်းပြီး ကျွန်မဆီကို ရောက်လို့လာတော့တယ်။ ကျွန်မက မျက်လုံးကို အသာမှိတ်ရင်း မကြားရတာကြာပြီဖြစ်တဲ့ ယူးအိကျိရဲ့ စကားပြောသံကို နားထောင်နေမိတယ်။ သူ့စကားသံတွေက အလွမ်းအဆွေးတွေကို သယ်ယူလာတဲ့ လှိုင်းသံကလေးတွေလိုပဲ ကြားနေရတယ်။

"အဲဒီမှာ ဘာတွေရှိလို့လဲဟင်"

"ဒစ်စနေး လဲန်းဒ် အား မဟုတ်ဘူး။ အလကား ညာပြောတာ။ တောင်ပေါ်မှာ ဘုရားကျောင်းတစ်ကျောင်းတော့ရှိတယ်။ တန်ခိုးကြီး မယ့်ပုံပဲ။ တောင်အောက်မှာတော့ ဘုန်းကြီးစာ သက်သတ်လွတ် ပဲပြားဟင်းတွေချည်းကျွေးတဲ့ တည်းခိုဆောင်တွေ တန်းစီနေတာပဲ။ ကိုယ်တောင် ညနေစာကို ပဲပြားဟင်းနဲ့ ပြီးလိုက်ရတယ်"

"ဟယ် ဘယ်လို ဟင်းမျိုးတွေပါလိမ့်" စားတောင် စားချင်လာပြီ။

"အင်း မင်းဆိုရင် အချက်အပြုတ် ဝါသနာပါလို့ စိတ်ဝင်စားမလား မပြောတတ်ဘူး။ ဒီမှာ ချက်တဲ့ဟင်းတွေက ပဲပြားကို ထည်လဲ ပြောင်းပြီး ချက်ထားကြတာချည့်ပဲ။ စားလို့တော့ ကောင်းပါတယ်။ ဒါပေမဲ့ ဘယ်ဟာစားစား ပဲပြားမပါတာ မရှိဘူး။ ပဲပြားကြော်၊ ပဲပြားကင်၊ ပဲပြားပေါင်း၊ ကြက်ဥ၊ ပဲပြားမွှေကြော် စတာတွေချည့်စားနေရလို့ ဒီတစ်ခါတော့ ထမင်းမာမာလေး စားရမယ်လို့



အောက်မေ့ခါရှိသေး ဆန်ပြုတ်တွေ ချကြွေးလာတယ်။ လူ့ကို သွား မပါတဲ့အဘိုးကြီးများ အောက်မေ့နေကြသလား မပြောတတ်ပါဘူး"

"ဟယ် ကျွန်မနဲ့ တူလိုက်တာနော်။ ကျွန်မလည်း အခု ဗိုက်ဆာလို့ သေတော့မယ်"

"ဟယ် ဟော်တယ်က ဘာမှ မကျွေးဘူးလား"

"ကျွန်မ မကြိုက်တဲ့ ဟင်းတွေချည်း ကျွေးတယ်လေ"

"ဟင် မင်း မကြိုက်တာတွေချည်းပဲလား။ တကူးတကသွားတာတောင် အခုလို ဖြစ်ရတာ ကံဆိုးတာပေါ့"

"ကိစ္စမရှိပါဘူး။ နက်ဖန်ဆို အစားကောင်း အသောက်ကောင်း စားရတော့မှာလေ"

"မင်းကတော့ ကံကောင်းပါတယ်ကွာ။ ကိုယ်တော့ နောက် မနက် ဘာစားရမလဲ မသိဘူး။ မဟုတ်မှလွဲရော ပဲပြားရေနွေးဖျော့ပဲ နေမှာပဲ"

"ဟုတ်ပြီ၊ ကျွန်မသိပြီ။ မြေအိုးသေးသေးကလေးထဲမှာ ပဲပြားကို ထည့်ပြီး မီးသွေးမီးဖိုနဲ့ ပြုတ်ထားတဲ့ဟင်း နေမှာ"

"အွန် ကျိုကကိုကျန်ကတော့ ပဲပြားကြိုက်တဲ့ သူဆိုတော့ ဒီလို တည်းခိုခန်းမျိုးကို ကောင်းတယ်လို့ ထင်မှာပေါ့။ နေရာကတော့ မဆိုးပါဘူး။ ပြူတင်းပေါက်တွေကလည်း ကျယ်တယ်။ ပြီးတော့ တဝေါဝေါကျနေတဲ့ ရေတံခွန်ကြီးကိုလည်း လှမ်းမြင်နေရတယ်။

တစ်ခုပဲ ခက်တာက ကိုယ်က အသားငါးဆိုလို့ ထောပတ်၊ ဒိန်ခဲတို့လို ကယ်လိုရီများတဲ့ဟင်းမျိုးမှ ကြိုက်တာဆိုတော့ သူတို့ ချက်ကျွေးတာတွေ ဘယ်စားလို့ရတော့မှာလဲ။ ဆန်းတော့ အတော်ဆန်းတယ်နော်။ ချမ်းအေးတဲ့ညရဲ့ ကောင်းကင်ကြီးတစ်ခုတည်းရဲ့ အောက်မှာ တို့နှစ်ယောက်စလုံး အတူတူ ဗိုက်ဟာနေကြတယ်နော် ဟားဟား" ယူးအိကျိုက ပြောရင်းဆိုရင်း ရယ်လိုက်ပြန်တယ်။

ဘာ့ကြောင့်ရယ် မပြောတတ်ဘူး။ အဲဒီအချိန်မှာ ကျွန်မက "အခု ကျွန်မ ကတ်စုဒွန်း စားရတော့မှာ" လို့ ကြွားဖို့ စိတ်ကူးလိုက်ပေမယ့် လက်တွေ့ကျတော့ မကြွားရက်ပြန်ဘူး။ ကျွန်မကို ယူးအိကျိုက သစ္စာဖောက်လို့မြင်သွားမှာ စိုးတဲ့အပြင် သူနဲ့ ကျွန်မ အတူတူငတ်နေပြီဆိုတဲ့ အတွေးမျိုးကိုပဲ ရှိနေစေချင်တယ်။ အဲဒီအချိန်မှာ ကျွန်မ ခေါင်းထဲမှာ အတွေးတစ်ခု ထင်းခနဲ ဖြစ်လာတယ်။ အဲဒီအတွေးကို လက်နဲ့ ဖမ်းကြည့်ရင်တောင် ရလောက်တယ်။

ကျွန်မတို့နှစ်ယောက်စလုံးရဲ့ စိတ်တွေဟာ သေခြင်းတရားတွေဝိုင်းရံထားတဲ့အမှောင်ထုထဲမှာ စမ်းတဝါးဝါး လျှောက်လှမ်းရင်းကနေ အခုအခါမှာ ထောင့်ကွေးခပ်ပြေပြေကလေးဆီကို ရောက်နေကြတော့တယ်။ အဲဒီ ထောင့်ကွေးပြေပြေကလေးကို ကျော်ဖြတ်ပြီးရင်တော့ ကျွန်မနဲ့ သူဟာ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရုံပဲ ရှိတယ်။ အဲဒီနောက်ပိုင်းမှာတော့ သူနဲ့ ကျွန်မဟာ တစ်သက်လုံး သူငယ်ချင်းလိုပဲဆက်၍ ခေါ်သွားရတော့မယ်လေ။



ဒီအတိုင်း သေချာပေါက်ဖြစ်လာလိမ့်မယ်လို့ ကျွန်မကြိုပြီးသိနေတယ်။ ဒါပေမဲ့ အဲဒီ ခံစားချက်တွေကိုတော့ ကျွန်မနှုတ်ဖျားက တစ်လုံးမှ ပြောမထွက်ခဲ့ဘူး။ ဒီအတိုင်း နှုတ်ဆိတ်နေသွားတာက ပိုကောင်းလိမ့်မယ်လို့လည်း ထင်ထားတယ်လေ။

"ဘယ်တော့ ပြန်လာရမှာလဲဟင်"

ကျွန်မက မေးလိုက်တယ်။

ယူးအိကျိုက ခဏလောက် ငြိမ်နေပြီးမှ

"မကြာခင် ပြန်လာပါ့မယ်" လို့ ဖြေလာတယ်။ လိမ်ပြောရမှာကို အတော်ကြောက်တဲ့ လူပါလားလို့ ကျွန်မစိတ်ထဲမှာ အောက်မေ့လိုက်တယ်။ လက်ထဲမှာရှိတဲ့ ပိုက်ဆံမကုန်မချင်းတော့ သူ အဲဒီမှာ ဆက်နေသွားမှာ သေချာတယ်။ အဲရီးကို ဆုံးသွားတုန်းက ချက်ချင်းအကြောင်းမကြားနိုင်ခဲ့တာရယ်၊ ကိုယ်ခံစားနေရတဲ့အပူကို အောင့်အည်းမျိုသိပ် ထားခဲ့တာရယ်၊ အဲဒါက သူ့အကျင့်တွေပဲ။

"ကဲ–ကဲ နောက်မှ တွေ့ကြရအောင်နော်"

ကျွန်မက စပြီး နှုတ်ဆက်လိုက်တယ်။

"အင်း နောက်ပြန်တွေ့ကြတာပေါ့"

သူ့စကားသံကို အကဲခတ်ကြည့်ရတာ သူ့အနေနဲ့ အများနဲ့ဝေးရာကို ထွက်ပြေးနေတယ်ဆိုတာ သူ့ကိုယ်သူ နားမလည်ရဲ့လားလို့ မပြောတတ်ဘူး။

"စိတ်ညစ်တယ်ဆိုပြီး ကိုယ့်လက်ကို ဓားနဲ့ မလှီးနဲ့ဦးနော်" ကျွန်မ နောက်ပြီး ပြောလိုက်တယ်။

"မဟုတ်တာ"

ယူးအီကျိက ရယ်ရယ်မောမောနဲ့ပဲ 'ဂွတ်နိုက်'လို့ နှုတ်ဆက်ကာ ဖုန်းကို ချလိုက်တယ်။

အဲဒီနောက် ရတ်တရက် ခြေကုန်လက်ပမ်း ကျလာတော့တယ်။ တယ်လီဖုန်းစကားပြောခွက်ကိုချပြီး လက်ကမခွာသေးဘဲ ဆိုင်ပြူတင်းပေါက်မှန်တံခါးတွေကို ငေးကြည့်နေရင်း အပြင်ဘက်က လေတိုက်လို့ သစ်ကိုင်းတွေလှုပ်ရှားနေတဲ့ အသံကို ငြိမ်ပြီး နားထောင်နေမိတယ်။ လမ်းပေါ်မှာ ဖြတ်သွားတဲ့ လူတွေရဲ့ "ချမ်းလိုက်တာနော်၊ ချမ်းလိုက်တာနော်"ဆိုတဲ့ ညည်းတွားသံကိုလည်း ကြားနေရတယ်။ ညဟာ ဒီနေ့မှာလည်း တစ်ကမ္ဘာလုံးမှာ လွှမ်းခြုံရောက်ရှိလာပြီး ပြန်ထွက်သွားဦးမှာ သေချာတယ်။ လက်လှမ်းမမီအောင် နက်ရှိုင်းလှတဲ့ အထီးကျန်မှုရဲ့အောက်ခြေမှာ ကျွန်မအဖို့ တစ်ယောက်တည်း အားငယ်နေရဦးတော့မယ်လေ။

လူတွေဟာ ပြင်ပက အခြေအနေတွေကြောင့် ပျက်စီးဆုံးရှုံးရတာ မဟုတ်ဘဲ အဲဒီလို ပျက်စီးစေတဲ့အကြောင်းတရားတွေဟာ မိမိတို့ရဲ့ကိုယ်တွင်းက ပေါက်ဖွားလာကြတာပဲလို့ ကျွန်မရင်ထဲ အသည်းထဲက ခိုင်ခိုင်မာမာ ယုံကြည်လိုက်မိတယ်။ ကျွန်မမှာ ခွန်အားဆိုလို့ တစ်စက်မှ မရှိတော့ဘူး။ ကိုယ့်ရဲ့ရှေ့မှာ မပြီးဆုံးစေ



ချင်သေးတဲ့ အရာကိစ္စက ပြီးဆုံးသွားရတော့မှာကို ငေးကြည့်နေရတော့တယ်။ အဲဒီအဖြစ်အပျက်ကို ကြည့်ပြီး မချိတင်ကဲ ခံစားရတာတို့ ဝမ်းနည်းကြေကွဲရတာဆိုလည်း မဖြစ်နိုင်တော့ဘူး။ လူတစ်ကိုယ်လုံးက ထုံကျင်နေပြီ။ အရာခပ်သိမ်းဟာလေးလဲ ထိုင်းမှိုင်းနေတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီထက်ထွန်းလင်းတောက်ပတဲ့နေရာမျိုးမှာ ပန်းကလေးတွေ ပွင့်လန်းနေတဲ့နေရာမျိုးမှာ အေးအေးဆေးဆေး စဉ်းစားနေချင်မိတော့တယ်။ ဒါပေမဲ့ အဲဒီအခွင့်အလမ်းတွေက သိပ်နောက်ကျသွားပြီလေ။

မကြာခင် ကတ်စုဒွန်းက ရောက်လာတော့တယ်။ ကျွန်မလည်း အတွေးကိုဖြတ်ပြီး ဝါးတူကလေးကို နှစ်ခြမ်းခွဲလိုက်တယ်။ ဗိုက်ဟာနေတာနဲ့အတော်ပဲဆိုပြီး အားရပါးရ စားလိုက်မိတယ်။ အပြင်ပမ်းက ကြည့်ရုံနဲ့ အရသာရှိပုံပေါက်နေတဲ့ ကတ်စုဒွန်းဟာ တကယ်လည်း စားကြည့်လိုက်ရော အတော့်ကို စားလို့ကောင်းနေတော့တယ်။ တကယ့်ကိုပဲ အရသာတွေ စုံနေတော့တယ်။

"ဦးကြီး ဒီကတ်စုဒွန်း သိပ်စားလို့ကောင်းတာပဲ"

ကျွန်မပါးစပ်က ယောင်ယမ်းထွက်သွားမိတယ်။

"ဟုတ်လား ကွယ့်"

ဆိုင်ရှင်ဦးကြီးက ကျေနပ်တဲ့အပြုံးနဲ့ ပြန်မေးလိုက်တယ်။

ကျွန်မ ဗိုက်သိပ်ဆာနေလွန်းလို့ အခုလို စားလို့ကောင်းတာဖြစ်မှာပါလို့ ထင်စရာရှိပေမယ့် ကျွန်မဟာ အချက်အပြုတ်သင်တန်း

တက်ထားတဲ့သူလေ။ ဒီလောက်ကောင်းတဲ့ ကတ်စုဒွန်းမျိုးက သိပ်စားရခဲတယ်။ တော်ရုံတန်ရုံ ကျွမ်းကျင်မှုမျိုးနဲ့ ဒီလောက်ကောင်းတဲ့ ကတ်စုဒွန်းကို မချက်နိုင်ဘူး။ အသားကလည်း လတ်ဆတ်တယ်။ ဟင်းရည်ကလည်း ချိုတယ်။ ကြက်ဥကြော်နဲ့ ကြက်သွန်မိတ်ကလေးတွေကိုလည်း လှလှပပဖြူးထားသေးတယ်။ ဆန်ကကောင်းလွန်းတော့ ထမင်းလုံးကလေးတွေကလည်း ကော့ပျံနေတယ်။ နေ့လယ်ပိုင်းတုန်းကတင် ဆရာမက ဒီဆိုင်က ကတ်စုဒွန်းကို သွားကျွေးချင်ပေမယ့် အချိန်မရလို့ စိတ်မကောင်းကြောင်း ပြောခဲ့သေးတယ်။ အခုတော့ ကျွန်မက လက်တွေ့ စားနေရပြီ။ သိပ်ကံကောင်းတယ်လို့ ဆိုရမယ်။

အင်း အခုနေများ ယူအိကျိုတစ်ယောက် ဘေးနားမှာထိုင်ပြီး အတူတူစားလိုက်ရရင်ဆိုတဲ့ အတွေးက ရုတ်တရက် ခေါင်းထဲကို ဝင်လာတော့တယ်။ တစ်ချိန်ထဲမှာပဲ အခုလို ပါးစပ်က ယောင်ထွက်သွားတော့တယ်။

"ဦးကြီး ဒီကတ်ဒုဒွန်းကို ပါဆယ်ထုတ်သွားလို့ ရမလားဟင်။ ပြီးတော့ နောက်ထပ်ပါဆယ်တစ်ပွဲပါ ထပ်ထည့်ပေးပါ"

***

ဒီလိုနဲ့ဆိုင်ကထွက်လာတဲ့ ကျွန်မဟာ သန်းခေါင်ယံ ရောက်လုလု အချိန်မှာ ဗိုက်ကပြည့်နေပြီဖြစ်တဲ့အပြင် ကတ်စုဒွန်းပါဆယ်ထုပ်တွေကိုကိုင်ပြီး လမ်းမပေါ်မှာ ခဏတဖြုတ် ရပ်နေမိတယ်။ ငါ ဘာတွေများ စဉ်းစားနေပါလိမ့် ရှေ့ဆက်ပြီး ဘာဆက်လုပ်ရမှာပါလိမ့်လို့



တွေးနေတုန်း ကျွန်မရဲ့ရှေ့ကို တက္ကဆီအလွတ်တစ်စီး ထိုးရပ်လိုက်တာနဲ့ ကားပေါ် တက်ထိုင်ပြီး ကျွန်မသွားချင်တဲ့နေရာကို ဒရိုင်ဘာကို ပြောပြလိုက်တယ်။

"အီဆဲဟာရမြို့အထိ ပို့ပေးပါ"

"ဟယ် အီဆဲဟာရ"

ဒရိုင်ဘာကြီးက ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွားပြီး ကျွန်မကို လှည့်ကြည့်လိုက်တယ်။

"ကျုပ်အတွက်က ပိုက်ဆံရမှာမို့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ အီဆဲဟာရက အဝေးကြီး၊ ကားခလည်း အများကြီးကျမယ်"

"ရပါတယ်။ ကျွန်မမှာ အရေးတကြီးကိစ္စရှိနေလို့ပါ"

ကျွန်မဟာ Dauphin အိမ်ရှေ့မင်းသားရဲ့ရှေ့မှာ ရောက်နေတဲ့ Joan of Arc မင်းသမီးကလေးရဲ့ ဣန္ဒြေမျိုးနဲ့ ခပ်တည်တည် ပြောလိုက်တယ်။ ကျွန်မကိုယ် ကျွန်မလည်း ယုံကြည်မှုက အပြည့်ရှိနေတယ်လေ။ "အဲဒီကိုရောက်တဲ့အခါ ကားခရှင်းပေးပါ့မယ်။ ပြီးတော့ မိနစ် ၂၀–လောက်စောင့်ပြီး ကျွန်မ အလုပ်ကိစ္စပြီးတဲ့အခါ ဒီကို ပြန်ပေးပို့ပေးပါလား"

"လုပ်လိုက်လေ ကြာသလားလို့" ဒရိုင်ဘာကြီးက ရယ်မောပြီး ပြန်ပြောလာတယ်။

ဒါဆို ဒီလမ်းအတိုင်း မြန်မြန်ရောက်အောင် ပို့ပေးပါ။

"ရပါတယ်။ ပို့ပေးရတာပေါ့"

တက္ကစီကားလေးဟာ ညဦးနက်သန်းခေါင်ယံအချိန်မှာ အီဆဲဟာရ မြို့ဘက်ကို ဦးတည်ပြီး ပြေးလွှားနေတော့တယ်။ ကျွန်မနဲ့ ကတ်စုဒွန်း ပါဆယ်ထုပ်ကလေးကို တင်ဆောင်လို့ပေါ့။

နေ့လယ်ပိုင်းက တအားပင်ပန်းခဲ့လို့လား မပြောတတ်ဘူး။ ကားပေါ်ရောက်ပြီး မကြာခင်မှာ မှေးခနဲ အိပ်ပျော်သွားတော့တယ်။ လူသူကင်းမဲ့တဲ့ လမ်းမကြီးပေါ်မှာ ကားကလေးဟာ အရှိန်ကောင်းကောင်းနဲ့ ပြေးလွှားနေခဲ့ပြီး မကြာခင်မှာ ကျွန်မဟာ ရုတ်တရက် လန့်နိုးလာခဲ့တယ်။ အသိစိတ်ကသာ နိုးလာရတာ ခြေတွေလက်တွေကတော့ အိပ်ပျော်လို့ကောင်းတုန်း နွေးထွေးနေတုန်းပဲ ရှိသေးတယ်။ မှောင်မဲနေတဲ့ ကားထဲကနေ ပြူတင်းပေါက်ကို ဖြတ်ပြီး အပြင်ဘက်ကို လှမ်းကြည့်ရင်း ကိုယ်ကို ပြင်ထိုင်လိုက်တဲ့အခါ ဒရိုင်ဘာကြီးက

"မကြာခင် ရောက်ပါတော့မယ်။ ကားက တော်တော်လေး အရှိန်ရခဲ့တာပဲလို့ ပြောလာတယ်။ ကျွန်မက "ဩော် ဟုတ်လား" လို့ပြောပြီး ကောင်းကင်ထက်ဆီကို မော့ကြည့်လိုက်တယ်။ ဖိုးရွှေလမင်းကြီးက ထိန်ထိန်သာပြီး ဖြာထွက်နေတဲ့ လရောင်တန်းတွေကြောင့် ကြယ်ကလေးတွေ အချို့တောင် တိမ်မြုပ်ပျောက်ကွယ်နေကြတယ်။ လပြည့်နေ့မို့ လမင်းကြီးက ဝိုင်းစက်နေတယ်။ လမင်းကြီးဟာ တိမ်ကြားထဲကို ဝင်သွားလိုက်၊ ပြန်ထွက်လာလိုက် ဖြစ်နေတယ်။ ကားထဲမှာက အိုက်စပ်နေတယ်။ ကျွန်မရဲ့ ထွက်သက်လေတွေကြောင့်



ကားမှန်ပြူတင်းမှာ ရေငွေ့တွေနဲ့ မှုန်ဝါးလာတယ်။ သစ်ပင်တွေ၊ လယ်ကွင်းနဲ့ ခြံပုတ်တွေ၊ တောင်တန်းကြီးတွေရဲ့ အရိပ်မည်းတွေဟာ လည်း ကားမှန်ပြူတင်းပေါက်ကနေ တရိပ်ရိပ် ဖြတ်သန်းသွားနေကြ တယ်။ လော်ရီကားကြီးတွေ၊ ထရပ်ကားကြီးတွေ ဝေါခနဲ ဝေါခနဲ ဆက်တိုက်ဖြတ်သန်းသွားကြပြီးတဲ့နောက်မှ အသံတွေဟာ ပြန်ပြီး တိတ်ဆိတ်သွားတော့တယ်။ လရောင်ကြောင့် ကတ္တရာလမ်းမကြီး ဟာ ဝင်းလက်တောက်ပနေတော့တယ်။

မကြာခင်မှာပဲ ကျွန်မတို့ကားကလေးဟာ အီဆဲဟာရမြို့ထဲကို ဝင်လာခဲ့တော့တယ်။

မှောင်မိုက်နေတဲ့ လမ်းရဲ့ တစ်ဖက်တစ်ချက်များတော့ စီတန်း နေတဲ့ ဆိုင်ကလေးတွေရဲ့ အမိုးတွေကို မှုန်ဝါးဝါး တွေ့နေရတယ်။ လမ်းတစ်လျှောက်မှာ နတ်ကွန်းကလေးတွေကိုလည်း ကွက်ကြား ကွက်ကြားတွေ့ရတယ်။ ကျွန်မတို့ ကားကလေးဟာ လမ်းကျဉ်းကျဉ်း ကလေးအတိုင်း တက်လာခဲ့တဲ့အခါ တောင်တက်ကြိုးဆိုင်း ရထားလမ်း ကလေးကို အထင်းသား မြင်လာရတယ်။

"ဒီနားတစ်ဝိုက်က စားသောက်ဆိုင်တွေဟာ အဟိုးအရင်က တည်းက ဘုန်းကြီးတွေရဲ့ အမိန့်ကြောင့် သူများအသက်ကို မစားကြ ရဘူး။ ဒါ့ကြောင့်မို့ ပဲပြားကိုပဲ အမျိုးမျိုးထွင်ပြီး ရောင်းကြရတယ်။ ငါတို့မလည်း အချိန်ရမယ်ဆိုရင် ဒီကို နေ့ခင်းနေ့လယ်လာပြီး ပဲပြားဟင်း သတ်သတ်လွတ်ဟင်းတွေ ဝယ်စားကြည့်ပါလား။ သိပ် အရသာရှိတာ"

ဒရိုင်ဘာကြီးက ရှင်းပြလာတယ်။

ကျွန်မလည်း အဲဒီလိုပဲ ကြားဖူးတယ်။ ကျွန်မဟာ ကားထဲကို ဝင်လာတဲ့လမ်းမီးတိုင်က အလင်းရောင်တွေကို အားပြုပြီး ကျီကကျွန်ပေးခဲ့တဲ့ လမ်းညွှန်မြေပုံကို ဂရုတစိုက် ကြည့်လာခဲ့တယ်။

"ဟုတ်ပြီ ဟုတ်ပြီ။ ရှေ့နားကလမ်းဆုံမှာ ရပ်ပေးပါ။ ဒီမှာပဲ ခဏစောင့်ပေးပါနော်။ သိပ်မကြာပါဘူး။ ကျွန်မ ချက်ချင်း ပြန်လာပါ့မယ်"

"ကောင်းပါပြီတဲ့ဗျာ"လို့ ပြောရင်း ဒရိုင်ဘာကြီးက မော်တော်ကားကို ရုတ်တရက် ရပ်လိုက်တော့တယ်။

***

ကားရဲ့ အပြင်ထွက်လိုက်တော့ ခိုက်ခိုက်တုန်အောင် ချမ်းလာတယ်။ ကျွန်မရဲ့ လက်ဖျားတွေ ပါးပြင်တွေ အေးခဲသွားကြပလား လို့တောင် အောက်မေ့ရတယ်။ ဒါနဲ့ ကျွန်မလည်း လက်အိတ်တစ်စုံကို ထုတ်ပြီး လက်မှာ စွပ်လိုက်တယ်။

လရောင်တွေ ထိုးကျနေတဲ့ တောင်တက်လမ်းကလေးအတိုင်း ကျွန်မဟာ ကတ်စုဒွန်း ပါဆယ်ထုပ်ကိုဆွဲရင်း တစ်ယောက်တည်း တက်လာမိတယ်။

ကျွန်မကြိုပြီး တွေးပူထားတဲ့အတိုင်း ဖြစ်လာခဲ့တော့တယ်။ သူတည်းနေတဲ့ တည်းခိုခန်းက ညကြီးသန်းခေါင် အချိန်မရွေး ဝင်ထွက်သွားလာနိုင်တဲ့ ရှေးအဆောက်အအုံပုံစံမျိုး မဟုတ်ဘူးလေ။



ဆင်ဝင်ပေါက်မှာရှိတဲ့ အလိုအလျောက် မှန်တံခါးကော မလွယ်ပေါက်က တံခါးတွေကိုပါ သော့တွေနဲ့ ခတ်ထားပြီးကြပြီ။ မတတ်သာတဲ့အဆုံး လမ်းမဘက်ကို ထွက်လာပြီး အများသုံး တယ်လီဖုန်းနဲ့ ဆက်ကြည့်လိုက်တယ်။ ဘယ်သူမှ ကောက်မကိုင်ဘူး။ ဘယ်ကောက်ကိုင်ပါ့မလဲ၊ ညကြီးသန်းခေါင်ရောက်နေမှကိုး။

ငါကတော့ အဝေးကြီးကနေ တကူးတက ကြိုးစားပြီး လာခဲ့ရတယ်။ သူက အထဲမှာ ဘာလုပ်နေပါလိမ့်လို့ တွေးရင်း မှောင်မည်းနေတဲ့ တည်းခိုခန်းဆောင်ကြီးရဲ့ ရှေ့မှာ ယောင်ချာချာနဲ့ ရပ်နေမိတယ်။ ကျွန်မလည်း ခွဲမလျှော့သေးဘဲ အဆောင်နောက်ဘက်က ပန်းခြံထဲကို လှည့်လာခဲ့မိတယ်။ မလွယ်ပေါက်ရဲ့ ဘေးက လမ်းကျဉ်းကလေး အတိုင်း လျှောက်လို့ပေါ့။ ယူးအိကျိပြောတဲ့အတိုင်းပါပဲ။ ဒီ တည်းခိုခန်းက ရေတံခွန်ရှုခင်းကို အသားပေးထားတာဆိုတော့ မှန် ပြူတင်းပေါက်အားလုံးဟာ ရေတံခွန်ဘက်ကို လှည့်ထားကြတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ မှန်ပြူတင်းအားလုံးဟာ မည်းမှောင်နေကြတယ်။ ကျွန်မလည်း ပင့်သက်ကိုရှူရင်း ဥယျာဉ်ထဲကို အကဲခတ်ကြည့်လိုက်တယ်။ ကျောက်ခဲတွေနဲ့ ဝန်းထရံကို ကာထားပြီး ရှည်လျားသေးသွယ်တဲ့ ရေတံခွန်ကလေးက ရေတွေဟာ ရေညှိရေမှော်တွေ ပေါက်နေတဲ့ ကျောက်တုံးကျောက်ခဲတွေ အပေါ်ကို တဝေါဝေါ ကျဆင်းနေကြတယ်။

အေးစက်နေပုံရတဲ့ ရေပန်းရေမွှားကလေးတွေဟာ လရောင်အောက်မှာ ဖွေးခနဲ ဖွေးခနဲထွက်ပေါ်လာနေကြတယ်။ ရေတံခွန်လေး

ရဲ့ ဟိုဟိုဒီဒီမှာတော့ စိမ်းဝါရောင် ဆလိုက်တွေ ထိုးထားတဲ့အတွက် ဘေးပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်ကလေးတွေဟာ အမြင်တစ်မျိုး ဆန်းနေတယ်။ အဲဒီရှုခင်းကို ကြည့်ရင်း ကျွန်မဟာ ဒစ်ဒနေးလဲန်းဒ်ကို သွားတုန်းက တွေ့ခဲ့ရတဲ့ တောကြီးဝက်ပါလမ်းကိုပြန်ပြီး အမှတ်ရ လာတယ်။ အတော်လှည့်စားတဲ့ အစိမ်းရောင်ပဲလို့ စိတ်ထဲက ကောက်ချက်ချလိုက်ပြီး နောက်ဘက်ကို ပြန်လှည့်ကာ စီတန်းနေတဲ့ ပြူတင်းပေါက်တွေဖက်ကို ပြန်ပြီး ငေးကြည့်မိပြန်တယ်။

အဲဒီနောက်မှ ချက်ချင်းဆိုသလို ကျွန်မ သဘောပေါက်သွား တယ်။

တည်းခိုဆောင်ကြီးရဲ့ ထောင့်နားက စိမ်းဝါရောင် အလင်းတွေ ပြန်ဟပ်နေတဲ့ အခန်းဟာ ယူအိကျိတည်းနေတဲ့အခန်းပဲ။

အဲဒီလို တွေးလိုက်မိတဲ့အခါ ကျွန်မရဲ့ မျက်လုံးတွေဟာ ပြူတင်း ပေါက်ကို ဖြတ်ပြီး မြင်နေရသလို ခံစားလာရတယ်။ ဒီလိုနဲ့ အဆောင်နံရံဘေးမှာ ပုံထားတဲ့ ကျောက်တုံးတွေ အပေါ်ကို တက်လာ မိခဲ့တယ်။

အဲဒီအခါမှာ ပထမထပ်နဲ့ ဒုတိယထပ်ကြားမှာ အလှဆင် ထားတဲ့ ကဲလားခေါင်မိုးကလေးနားအထိ မီလာတယ်။ ခြေဖျား ထောက်ပြီး ကိုယ်ကို ဆန့်ထုတ်လိုက်ရင် အဲဒီခေါင်မိုးကလေးကို လက်နဲ့ကိုင်လို့ရလောက်တယ်။ ဒါနဲ့ ကိုယ်နင်းလာတဲ့ ကျောက်ခဲပုံ ကလေးကို ခိုင်မခိုင် နင်းကြည့်ရင်း ဒီထက်နှစ်လှမ်း သုံးလှမ်း ပိုမြင့်



အောင် တက်လာတဲ့အခါမှာ ကဲလားခေါင်မိုးကလေးနဲ့ ပိုပြီး နီး လာတော့တယ်။ ကျွန်မဟာ အစမ်းသဘောနဲ့ တံစက်မြိတ်အောက် က ရေတံလျှောက်ကို လှမ်းကိုင်လိုက်တယ်။ သေချာပြီဆိုမှ ရေ တံလျှောက်ကို လက်တစ်ဖက်နဲ့ လှမ်းခုန်ဖမ်းတွယ်လိုက်ပြီး ရှိသမျှ အားကို အစွမ်းကုန်ညှစ်ထုတ်ကာ ကျန်လက်တစ်ဖက်ရဲ့ တံတောင်ဆစ် ရောက်တဲ့အထိ အမိုးပေါ်ကို လှမ်းကုတ်လိုက်တဲ့အခါ အုတ်ကြွတ်မိုးပြား တစ်ချပ်ကို လှမ်းပြီးဆုပ်မိလျက်သား ဖြစ်သွားတယ်။ အဲဒီလို ခေါင်မိုးအစွန်းမှာ တွဲလောင်းဖြစ်နေတဲ့ အချိန်မှာတော့ ကျွန်မရှိသမျှ အင်အားတွေဟာ ကုန်ခမ်းသွားသလို ခံစားလာရတော့တယ်။ ကျွန်မ လက်မောင်းတွေက အေးစက်ပြီးကိုက်ခဲလာတယ်။ ပခုံးပေါ်မှ လွယ် ထားတဲ့ ကျောပိုးအိတ်ဟာလည်း လက်မောင်းဖျားသို့ လျှောကျသွား တော့တယ်။

အဲဒီလိုတွဲလောင်းကြီးဖြစ်နေရင်းကနေ "ဒုက္ခပါပဲ"လို့ ညည်း လိုက်မိတယ်။ အောက်ဘက်ကို ငုံ့ကြည့်လိုက်တော့ စောစောက ကျွန်မတက်လာတဲ့ ကျောက်ပုံကလေးဟာ အမှောင်ထုအောက်မှာ အဝေးကြီးကျန်ရစ်နေခဲ့ပြီ။ ညအမှောင်ထုအတွင်းမှာတော့ ရေတံခွန် ဆီက ရေကျသံတွေဟာ ပိုပြီး ဆူညံကျယ်လောင်နေတယ်။

ကျွန်မလည်း မထူးတော့ပါဘူးလေလို့ တွေးပြီး ကျန်ရှိသမျှအား တွေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ခေါင်မိုးပေါ်ရောက်သွားအောင် တအား ကုန် ဆွဲတင်ပြီး လှိမ့်ချလိုက်တယ်။ ကျွန်မတစ်ကိုယ်လုံး မိုးရေတွေနဲ့ စိုရွှဲကုန်တော့တယ်။ ညာဘက်လက်မောင်းကို ကြည့်လိုက်တော့ ပွန်းပဲ့နေတဲ့ ဒဏ်ရာတွေက ထွက်လာတဲ့သွေးတွေနဲ့ နီရဲနေပြီ။

ကျွန်မဟာ ခေါင်းမိုးပေါ်မှာ ကျောပိုးအိတ်ကို ဘေးမှာ ချထားပြီး ပက်လက်လှန်ရင်း အိမ်ခေါင်မိုးရဲ့အထက်မှာရှိတဲ့ လရောင်အောက်က တိမ်တိုက်တိမ်သားတွေကိုကြည့်ပြီး အခုလို တွေးလိုက်မိတယ်။ လူဆိုတာ ကိုယ့်လမ်းကို ကိုယ်ရွေးလျှောက်နေကြတဲ့ သတ္တဝါတွေပါလား ပိုပြီး တိကျအောင်ပြောရရင် လူတွေဟာ ကိုယ်က သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ကိုယ်သွားရမယ့်လမ်းကို အလိုလို ရွေးနေကြရတာပဲ။ ကျွန်မလည်း အဲဒီအတိုင်းပဲ။ အဲဒီ သဘောကို ကျွန်မ ကောင်းကောင်းကြီး နားလည်လာခဲ့ပြီလေ။ နားလည်တာမှ စိတ်ကူးပြီး နားလည်တဲ့ အဆင့် မဟုတ်ဘဲ ဝေါဟာရတွေ စကားလုံးတွေနဲ့ ဖော်ပြနိုင်တဲ့အထိ ပြတ်ပြတ်သားသား နားလည်လာခဲ့တာပဲ။ ကျွန်မအဖို့ ကျွန်မလျှောက်ရမယ့်လမ်းကို ပြတ်ပြတ်သားသား ရွေးခဲ့ပြီးပြီ [illegible] လူတိုင်း လူတိုင်းဟာလည်း နေ့စဉ်နဲ့အမျှ အသက်ရှူနေရင်း [illegible]ကို ကြည့်ရှုနေရင်း အလုပ်တွေ လုပ်နေရင်းက ကိုယ်သွားရမယ့် [illegible]ကို ကိုယ်ရွေးနေကြတာပဲလို့ ယူဆလိုက်မိတယ်။

အဲဒီလို ရွေးရင်းရွေးရင်းကလဲ ကျွန်မဟာ ချမ်းစီးတဲ့ ညအခါ ကိုယ်မရောက်ဖူးတဲ့ အရပ်က တည်းခိုခန်းဆောင်တစ်ခုရဲ့ ခေါင်မိုးပေါ်မှာ ကတ်စုဒွန်းပါဆယ်ထုပ်နဲ့အတူ ရောက်နေခဲ့ရပြီပေါ့။

မိုးပေါ်ကို မော့ကြည့်လိုက်တော့ လမင်းကြီး ဝင်းဝင်းပပ သာနေတော့သည်။

ကျွန်မလည်း လဲနေရာက လူးလဲထပြီး ယူးအိကျိအခန်းရဲ့ ပြတင်းပေါက်ကို လက်နဲ့ တဒေါက်ဒေါက် ခေါက်ကြည့်လိုက်တယ်။



ကျွန်မက တံခါးခေါက်ပေမယ့် တော်တော်နဲ့ ဘာသံမှမကြားလာရသေးတဲ့အတွက် ဒီအတိုင်းပဲ ရပ်စောင့်နေခဲ့ရတယ်။ မိုးရေတွေ စိုစွတ်နေတဲ့ ကျွန်မရဲ့ခြေထောက်တွေ ကြားထဲကနေ လေအေးတွေက တဟူးဟူးနဲ့တိုးဝင်နေကြတယ်။ ခဏကြာမှ လျှပ်စစ်မီးတွေ မွင့်လာပြီး ယူးအိကျိက ထိတ်လန့်တကြား ပြူတင်းပေါက်နားကို ထွက်လာတော့တယ်။

ပြတင်းပေါက်ဝမှာရပ်နေတဲ့ ကျွန်မရဲ့ကိုယ်တစ်ပိုင်းကို လှမ်းမြင်လိုက်တယ်ဆိုရင်ပဲသူက "ဟယ် မိခယ်"လို့ ပါးစပ်က ယောင်ပြီး ခေါ်လိုက်တယ်။ ဒါနဲ့ ကျွန်မက ခေါင်းညိတ်ပြရင်း ပြူတင်းပေါက်တံခါးကို နောက်တစ်ခါ ပြန်ခေါက်ပြလိုက်တော့မှ သူက ရေးကြီးသုတ်ပြာ ဖွင့်ပေးလာတယ်။ ပြီးတော့ ကျွန်မ ကမ်းပေးလိုက်တဲ့ အေးစက်နေတဲ့ လက်တွေကို ယုယုယယ ကိုင်တွယ်ရင်း ကျွန်မကို အထဲကို ဖေးကူပြီး သွင်းပေးရှာတယ်။

ရတ်တရက်လင်းထိန်လာလို့ ကျွန်မဟာ မျက်လုံးကို ပေကလပ်ပေကလပ်နဲ့ ဖွင့်လိုက်ပိတ်လိုက် လုပ်နေလိုက်မိတယ်။ အခန်းရဲ့အတွင်းက နွေးထွေးနေတဲ့အတွက် တခြားကမ္ဘာကို ရောက်သွားသလားလို့တောင် အောက်မေ့ရတယ်။ ဒီလိုနဲ့ ပျံ့လွင့်နေတဲ့ ကိုယ်ရဲ့စိတ်ကို ပြန်ပြီး တည်ငြိမ်လာအောင် ကြိုးစားထိန်းလိုက်ရတယ်။

"ကတ်စုဒွန် ကျွေးချင်လွန်းလို့ လိုက်လာခဲ့တာ"

ကျွန်မက ပြောလိုက်သည်။

"အရသာရှိလွန်းလို့ တစ်ယောက်တည်း စားရတာ ဘယ်လိုမှ စားမဝင်တာ သိရဲ့လား"

ကျွန်မက ပြောပြောဆိုဆိုနဲ့ပဲ ကျောပိုးအိတ်ထဲက ကတ်စုဒွန်းပါဆယ်ထုတ်ကလေးကို ထုတ်ပေးလိုက်တယ်။

ကြည်ပြာရောင် လျှပ်စစ်မီးရောင်ကလေးက မြက်ဖျားပေါ်မှာ ဖြန့်ကျက်နေတယ်။ တီဗွီက ထွက်လာတဲ့ သီချင်းသံ သဲ့သဲ့ကလေးကလည်း ငြိမ့်ငြိမ့်ညောင်းညောင်း လေထဲမှာ လွင့်မျောနေပြန်တယ်။ ကြမ်းပြင်ပေါ်မှာ ခင်းထားတဲ့ မွေ့ရာကတော့ ယူးအိကျို ထလာတုန်းက အတိုင်း ပုံ့ပုံ့ကလေး ဖြစ်နေတယ်။

"အရင်တစ်ခါတုန်းကလည်း ဒီလိုအဖြစ်မျိုး ကြုံဖူးခဲ့သလိုပဲ" ယူးအိကျိုက ပြောလိုက်သည်။

"အိမ်မက်ထဲမှာ ထင်ပါရဲ့။ အခုအဖြစ်အပျက်နဲ့ တစ်ထေရာတည်းပဲ"

"သီချင်းလေး ဘာလေး ဆိုကြရအောင်လား တို့နှစ်ယောက်သံပြိုင်ပေါ့"

ကျွန်မက ရယ်လိုက်တယ်။ ယူးအိကျိုရဲ့ မျက်နှာကို မြင်လိုက်ရတာနဲ့ ကျွန်မရင်ထဲက ပကတိအရှိတရားတွေဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်တော့တယ်။ အခုအချိန်အထိ တစ်ယောက်နဲ့တစ်ယောက် ခင်မင်းရင်းနှီးခဲ့ကြတာတွေ။ တစ်ခန်းထဲမှာ အတူတူနေခဲ့ကြတဲ့အတွေ့အကြုံတွေဟာ ဟိုးအဝေးမှာ လွင့်မျောပြီး ကျန်ရစ်



ခဲ့တော့တယ်။ သူ့ရဲ့နှလုံးသားဟာ လက်ရှိကမ္ဘာထဲ က ပျောက်ကွယ်သွားသလိုလည်း ခံစားလိုက်ရတယ်။ ပြီးတော့ ယူးအိကျိုရဲ့ စူးရှဝိုင်းစက်တဲ့ မျက်ဝန်းကြီးကိုလည်း ကျွန်မ အလိုလိုနေရင်း ကြောက်နေမိတယ်။

"ယူးအိကျို အားတော့နာပါရဲ့၊ ကျွန်မကို လက်ဖက်ရည်ပူပူတစ်ခွက်လောက် ပေးပါလား။ အခုချက်ချင်း ပြန်သွားရမှာမို့ပါ"

အခု အိပ်မက်မက်နေတယ်ဆိုရင်လည်း ထားလိုက်ပါတော့။ ကျွန်မက အဲဒီလို တောင်းဆိုလိုက်မိတယ်။

"အင်း"လို့ပြောပြီး သူက ဓာတ်ဘူးနဲ့ လက်ဖက်ရည်အိုးကို သယ်ချလာတယ်။ ပြီးမှ အငွေ့တထောင်းထောင်း ထွက်နေတဲ့ လက်ဖက်ရည် ပန်းကန်ကလေးကို ကမ်းလာတဲ့အတွက် ကျွန်မက အငမ်းမရ မှုတ်သောက်လိုက်တယ်။ ချက်ချင်း လန်းဆန်းသွားတယ်။

ပြီးတော့ အခန်းထဲက လေးလံလှတဲ့ လေထုရဲ့ ထိတွေ့မှုကို ခံစားလိုက်ရတယ်။ အမှန်တော့ အခုလိုဆုံတွေ့နေရတာ ယူးအိကျိုအတွက် အိပ်မက်ဆိုးများ ဖြစ်နေမလားလို့လည်း တွေးလိုက်မိတယ်။ ဒီမှာ ကြာကြာဆက်နေရင်နေသလောက် ကျွန်မဟာ အဲဒီ အိပ်မက်ဆိုးရဲ့အစိတ်အပိုင်းတစ်ခု မှန်ဝါးဝါး အရိပ်သဏ္ဌာန်အဖြစ်နဲ့ ပျောက်ကွယ်သွားရတော့မှာ သေချာတယ်။ ဒါနဲ့ ကျွန်မက အခုလို ပြောလိုက်မိတယ်။

"ယူးအိကျို၊ အမှန်တော့ ရှင် အိမ်ကို မပြန်ချင်သေးဘူးမဟုတ်လား။ အခုအချိန်အထိ ခံစားခဲ့ရတဲ့ ခါးသီးတဲ့ဘဝထဲက ရုန်းထွက်ပြီး လူသစ်စိတ်သစ် ဖြစ်လာအောင် ကြိုးစားနေချင်တုန်းပဲ မဟုတ်လား။ ကျွန်မကို မညာချင်စမ်းပါနဲ့ရှင်။ ကျွန်မ ကောင်းကောင်း သဘောပေါက်ပါတယ်"

ကျွန်မရဲ့ စကားလုံးတွေဟာ ဒမ္ဗာလင့်ချက်ကင်းမဲ့တဲ့ အရိပ်အရောင်တွေ လွှမ်းနေတာ မှန်ပေမဲ့ ထူးထူးခြားခြား တည်ငြိမ်လို့နေပြန်တယ်။

"ကဲ-ကဲ ဘာပဲဖြစ်ဖြစ် ခုတော့ အရသာရှိတဲ့ ကတ်စုဒွန်းကလေးကို စားလိုက်ပါဦးလေ"

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခိုက်အတန့်ကလေးမှာ ကျွန်မရဲ့ ရင်ဟာ မျက်ရည်တွေ လျှံထွက်မတတ် မွန်းကျပ်လာတော့တယ်။ ယူးအိကျိုက မျက်လွှာချပြီး ကတ်စုဒွန်းထုပ်ကလေးကို လှမ်းယူလိုက်တယ်။ မွန်းကျပ်နေတဲ့ လေထုအတွင်းမှာ ကျွန်မတို့တစ်တွေဟာ ရှေ့မှာဘာတွေဖြစ်လာဦးမယ်ဆိုတာကို မသိရတဲ့ကံကြမ္မာက ခြောက်လှန့်နေတော့တယ်။

"ဟယ် မိခယ်ရဲ့ လက်က ဘာဖြစ်လာတာလဲ"

ပွန်းပဲ့နေတဲ့ ကျွန်မရဲ့လက်ကို ကြည့်ပြီး ယူးအိကျိုက ဆိုလာတယ်။



"ဒါတွေ ထားလိုက်ပါလေ။ ဟင်းပူနေတုန်း မြန်မြန် စားလိုက်ပါဦး"

ကျွန်မက အဲဒီလိုပြောပြီး ကျွန်မရဲ့ လက်ကလေးကို ဖြန့်ပြလိုက်တယ်။ သူက ကျွန်မရဲ့ လက်ကလေးကို အကြာကြီး ငေးစိုက်ကြည့်နေပြီးမှ စောစောက ဆိုင်ရှင်ဦးကြီး တယုတယ ထုပ်ပေးခဲ့တဲ့ အထုပ်ကလေးကို ဖြေပြီး စစားတော့တယ်။

သူစားနေတာကိုကြည့်ပြီး ကျွန်မရင်ထဲမှာ အတော်ကြီး ပေါ့သွားတယ်လေ။ အင်း လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်ရပြီပဲလို့ တွေးကာ ကျေနပ်နေမိပြန်တယ်။ ကျွန်မ သဘောပေါက်လိုက်မိတယ်။ ပျော်စရာအလွန်ကောင်းတဲ့ အတိတ်ကာလက ကျောက်မျက်ရတနာကလေးတစ်လုံးဟာ အိပ်ပျော်နေရာက ရုတ်တရက် နိုးထလာပြီး ကျွန်မတို့နှစ်ယောက်ကို လှုပ်နှိုးလိုက်တယ်။ ရန့်မွှေးကြိုင်ပြီး နွေးထွေးလတ်ဆတ်တဲ့ လေကလေးက ကျွန်မရဲ့ နှလုံးသားကို တိုက်ခိုက်လိုက်သလို လွှမ်းမောဖွယ် အတိတ်ကို ပြန်လည် မြင်ယောင်လာမိတော့တယ်။ ပျော်စရာကောင်းတဲ့ မိသားစုဘဝကလေးကိုပေါ့။ အဲရီကိုးအပြန်ကိုစောင့်ရင်း ကျွန်မတို့ နှစ်ယောက်သား ကွန်ပျူတာဂိမ်းကစားနေခဲ့ကြတဲ့ ညတစ်ညမှာပေါ့။ အဲဒီနောက်မှ ကျွန်မတို့ သုံးယောက်သားဟာ ငိုက်မြည်းနေတဲ့ မျက်လုံးတွေကို ပွတ်သပ်ရင်း အပြင်ဘက်မှာ ခေါက်ဆွဲကြော်ထွက်စားကြတယ်။ အလုပ်က ပင်ပန်းလာတဲ့ ကျွန်မကို ယူးအိကျိုက ထူးဆန်းတဲ့ ရုပ်ပြ ကာတွန်းစာအုပ်တစ်အုပ်ကို ကမ်းပေးလာတယ်။ အဲရီကိုးက အဲဒီစာအုပ်ကို ယူဖတ်ပြီး

မျက်ရည်ထွက်မတတ် ခွက်ထိုးခွက်လှန် ရယ်ခဲ့တယ်လေ။ ပြီးတော့ ကြည်လင်သာယာလှတဲ့ တနင်္ဂနွေနေ့နံနက်ခင်းနဲ့ မွှေးကြိုင်လှတဲ့ ကြက်ဥမွှေကြော်ဟင်းရဲ့ရနံ့တွေ၊ ကျွန်မ အိပ်ငိုက်လို့လှဲနေတုန်း ကြင်ကြင်နာနာ လွှမ်းခြုံပေးလာတဲ့ စောင်ကလေးရဲ့ နူးညံ့လှတဲ့ အထိအတွေ့။ ကျွန်မကို အိပ်ရာက ဖျတ်ခနဲနိုးလာအောင် လုပ်ခဲ့တဲ့ အဲရီကိုးရဲ့ ခြေသံကလေးတွေ၊ စကတ်လှုပ်သံလေးတွေ စတဲ့ အတိတ်က အရိပ်တွေကို တရေးရေး မြင်ယောင်လာတော့တယ်။ အလုပ်က မှုးပြီးပြန်လာတဲ့ အဲရီကိုးကို နှစ်ယောက်သား ပွေ့ဖက်ပြီး အိပ်ရာထဲကို ပို့ပေးခဲ့ရတာတွေ။ နွေဦးညမှာ အပြင်ထွက်ကဖို့ ယူကတာကီမိုနို ကို အဲရီကိုးက ဝတ်ဆင်ပေးခဲ့ပုံ၊ ညနေချမ်းမှာ ပုစဉ်းနီရောင် ဝတ်စုံကလေးတွေနဲ့ တပျော်တပါး ကခုန်ခဲ့ကြပုံတွေ။

အတိတ်က ဆွတ်မောစရာအဖြစ်ကလေးတွေဟာ ကျွန်မရဲ့ ဦးနှောက်ထဲမှ အမြဲပဲ လန်းဆန်းထွန်းလင်းနေခဲ့တော့တယ်။ အချိန်ကြာလေ ပိုပြီးအောက်မေ့လာလေပဲ။ ကျွန်မနဲ့ ယူးအိကျိတို့ အတူတူစားခဲ့သောက်ခဲ့ကြတဲ့ နေ့တွေ ညတွေဟာလည်း မနည်းတော့ဘူး။

ယူးအိကျိက အမှတ်တမဲ့ အခုလို ပြောလာတယ်။

“ဘာ့ကြောင့်ရယ် မသိဘူးနော်။ မိခင်ယ်နဲ့ အတူတူ စားရရင် အစားအစာတွေဟာ အရသာ ရှိရှိနေတတ်တယ်”

ကျွန်မ ရယ်လိုက်တယ်။ ပြီးမှ “ဆာလောင်မွတ်သိပ်နေတဲ့စိတ်ရယ်၊ တဏှာစိတ်တွေရယ် ဝသွားလို့ နေမှာပေါ့“လို့ ပြောလိုက်တယ်။



“ဟာ မဟုတ်ဘူး မဟုတ်ဘူး”

ယူးအိကျိက ရောယောင်ရယ်မောရင်း အခုလို ပြောလာတယ်။

“မွေးထွေးတဲ့မိသားစုရဲ့ ချမ်းသာ သုခကလေးကို ခံစားရလို့ နေမှာပါကွာ”

အဲရီကိုး ဆုံးသွားပြီးပေမယ့် ကျွန်မတို့ရဲ့ နှစ်ယောက်ကြားမှာ မွေးထွေးတဲ့ သာယာမှုကလေးတွေ ပြန်ပြီး ဖြစ်ထွန်းလာပြန်တော့တယ်။ ယူးအိကျိက ကတ်စုဒွန်းကို အားရပါးရစားနေတယ်။ ကျွန်မ ရေနွေးကို တစ်ခွက်ပြီးတစ်ခွက် သောက်နေမိတယ်။ ညအမှောင်ဟာ ရှင်သန်နိုးထသလိုပဲ ခံစားလာရတယ်။ ကျွန်မဖြင့် အတော်ကြီးကို ကျေနပ်သွားမိတယ်။

“ကဲ ဒါဆို ကျွန်မပြန်တော့မယ်နော်”

ကျွန်မက ထရပ်လိုက်တယ်။

“ဟယ် ပြန်တော့မယ်လား”

ယူးအိကျိက တအံ့တဩ ပြန်မေးလိုက်တယ်။

“အဲ ပြီးတော့ အခု ဘယ်ကို ပြန်မှာလဲ။ ဘယ်က လာခဲ့တာလဲဟင်”

“ဟုတ်တယ်။ ဟုတ်တယ်” ကျွန်မက နှာခေါင်းကလေးကို ရှုံ့ပြီး နောက်ပြောလိုက်တယ်။ “ရှင့်ကို အဲဒါတွေ အမှန်အတိုင်း

ပြောလိုက်ရင် အခုမြင်မက်နေတဲ့ အိပ်မက်လှလှကလေးကနေ နိုးသွားမှာပေါ့” ဒါပေမဲ့ ကျွန်မ ကြာကြာကြီး ဟန်မဆောင်နိုင်ပါဘူးရှင်။ ပါးစပ်က အခုလို ပြောမိရက်သား ဖြစ်သွားတယ်။

“ကျွန်မလေ အိဇူကနေ ဒီအထိ တက္ကစီငှားပြီး ပြေးလာခဲ့ရတာ။ ပြီးတော့လေ ကျွန်မ ယူးအိကျိုကို အပျောက်မခံနိုင်တော့ဘူး။ ယူးအိကျို၊ ကျွန်မတို့နှစ်ယောက်စလုံး အထီးကျန်တဲ့ဘဝကို ဘာသိဘာသာ ခံစားခဲ့ကြတယ်နော်။ သေခြင်းတရားဆိုတာ သိပ်ပြီးလေးလံတယ်။ အဲဒီ သေခြင်းတရားကို လေးလေးနက်နက် မသိသေးတဲ့ ကျွန်မတို့အဖို့ ဒီလို ရင်ဆိုင်ရုံပဲ ရှိတော့တာပေါ့။ နောက်ပိုင်းမှာလည်း ရှင်နဲ့ကျွန်မ အတူတူ အခက်အခဲတွေ စိတ်ညစ်စရာတွေ တစ်ပြုံကြီးတွေ့သွားကြရဦးမှာပဲ။ ဒါပေမဲ့ ကျွန်မလေ ယူးအိကျိုသာ ဘေးမှာရှိနေခဲ့မယ်ဆိုရင် ဒီထက် အပြန်တစ်ရာ ဆိုးဝါးတဲ့ အခက်အခဲတွေဖြစ်ပါစေ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး ပိုမိုချမ်းမြေ့စရာကောင်းပြီး တောက်ပတဲ့ အနာဂတ်ခရီးကို ဆက်သွားဝံ့ပါတယ်။ ယူးအိကျို ကိုယ့်ရောစိတ်ပါ ပြန်ပြီး လန်းဆန်းလာအောင် ကြိုးစားလိုက်ပါဦးလေ။ ပြီးမှ ဒီအကြောင်းတွေကို ဖြည်းဖြည်းစဉ်းစားတာပေါ့။ အခု လောလောဆယ်တော့ ကျွန်မရဲ့မျက်စိအောက်က ကိုယ်ရောင် ဖျောက်မသွားလိုက်ပါနဲ့ဦးရှင်ရယ်”

ယူးအိကျိုက လက်ကတုကို ချလိုက်ပြီး ကျွန်မရဲ့ မျက်နှာကို အကြာပြီး စိုက်ကြည့်နေတော့တယ်။ ပြီးမှ အခုလို တစ်လုံးချင်း



ပြောလာတယ်။

“ဒီကတ်စုဒွန်းလောက် အရသာရှိတဲ့ အစားအစာမျိုးကို ကိုယ့်တစ်သက်မှာ တစ်ခါမှ မစားဖူးသေးဘူး။ အတော့်ကို စားလို့ကောင်းတာပဲကွယ်”

“ဟုတ်လား”

ကျွန်မက ရယ်ပြီး ပြောလိုက်တယ်။

“လောလောဆယ်တော့ ကိုယ်ဟာ အတော့်ကို ပျော့ညံ့နေပါသေးတယ်။ နောက်တစ်ခါ ပြန်ဆုံကြရင် ဒီ့ထက် ယောကျ်ားပီသအောင် ဒီထက် စိတ်ဓာတ်ခိုင်မာလာအောင် ကိုယ် ကြိုးစားပြပါမယ်”

ယူးအိကျိုကလည်း ကျွန်မနဲ့အတူ ရယ်လိုက်တယ်။

“တကယ်ပြောတာလားဟင်။ ဒါဆို ကျွန်မယုံအောင် ရှင့်ရှေ့က တယ်လီဖုန်းစာအုပ်ကြီးကို ဆုပ်ဖြဲပြစမ်းပါ”

“တယ်လီဖုန်းစာအုပ်က အပျော့ပေါ့။ မင်းခိုင်းမယ်ဆိုရင် မော်တော်ကားကြီးကိုတောင် မပြီး လွှင့်ပစ်ပြရဲပါတယ်”

“ထရပ်ကားကြီးကိုလည်း နံရံနဲ့ ဆောင့်တွန်းပြီး ဖျ ြပြရဲတယ်ဆိုပါတော့”

“ဒါဆို ကိုယ်က မိုက်ရူးရဲဖြစ်သွားမှာပေါ့”

ယူးအိကျိုရဲ့ မျက်နှာက ဝင်းခနဲ ပြုံးလာတယ်။ ကျွန်မအဖို့

သူ့ရဲ့ရင်ထဲက နက်ရှိုင်းတဲ့နေရာမှာ ရှိတဲ့ နှလုံးသားကို ထိတွေ့သွားသလို ခံစားလိုက်ရတော့တယ်။

"ကဲ ကဲသွားတော့မယ်နော်။ တော်ကြာ တက္ကစီဒရိုင်ဘာကြီးက စိတ်မရှည်ဘဲ ထွက်သွားမှဖြင့်"

ကျွန်မက အဲဒီလိုပြောပြီး တံခါးဝဆီကို ထွက်လာခဲ့တော့တယ်။

"မိခငယ်"

ယူးအိကျိက နောက်က လှမ်းခေါ်လိုက်တယ်။

"ဟင်"

ကျွန်မက ပြန်လှည့်ကြည့်လိုက်တယ်။

"သတိထားပြီးပြန်နော်"လို့ သူက မှာရှာတယ်။

ကျွန်မက ပြုံးပြီး လက်ရမ်းပြလိုက်တယ်။ ပြီးမှ တံခါးကိုဖွင့်ပြီး တက္ကဆီရှိရာကို ပြေးထွက်လာခဲ့မိတော့တယ်။

***

ဟော်တယ်ခန်းကို ပြန်ရောက်တော့ ကျွန်မဟာ ဂွမ်းစောင်အောက်မှာ ချက်ချင်းဝင်ကွေးလိုက်တော့တယ်။ ပြီးတော့ လေနွေးပေးစက်ကို တောက်လျှောက်ဖွင့်ပြီး မှေးခနဲ အိပ်ပျော်သွားခဲ့တော့တယ်။

***



ဝရန်တာဆီက တချပ်ချပ်မြည်နေတဲ့ ဖိနပ်သံတွေနဲ့အတူ ဟော်တယ်က အလုပ်သမားတွေရဲ့ စကားသံတွေကြောင့် နိုးလာတဲ့အခါ ရာသီဥတုဟာ အတော်ကြီးပြောင်းလဲနေခဲ့ပြီဆိုတာ သိလိုက်ရတယ်။ ခေတ်မီပြီး ကြီးမားခံ့ညားလှတဲ့ ပြူတင်းပေါက်ကြီးတွေရဲ့ အပြင်ဘက်မှာတော့ လေတွေက တဟူးဟူးတိုက်ခတ်နေပြီး ခဲသားရောင်နှင်းလွှာထုတွေ ရောပြွန်းနေတဲ့ တိမ်တိုက်တွေဟာ တရိပ်ရိပ်ပြေးလွှားနေကြတယ်။

မနေ့ညက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေက အိပ်မက်လိုဖြစ်ပြီး ကျန်ရစ်ခဲ့ကြပြီ။ ကျွန်မလည်း အိပ်ချင်မူးတူးနဲ့ အိပ်ရာကထပြီး အခန်းမီးကို ဖွင့်လိုက်တယ်။ ပြူတင်းပေါက်ဘောင်ကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ဝေ့ဝိုက်ကျဆင်းနေတဲ့ နှင်းလွှာထုတွေကြောင့် တောင်ထိပ်ကလေးတွေပေါ်မှာ ဖြူဖွေးနေတဲ့ နှင်းခမောက်ကလေးတွေဆောင်းထားတာကို လှမ်းမြင်နေရတယ်။ အခန်းထဲမှာ ပူနွေးပြီး လင်းထိန်နေတော့တယ်။

ဒါနဲ့ ကျွန်မလည်း စောင်အောက်ကိုဝင်ပြီး ပြန်ကွေးလိုက်တယ်။ စောင်အောက်ကနေ အပြင်ဘက်မှာ ကြမ်းကြမ်းရမ်းရမ်း တိုက်ခတ်နေတဲ့ နှင်းမုန်တိုင်းကို ငေးကြည့်နေလိုက်ပြန်တယ်။ ကျွန်မရဲ့ ပါးနှစ်ဖက်စလုံးလည်း အေးလွန်းလို့ နီရဲနေကြပြီ။

အဲရိုကိုးစံကိုတော့ ဒီကရှေ့လျှောက်တွေ့ရမှာ မဟုတ်တော့ဘူးလေ။ ကျွန်မဟာ ရှေ့မှာတွေ့နေရတဲ့ ရှုခင်းကို ငေးကြည့်နေရင်း ပကတိအဖြစ်တရားကို စပြီး သဘောပေါက်လက်ခံလိုက်ရတော့

တယ်။ ကျွန်မနဲ့ ယူအိကျိတို့ ဘယ်လိုပဲ ဖြစ်လာပါစေ . . . လူ့ဘဝ တစ်လျှောက်လုံး ဘယ်လိုပဲ ပျော်ပျော်ကြီး လျှောက်လှမ်းနိုင်ပါစေ အဲရိုကိုးကိုတော့ ဘယ်လိုမှ ပြန်တွေ့နိုင်မှာ မဟုတ်တော့ပါလားလို့ တွေးနေမိတော့တယ်။

လူတွေက မြစ်ကမ်းပါးမှာ ချမ်းချမ်းစီးစီး လမ်းလျှောက်နေကြတယ်။ မော်တော်ကားတွေရဲ့ခေါင်မိုးပေါ်မှာတော့ ဖြူဖွေးတဲ့ နှင်းလွှာပါးကလေးတွေ တင်နေကြတယ်။ သစ်ပင်သစ်ကိုင်းတွေကလည်း နှင်းမှုန်တိုင်းအောက်မှာ ဘယ်ညာယိမ်းပြီး လှုပ်ရမ်းနေကြတယ်။ သစ်ကိုင်းခြောက်တွေဆီက ရွက်ဝါကလေးတွေလည်း တဖွဲဖွဲ ကြွေကျနေကြတယ်။ ခေတ်မီဝင်းတံခါးရဲ့သတ္တုဘောင်ကြီးတွေကတော့ နေရောင်အောက်မှာ ဝင်းလက်နေကြတယ်။

ခဏကြာတော့ ဆရာမက

"ဆာကူရာအိစံ နိုးနေပြီလားကွယ့်။ အပြင်ကို ကြည့်လိုက်စမ်းပါဦးကွယ်။ နှင်းတွေ ကျနေလိုက်တာ"လို့ လှမ်းနိုးရင်း ပြောလိုက်တဲ့အသံ အခန်းတံခါးဝကို ရိုက်ခတ်လာတော့တယ်။

ကျွန်မက "ဟုတ်ကဲ့ နိုးပါပြီ ဆရာမ"လို့ အော်ပြောလိုက်ပြီး အိပ်ရာထဲက ထလာခဲ့ရတော့တယ်။ ပြီးတော့ အင်္ကျီအဝတ်အစားတွေ လဲလိုက်တယ်။ တစ်နေ့တာရဲ့ဘဝကို စရတော့မယ်လေ။ အခုလိုပဲ တစ်ရက်ပြီးတစ်ရက် ခရီးဆက်သွားရဦးတော့မှာပေါ့။



နောက်ဆုံးနေ့မှာ ကျွန်မတို့ဟာ ရှိမိုဒါဟော်တယ်မှာ ပြင်သစ်အစားအစာ ချက်နည်းကို သရုပ်ပြ သင်ပေးခဲ့ကြတယ်။ အဲဒီညမှာပဲ ဟော်တယ်ပိုင်ရှင်တွေက ကျွန်မတို့ကို မယုံကြည်နိုင်လောက်အောင် ခမ်းနားလှတဲ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပပေးခဲ့ကြတယ်။

ကျွန်မနဲ့အတူ လိုက်လာတဲ့သူတွေက စောစောအိပ်တတ်တော့ ထမင်းစားပြီးတာနဲ့ ချက်ချင်းပဲ အိပ်ရာထဲ ဝင်ကြတယ်။ ညစောစော မအိပ်တတ်တဲ့ ကျွန်မအဖို့ တစ်ယောက်တည်း ကြောင်ပြီး ကျန်ရစ်ခဲ့တဲ့အတွက် သဲသောင်ပြင်ဘက်ကို လမ်းလျှောက်ထွက်လာခဲ့ရတော့တယ်။

အပေါ်က ကုတ်အင်္ကျီထူထူဝတ်ပြီး ခြေအိတ်တွေ စွပ်ထားတဲ့တိုင်အောင် ပါးစပ်ကအသံထွက်ပြီး ညည်းရလောက်အောင် ချမ်းစိမ့်နေတော့တယ်။ ဒါနဲ့ ကျွန်မလည်း လမ်းဘေးက အလိုအလျောက်ဈေးရောင်းစက်ထဲကနေ စည်သွတ်ကော်ဖီဘူးကလေးကိုဝယ်ပြီး ကုတ်အင်္ကျီဘေးအိတ်ထဲကို ထည့်လာခဲ့ရတယ်။ အတော့်ကို ပူနွေးတာပဲ။

ကျွန်မဟာ ပင်လယ်ကမ်းစပ်မှာရှိတဲ့ကတုတ်နံရံပေါ်မှာ ရပ်ရင်း ဖြူဖွေးနေတဲ့ သဲသောင်ပြင်ရဲ့ ရှုခင်းကို ငေးမောကြည့်နေမိတယ်။ ပင်လယ်ပြင်ကြီးကတော့ မည်းမှောင်လို့နေတယ်။ တစ်ခါတစ်ခါ လှိုင်းခေါင်းဖြူကလေးတွေ ထ ထလာတာကိုပဲ လှမ်းမြင်နေရတယ်။

မြောက်ပြန်လေတွေက စဉ်ဆက်မပြတ် တိုက်ခတ်နေတဲ့အတွက် ခေါင်းထဲမှာလည်း တဝီဝီနဲ့ ကြားနေရတယ်။ ကျွန်မဟာ ကွန်ကရစ်လှေကားကလေးအတိုင်း ပင်လယ်ကမ်းစပ်ဆီကို ဆင်းလာခဲ့မိတယ်။

ခြေထောက်အောက်က သဲမှုန်တွေကို နင်းမိတိုင်း စိမ့်ခနဲ စိမ့်ခနဲ အေးလာမိတော့တယ်။ ကျွန်မဟာ ကော်ဖိပုပုကလေးကို ဖျော်သောက်ရင်း ကမ်းခြေအတိုင်း လျှောက်တက်လာမိခဲ့တယ်။

အတိုင်းမသိ ကျယ်ပြောတဲ့ ပင်လယ်ပြင်ကြီးဟာ ညအမှောင်ထုရဲ့ အောက်မှာ တဝေါဝေါနဲ့ မြည်ဟီးနေတော့တယ်။ ကျောက်ဆောင်ကျောက်ဆွယ်တွေကို ခေါင်းနဲ့ပြေးပြေးဆောင့်ပြီး ဖွာခနဲ ဖွာခနဲ မြောက်တက်လာတဲ့ ရေပန်းတွေကိုလည်း လှမ်းမြင်နေရတယ်။

အဲဒီရှုခင်းကို ငေးကြည့်နေရင်းက ကျွန်မရဲ့ရင်ထဲမှာ ထူးဆန်းပြီး ချိုမြိန်လှတဲ့ လွမ်းဆွေးမှုကလေးတစ်ခုကို ခံစားလာရတယ်။

ဟင်း–အခုအချိန်ကစပြီး ရှေ့လျှောက်စိတ်ညစ်စရာတွေ တပြုံတခေါင်းကြီး တွေ့ရဦးမှာ ဖြစ်သလို ပျော်စရာတွေလည်း ဒုနဲ့ဒေးရှိနေဦးမှာပဲလေ။ ယူးအိကျိုနဲ့အတူတူပဲဖြစ်ဖြစ် ဒါမှ မဟုတ် ယူးအိကျိုမရှိတော့ဘဲ တစ်ယောက်တည်း ဖြစ်ဖြစ်ပေါ့။

ကျွန်မက ချမ်းအေးလှတဲ့ လေထုအောက်မှာ အဲဒီလို တွေးလိုက်မိတယ်။

အကော်ခပ်လှမ်းလှမ်းမှာရှိတဲ့ မီးပြတိုက်က ထွက်လာတဲ့ အလင်းတန်းကလေးဟာ ဝေ့ဝိုက်လှုပ်ရှားနေတယ်။ မီးရောင်တွေဟာ ကျွန်မဘက်ဆီကို တိုးလာပြီးတဲ့နောက် အဝေးကို ရွေ့လျားသွားကြပြန်တယ်။ အဲဒီနောက် ပင်လယ်ကြောတစ်လျှောက်မှာ အလင်းလမ်းကလေးကို ခင်းပေးလိုက်ပြန်တယ်။



အားရအောင် လမ်းလျှောက်ပြီးနောက် နှာရည်တရွှဲရွှဲ ထွက်လာတဲ့အတွက် ကျွန်မဟာ ဟိုတယ်အခန်းဆီကို ပြန်လှည့်လာခဲ့ရတယ်။ အခန်းထဲကိုရောက်တော့ ရေနွေးတစ်အိုးတည်လိုက်ပြီး ရေချိုးခန်းထဲမှာ ရေနွေးနဲ့ ရေချိုးလိုက်တယ်။ ပြီးမှ ထူထဲနွေးထွေးတဲ့ ညဝတ်အင်္ကျီကို ဝတ်လိုက်ပြီး အိပ်ရာပေါ်မှာ ထိုင်နေတုန်း တယ်လီဖုန်းခေါင်းလောင်းက မြည်လာတယ်။ စကားပြောခွက်ကို ကောက်ကိုင်လိုက်တော့ ဟိုတယ်ကောင်တာက လှမ်းပြောတဲ့ စကားကို ကြားလိုက်ရတယ်။

"အပြင်က တယ်လီဖုန်းလာနေတယ်။ အဲဒီအတိုင်း ဆက်ကိုင်ထားနော်"

ပြူတင်းပေါက်ရဲ့အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ပန်းခြံကလေးရယ်၊ မှောင်ပြပြဖြစ်နေတဲ့ မြက်ခင်းကလေးရယ်၊ ဖြူဖွေးတဲ့ ဂိတ်ဝတံခါးကလေးရယ်ကို လှမ်းမြင်နေရတယ်။ ပန်းခြံကလေးရဲ့ တစ်ဖက်မှာတော့ စောစောက ကျွန်မလမ်းလျှောက်နေတဲ့ သဲသောင်ခုံကလေးရယ်၊ လှိုင်းထနေတဲ့ ပင်လယ်ကြီးရယ် ရှိနေကြတယ်လေ။ တစ်ခါတစ်ခါ လှိုင်းသံသဲ့သဲ့ကို ကြားကြားနေရတယ်။

"ဟဲလို ဟဲလို"

ယူးအိကျိုရဲ့အသံကို ကြားလာရတယ်။

"အင်း အခုမှပဲ တွေ့ရတော့တယ်။ လိုက်ရှာရတာ [illegible]နပြီ"

"ဟယ် သူ ဘယ်က ဆက်နေတာ [illegible]"

ကျွန်မက ရယ်မောရင်း မေးလိုက်တယ်။ ရင်ထဲမှာလည်း တဖြည်းဖြည်း အေးမြလာတယ်။

"တိုကျိုကလေ"

ယူးအိကျိုက ပြန်ဖြေလိုက်တယ်။

ကျွန်မ အကြားချင်ဆုံး အဖြေကို အပြီးသတ်ဖြေလိုက်သလိုပဲ ရင်ထဲမှာ ခံစားလိုက်ရတယ်။

"ကျွန်မလည်း ဒီနေ့ည ဒီမှာနောက်ဆုံးပဲ။ နက်ဖြန် ပြန်လာခဲ့မယ်" ကျွန်မက ပြန်ပြောလိုက်တယ်။

"အစားကောင်း အသောက်ကောင်းတွေအဲဒီမှာ အများကြီးစားခဲ့ရမှာပေါ့"

"အွန်း ဆာရှိမိရယ်၊ ကျောက်ပုစွန်ရယ်၊ တောဝက်သားပေါင်းရယ်၊ အဲဒီညနေတော့ ပြင်သစ် အစားအစာလေ။ အစားတွေ များလွန်းလို့ နည်းနည်းတောင် ပိုဝလာတယ်။ ဒါနဲ့ ငါးရှဉ့်ကြပ်တိုက်ရယ်၊ ဝါဆာဗီရယ်၊ လက်ဖက်ခြောက်တွေရယ် ပါဆယ်လုပ်ပြီး ကျွန်မ နေတဲ့ အဆောင်ကို စာတိုက်ကနေ ပို့ထားတယ်။ စားချင်ရင် သွားယူစားပါလား"

"ဟယ် ဘာဖြစ်လို့ ဆာရှိမိနဲ့ ကျောက်ပုစွန်ကိုတော့ မပို့ရတာလဲ"

"အဲဒါတွေ ဝယ်ဖို့ အချိန်မရတော့လို့ပါ"



ကျွန်မက ရယ်မောရင်း ပြောလိုက်တယ်။

"ဒါဆို နက်ဖြန် ဘူတာကို လာကြိုနေမယ်။ ဆက်ဆက် ဝယ်ဖြစ်အောင် ဝယ်ခဲ့နော်။ ဒါနဲ့ ရထားက ဘယ်အချိန် ဆိုက်မှာလဲ"

ယူးအိကျိုက အတော်ကြီးပျော်နေတဲ့ပုံမျိုးနဲ့ လှမ်းမေးလိုက်တယ်။

ကျွန်မရဲ့ အခန်းကလေးက နွေးထွေးနေတော့တယ်။ မိုးဖိုပေါ်က ရေနွေးအိုးဆူသံကို ကြားနေရတယ်။

ကျွန်မကတော့ ယူးအိကျိုကို မနက်ဖြန် တိုကျိုဘူတာမှာ ဆိုက်မဲ့ ပလက်ဖောင်းနံပါတ်နဲ့ အချိန်နာရီကို စိတ်ရှည်လက်ရှည် အသေးစိတ် ရှင်းပြနေခဲ့မိတယ်လေ။

❋